# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်

# အမျိုးသားစီမံကိန်း

# ကဏ္ဍအလိုက်မူဝါဒ၊ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ၂ | ၃ |
| | နောက်ဆက်တွဲ - ၁ | |
| | ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ် | |
| | လယ်ယာကဏ္ဍ | |
| ၁ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၁ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | သားငါးကဏ္ဍ | |
| ၂ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၆ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | သစ်တောကဏ္ဍ | |
| ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၁၁ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | စွမ်းအင်ကဏ္ဍ | |
| ၄ | စွမ်းအင် | ၁၄ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ၂ | ၃ |
| | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | |
| ၅ | သတ္တုတွင်း | ၁၈ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | စက်မှုလက်မှုကဏ္ဍ | |
| ၆ | စက်မှု | ၂၁ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | လျှပ်စစ်ဓာတ်အားကဏ္ဍ | |
| ၇ | လျှပ်စစ်စွမ်းအား | ၂၅ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ဆောက်လုပ်မှုကဏ္ဍ | |
| ၈ | ဆောက်လုပ်ရေး | ၂၉ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ၂ | ၃ |
| | ပို့ဆောင်ရေးကဏ္ဍ | |
| ၉ | ပို့ဆောင်ရေး | ၃၆ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ရထားပို့ဆောင်ရေး | ၄၁ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ဆက်သွယ်ရေးကဏ္ဍ | |
| ၁၀ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၄၄ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ငွေရေးကြေးရေးကဏ္ဍ | |
| ၁၁ | ဘဏ္ဍာရေးနှင့်အခွန် | ၄၈ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | | ၂ | ၃ |
| | | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | |
| | ၁၂ | ပညာရေး | ၅၄ |
| | | အခြေခံပညာ | ၅၄ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | အဆင့်မြင့်ပညာ | ၅၄ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၃ | ကျန်းမာရေး | ၆၁ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၄ | ကာကွယ်ရေး | ၆၆ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၅ | သိပ္ပံနှင့်နည်းပညာ | ၇၀ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

## မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | | ၂ | ၃ |
| | | လူမှုရေးကဏ္ဍများ | |
| | ၁၆ | ပြန်ကြားရေး | ၇၃ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၇ | သာသနာရေး | ၈၇ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၈ | အားကစား | ၈၉ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၁၉ | ယဉ်ကျေးမှု | ၉၁ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၂၀ | အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၉၈ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ၂ | ၃ |
| ၂၁ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၁၀၉ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | စီမံခန့်ခွဲရေးကဏ္ဍများ | |
| ၂၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၁၂၅ |
| | လုပ်ငန်းစဉ် | |
| ၂၃ | လွှတ်တော်ရုံး | ၁၂၆ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| ၂၄ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၂၇ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| ၂၅ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၂၉ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

### မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- | --- |
| ၁ | | ၂ | ၃ |
| | ၂၆ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၃၀ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး | ၁၃၂ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) | ၁၃၄ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) | ၁၃၆ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ဝန်ထမ်းရေးရာဦးစီး | ၁၃၇ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၂၇ | ပြည်ထဲရေး | ၁၃၉ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

## မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | | ၂ | ၃ |
| | ၂၈ | နယ်စပ်ရေးရာ | ၁၇၉ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၂၉ | နိုင်ငံခြားရေး | ၁၈၃ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၃၀ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၁၈၆ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | ၃၁ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၁၈၉ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ဝန်ဆောင်မှုကဏ္ဍ | |
| | ၃၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၂၀၀ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ

မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | | ၂ | ၃ |
| | ၃၃ | သမဝါယမ | ၂၀၄ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ကုန်သွယ်ရေးကဏ္ဍ | |
| | ၃၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၀၅ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ်

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း**

(၁) မူဝါဒ များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) ရေမြေဒေသ အခြေအနေနှင့် ကိုက်ညီပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ် သုံးစွဲ စိုက်ပျိုးရေးကို ဆောင်ရွက်ရေး၊

(ခခ) တောင်သူလယ်သမားများနှင့် ဝန်ထမ်းများအား စိုက်ပျိုးရေး နည်းပညာများ လေ့ကျင့်ပညာပေးခြင်း၊ စိုက်ပျိုးရေး ပညာရှင်များ မွေးထုတ်ပေးခြင်း၊ စိုက်ပျိုးရေး ဘာသာရပ်အား တိုးချဲ့ သင်ကြား ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရေး၊

(ဂဂ) လယ်ယာကဏ္ဍ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်သွားရေး၊

(ဃဃ) တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရေး၊

(ငင) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ ထုတ်လုပ်မှုကုန်ကျ စရိတ် လျော့နည်းရေး၊ သီးနှံအရည်အသွေး မြင့်မားရေး၊ ဈေးကွက် ခိုင်မာရေးနှင့် သင့်တင့်မျှတသည့် ဈေးနှုန်း ရရှိရေးတို့ကို ကူညီ ဆောင်ရွက်ရေး၊

(စစ) လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး အားပေး ဆောင်ရွက်ရေး၊

(ဆဆ) လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြု သွားရေး၊

(ဇဇ) လယ်ယာမြေ ဥပဒေသစ်အရ တောင်သူလယ်သမားများ၏ ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များ ထိထိရောက်ရောက် ရရှိခံစားစေရေး။

(ဈဈ) စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် ဒေသရေမြေနှင့်အညီ ရေသယံဇာတများကို ဖော်ထုတ်အသုံးချရေး၊

(ညည)လယ်ယာမြေ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(ကက)လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုးချဲ့ ဆောင်ရွက်သွားရန်။

(ခခ) သီးနှံစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်ရေးအတွက် စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ကြံ၊ ဝါ၊ ပြောင်းနှင့် နေကြာ အပါအဝင် အဓိကသီးနှံများတွင် အရည်အသွေးနှင့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲ စိုက်ပျိုးသွားရန်။

(ဂဂ) စပါးအပါအဝင် သီးနှံ အမယ်အလိုက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ် ဖြန့်ဖြူး စိုက်ပျိုးနိုင်ရန် ခေတ်မီမျိုးစေ့ သန့်စင်စက်များ တည်ထောင်ရေး အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိက ကဏ္ဍနှင့်လည်းကောင်း နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရန်။

(ဃဃ)ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် နိုင်ငံခြားငွေ သုံးစွဲမှု လျှော့ချနိုင်မည့် သွင်းကုန်အစားထိုး လုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရန် ခေတ်မီ ဆီစက်များ တည်ထောင်ရေး၊ အရည်အသွေးကောင်းဆန်များ ကြိတ်ခွဲ တင်ပို့နိုင်ရေးအတွက် ခေတ်မီဆန်စက် တည်ထောင် ဆောင်ရွက်ရေး လုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီး ဌာနများနှင့်လည်းကောင်း နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရန်။

(ငင) ဆည်ရေသောက်စနစ် ခိုင်မာပြီးဖြစ်သည့် နှစ်သီးသုံးသီး ထိရောက်စွာ စိုက်ပျိုးရန် အလားအလာ ကောင်းရှိသော တောင်သူ လယ်သမားများ၏ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ပုံစံမကျဖြစ်နေသည့် လုပ်ကွက်ငယ်များကို စနစ်တကျ ဟက်တာကွက်၊ ဧကကွက်များ အဖြစ်သို့ မြေယာပြုပြင် ပြောင်းလဲ အကောင်အထည် ဖော်ပေးနိုင်မည့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ် လယ်ကွက်များကို တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် ပြည်ပချေးငွေ/ ထောက်ပံ့ငွေဖြင့် နှစ်စဉ်ဧက (၁၀၀၀၀၀) စီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စစ) စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးရေးအတွက် လယ်ယာသုံး စက်ကိရိယာများအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး အားပေးဆောင်ရွက် သွားရန်။

(ဆဆ)စက်မှုလယ်ယာ သင်တန်းကျောင်းများ ဖွင့်လှစ်၍ နှစ်စဉ် သင်တန်းသား (၁၀၀၀) လေ့ကျင့် မွေးထုတ်သွားရန်။

(ဇဇ) စက်မှုလယ်ယာ သင်တန်းကျောင်းအလိုက် လိုအပ်သည့် သင်ကြားမှုထောက်ကူပြု ခေတ်မီထွန်စက်၊ ခေတ်မီမျိုးစေ့ချစက်၊ ခေတ်မီရိတ်သိမ်း ခြွေလှေ့စက် စသည့် လယ်ယာသုံး စက်ယန္တရားများ တပ်ဆင် အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်။

(ဈဈ) ကချင်၊ ကယား၊ ချင်း၊ ရှမ်း ပြည်နယ်များ၌ ရွှေ့ပြောင်း တောင်ယာစနစ်မှ လှေကားထစ် ကုန်းမြင့်လယ်ယာမြေစနစ်သို့ ဖော်ထုတ်နိုင်ရန် ရှေ့ပြေးစီမံကိန်းအဖြစ် ဧက (၂၀၀၀)စီ ဆောင်ရွက်သွားရန်။

(ညည)တည်ဆောက်ပြီး ဆည်ရေသောက်စနစ် ပြုပြင်မွမ်းမံရေး လုပ်ငန်းများနှင့် တည်ဆောက်ဆဲ ဆည်ရေသောက်စနစ်လုပ်ငန်းများ အချိန်မီ ရာနှုန်းပြည့် တည်ဆောက် ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်။

(ဋဋ) တည်ဆောက်ပြီး ရေလွှဲဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ် မြစ်ရေတင် စသည့် ရေရရှိရေး လုပ်ငန်းများ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်။

(ဌဌ) ရေလွှဲဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင် စသည့် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းများ ပြည့်မီရေး စနစ်တကျ ဆောင်ရွက်သွားရန်။

(ဍဍ) မုန်တိုင်းနှင့် ပင်လယ်ဒီလှိုင်းများ ကျရောက်တတ်သော ဒေသများ တွင် ဒီရေတားတာတမံများ စနစ်တကျ စံချိန်စံညွှန်းမီ တည်ဆောက် သွားရန်နှင့် လယ်ယာမြေ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးလုပ်ငန်း များ ဆောင်ရွက်သွားရန်။

(ဎဎ) စိုက်ပျိုးရေး ဘွဲ့ရပညာရှင်များ၊ စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ရများ လေ့ကျင့် မွေးထုတ်သွားရန်။

(ဏဏ)သုတေသန လုပ်ငန်းများ၊ စိုက်ပျိုးပညာပေး လုပ်ငန်းများ၊ လေ့ကျင့် သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်။

(တတ)တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေ၊ ဖွံ့ဖြိုးရေး ချေးငွေများ ထုတ်ချေး ပေးသွားရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

(ကက)မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ် အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုး လုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်း ကောက်ယူရေး လုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက် သွားပါမည်။

(ခခ) ရေမြေဒေသ အခြေအနေပေးသည့် တိုင်းဒေသကြီး/ ပြည်နယ် များတွင် ဧက(၁၀၀)စီ စပ်မျိုးစပါး မျိုးစေ့ ထုတ်လုပ် သွားနိုင်ရေး အတွက် ဆန်စပါးအထူးပြု ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီ ဆောင်ရွက် သွားပါမည်။

(ဂဂ) သီးနှံစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်ရေးအတွက် စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ကြံ၊ ဝါ၊ ပြောင်းနှင့် နေကြာ အပါအဝင် အဓိကသီးနှံများတွင် အရည်အသွေးနှင့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲ စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

(ဃဃ)ဆောင်ရွက်ဆဲ ဆည်တမံ စီမံကိန်းလုပ်ငန်း (၄၉)ခုကို ရန်ပုံငွေ ကျပ် (၁၂၉၇၂၃.၇၆၂) သန်းဖြင့် အကျိုးပြုဧက (၅၆၇၂၆)နှင့် ရေဘေး ကာကွယ်ဧရိယာ (၉၉၅၁၀)ဧက ရရှိရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ ဆောင်ရွက်ဆဲ ဆည်ရေသောက်စနစ် (၃) ခုနှင့် ဆောင်ရွက်ဆဲ စီမံကိန်း လုပ်ငန်း (၁၁)ခု စုစုပေါင်း စီမံကိန်း (၁၄) ခုကို အပြီးတည် ဆောက် သွားမည်။

(ငင) ဆည်မြောင်း ဖြည့်စွက်လုပ်ငန်း စီမံကိန်း (၄၄) ခုကို ရန်ပုံငွေ ကျပ်သန်း (၁၅၀၀) ဖြင့် မူလ ဆည်ရေသောက် ဧရိယာ ဧက (၁၉၄၆၁) ကို ရေသေချာ စေပြီး ရေဘေး ကာကွယ်ဧရိယာ ဧက (၁၁၀၃၃)ကို အကျိုးပြုနိုင်ရန် ဆောင်ရွက်သွားပါမည်။

(စစ) ဆည်မြောင်းလုပ်ငန်းစီမံကိန်းသစ်များ အနေဖြင့် စီမံကိန်းသစ် (၁၆) ခုနှင့် တူးမြောင်းများ ခေတ်မီအောင် ပြန်လည်မွမ်းမံခြင်း လုပ်ငန်း (၁)ခု ကို ရန်ပုံငွေကျပ်သန်း (၃၀၈၄၈.၅၇၃)ဖြင့် ဆည်ရေသောက် ဧရိယာ (၂၇၀၀)ဧကကို ထပ်မံရေပေးဝေနိုင်ရန်နှင့် ဧက (၅၂၀၀) ကို ရေဘေးမှ ကာကွယ်နိုင်ရန် ဆောင်ရွက်သွားမည်။

(ဆဆ)ဆောင်ရွက်ဆဲ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်း (၈)ခုအား ဘတ်ဂျက် ရန်ပုံငွေ (၆.၈၈၃) ဘီလီယံကျပ်ဖြင့် အကျိုးပြုဧက (၆၅၂၉၈) ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်သွားပါမည်။

(ဇဇ) စက်မှုလယ်ယာ စနစ်ကျ လယ်ကွက်များကို နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ တိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ဧက (၁၀၀၀၀) စီ ဖော်ထုတ်ရေးကို ပြည်ပချေးငွေ/ထောက်ပံ့ငွေ အကူ အညီဖြင့် ဆောင်ရွက်သွားပါမည်။

(ဈဈ) ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်မှုကို ကချင်၊ ကယား၊ ချင်းနှင့် ရှမ်းပြည်နယ်တွင် ရှေ့ပြေးအဖြစ် ဧက (၂၀၀၀)စီအား ဒေသန္တရ စီမံကိန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်

လိုအပ်သော နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများ ပံ့ပိုး ဆောင်ရွက်သွားပါမည်။

(ညည)စက်မှုလယ်ယာ သင်တန်းကျောင်းများ ဖွင့်လှစ်၍ သင်တန်းသား (၁၀၀၀) လေ့ကျင့် မွေးထုတ်သွားပါမည်။

(ဋဋ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးဘွဲ့ရ ပညာရှင်(၄၃၂) ဦး၊ စိုက်ပျိုးရေး သိပ္ပံကျောင်းများမှ ဒီပလိုမာဘွဲ့ရ (၆၀၀)ဦး မွေးထုတ် သွားပါမည်။

(ဌဌ) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ သီးနှံစံပြကွက်များဖြင့် ပညာရပ် လေ့ကျင့်သင်ကြားခြင်း လုပ်ငန်းများ ဆောင်ရွက်သွားပါ မည်။

(ဍဍ) နှစ်စဉ်စိုက်ပျိုးစရိတ်နှင့် ဖွံ့ဖြိုးရေးချေးငွေ (၁၄၆၁) ဘီလီယံကျပ် ထုတ်ချေးပေးသွားပါမည်။

၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် သားငါးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ် များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) **မွေးမြူရေးနှင့်ရေလုပ်ငန်း**

(၁) မူဝါဒမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက)သားငါး မျိုးကောင်းမျိုးသန့်များ တိုးတက် ဖြန့်ဖြူးပေးရေး၊

(ခခ) နိုင်ငံတော်အတွင်း သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ရေး၊

(ဂဂ) ပြည်တွင်း၌ သားငါးစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့၍ နိုင်ငံခြားသုံးငွေတိုးတက် ရှာဖွေနိုင်ရန်အတွက် ဆောင်ရွက်ရေး၊

(ဃဃ)သားငါးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် ထွန်းကားလာစေရန် ဆောင်ရွက်ရေး၊

(ငင) ပုစွန်မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေး၊

(စစ) ရေချိုရေငန် ငါးပုစွန်သယံဇာတများ မျိုးမပြုန်းတီးစေရေး အတွက် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဆဆ)ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် ရေချိုငါး ပိုမိုတိုးချဲ့ ထုတ်လုပ်ရန် နိုင်ငံတော်အတွင်းရှိ ငါးလုပ်ငန်းလုပ်ကိုင်သော ရေပြင်များတွင် ငါးသယံဇာတတိုးတက်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊

(ဇဇ) နိုင်ငံတော်၏ ဦးဆောင် လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အထောက်အကူပြု သားငါးမွေးမြူရေး တိုးတက်စေရန် ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)စီမံကိန်း ကာလအတွင်း အသားထုတ်လုပ်မှုကို ၈.၅ % တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်။

(ခခ) သားငါးကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပုံမှန်ဈေးနှုန်းအရ အခြေခံနှစ်အပေါ် (၁.၀၇) ဆ ဖြစ်ပေါ်ရန် နှင့် ၇.၃% တိုးတက်ရေး ဆောင်ရွက်ရန်။

(ဂဂ) ပဥ္စမကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပျားထွက်ပစ္စည်း ထုတ်လုပ်မှုကို တစ်နှစ် (၁.၅၉) ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန်။

(ဃဃ)ပဥ္စမကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ငါးပုစွန် ထုတ်လုပ်မှုကို (၆.၄)% တိုးတက်ရရှိစေရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်-

(ကက)စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းကြီးများ ထူထောင်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူနိုင်ရေး အတွက် ကူညီဆောင်ရွက် သွားပါမည်။

(ခခ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချပြီး အရည်အသွေး ကောင်းမွန်သော ထွက်ကုန်များကို သွင်းကုန် အစားထိုးရေးနှင့် ပြည်ပဈေးကွက် ရရှိရေး ဆောင်ရွက် သွားပါမည်။

(ဂဂ) မွေးမြူရေးဆိုင်ရာ အခြေခံ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေးနှင့် မွေးမြူထုတ်လုပ်မှု တိုးတက်စေရေး အတွက် ထိရောက်စွာ ကြီးကြပ် ဆောင်ရွက်သွားပါမည်။

(ဃဃ)ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး၊ ပြည်တွင်း၊ ပြည်ပဈေးကွက် ပိုမိုတိုးချဲ့ဆောင်ရွက် သွားပါမည်။

(ငင) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေး ဆောင်ရွက် သွားပါမည်။

(စစ) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း (ငါးမဖမ်းရ တားမြစ်ဇရိယာနှင့် ငါးမဖမ်းရ တားမြစ်ကာလ) ငါးလုပ်ငန်းဆိုင်ရာ တည်ဆဲဥပဒေများ ကြီးကြပ် ကွပ်ကဲခြင်း၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဆဆ)ငါးလုပ်ငန်း စစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာန အနေဖြင့် အဏုစိပ် ဓါတ်ခွဲခန်းများကို နယ်စပ် ထွက်ပေါက်အလိုက် တိုးချဲ့တည်ထောင် ဆောင်ရွက်သွားပါမည်။

(ဇဇ) ရေချိုငါးလုပ်ငန်းနှင့်ပတ်သက်၍ ရေချိုပုစွန်မွေးမြူနိုင်ရေး အတွက် တစ်မျိုးချင်း မွေးမြူသည့်စနစ်မှ ရောနှောမွေးမြူသည့် စနစ်သို့ ပြောင်းလဲ ဆောင်ရွက်ခြင်း၊ အင်းအိုင်များတွင် ဖမ်းဆီးခြင်းမှ ရရှိသည့် ငါးများကို မွေးမြူထုတ်လုပ်သည့် လုပ်ငန်းနှင့် မွေးမြူခြင်းကို အခြေခံသော ငါးဖမ်းဆီးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

(ဈဈ) ကျေးလက်နေ ပြည်သူများ အပိုဝင်ငွေရရှိရန် သားငါးဆိုင်ရာ ခေတ်မီနည်း ပညာသစ်များ သင်တန်းပို့ချပေးခြင်းဖြင့် ပေါင်းစည်းလယ်ယာစနစ် ပေါ်ထွက်လာစေရေး ကူညီဆောင်ရွက် သွားပါမည်။

(ညည)ဌာနပိုင် အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ်သေချာမည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ ဆောင်ရွက်မည်။

(ဋဋ) မြန်မာနိုင်ငံတွင် ဖြစ်ပွါးလေ့ရှိသော တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ဆေးများကို လုံလောက်စွာထုတ်လုပ်နိုင်ခဲ့ပြီး၊ နိုင်နင်းစွာ ကာကွယ်နိုင်ခဲ့ပြီ ဖြစ်သော်လည်း ထပ်မံရင်ဆိုင်ရမည့် ဆုံးရှုံးမှု ကြီးမားသော တိရစ္ဆာန် ရောဂါများကို သုတေသနပြုခြင်း၊ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းအား နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မည်။

(ဌဌ) သုတေသန ဓါတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီစက်ပစ္စည်း ကိရိယာ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ ကျွမ်းကျင် ပညာရှင်များ လေ့ကျင့်မွေးထုတ်ခြင်း၊ လိုအပ်ချက်နှင့်အညီ ခန့်အပ် တာဝန်ပေးခြင်း၊ နိုင်ငံတကာအကူအညီများ ညှိနှိုင်းရယူခြင်းများကို ဆောင်ရွက်မည်။

(ဍဍ) စံချိန်စံညွှန်းမီ တိရစ္ဆာန်ကုသဆေးဝါးများ၊ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်ခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်း လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်မည်။

(ဎဎ) မွေးမြူရေးဆိုင်ရာ အခြေခံ ကိန်းဂဏန်းများ ရရှိရေးနှင့် ထိရောက်စွာ ကြီးကြပ်ရေးအတွက် ဌာနတွင်း ကျွမ်းကျင် ပညာရှင်များ၊ ပြည်တွင်း ပညာရှင်များနှင့် နိုင်ငံတကာ ပညာရှင်များ ပူးပေါင်း၍ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး ဆောင်ရွက်သွားပါမည်။

(ဏဏ)မွေးမြူရေးဆိုင်ရာ လုပ်ငန်း တိုးတက်အောင်မြင်မှု ရရှိရေးအတွက် စားကျက်ဖွံ့ဖြိုးရေး၊ တိရစ္ဆာန်အစားအစာ လုံလောက်စွာ ရရှိအသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်း အချင်းချင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားပါမည်။

(တတ)မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပမှ အရင်းအနှီး၊ နည်းပညာပံ့ပိုးကူညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စများ ဆောင်ရွက်သွားပါမည်။

(ထထ)ငါး၊ ပုစွန်၊ ပုစွန်ကျား (ရခိုင်ပြည်နယ် အတွက်ဦးစားပေး) နှား၊ ဂဏ်စသည်ဖြင့် လိုအပ်သောတိရစ္ဆာန်မျိုးကောင်းမျိုးသန့်များကို ဒေသအလိုက် လိုအပ်ချက်နှင့်အညီ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပါမည်။

(ဒဒ) နိုင်ငံခြားကုမ္ပဏီများ၏ ငါးဖမ်းသင်္ဘောများမှ ဖမ်းဆီးရမိသည့် ကုန်ကြမ်းများကို ပြည်တွင်းသို့သာ ပြန်လည်တင်ပို့လျှက် ပြည်တွင်းရှိ စက်ရုံများတည်ထောင်ကာ ပြုပြင်ထုတ်လုပ်မှုကို ခွင့်ပြုသည့် ဖက်စပ်ငါးဖမ်းခွင့်ကို ခွင့်ပြုသင့်သည်။

(ဓဓ) ပြည်တွင်းငါးမွေးမြူရေး လုပ်ငန်းရှင်များအတွက်လိုအပ်သော အရင်းအနှီးနှင့် နည်းပညာပံ့ပိုး ကူညီဆောင်ရွက်ရေး လုပ်ငန်းစဉ်တွင် ပြည်တွင်း ပြည်ပမှ ပါဝင်ဆောင်ရွက်ရေး ဖော်ဆောင်သွားပါမည်။

(နန) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အင်းလုပ်ငန်း၊ ရေပေါ်ရေလျှံငါးဖမ်းခြင်း လုပ်ငန်းများတွင် ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအကြားဖြစ်ပေါ်နေသည့် ပဋိပက္ခများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှလိုအပ်သည့် အကြံဉာဏ်နှင့် အကူအညီများ ဆောင်ရွက်သွားပါမည်။

(ပပ) သားငါးဆိုင်ရာ ကဏ္ဍများ တိုးတက်ဖြစ်ပေါ် စေရေးအတွက် အထောက်အကူဖြစ်စေနိုင်သော သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် သွားပါမည်။

၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ**

(၁) မူဝါဒမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ကက)ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊

( ခခ ) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊

( ဂဂ ) ကျေးလက်နေ ပြည်သူတို့၏ အခြေခံ သစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊

(ဃဃ)သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(ငင) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ပြည်သူလူထုမှ နေအိမ်များ ဆောက်လုပ်ရာတွင် လိုအပ်လျက် ရှိသော သစ်များကို ဖြည့်ဆည်းရောင်းချပေးနိုင်ရေး၊

(စစ) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(ဆဆ)သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊

(ဇဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး၊

( ၂ ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်။

( ၃ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ကက)သဘာဝတောများ ထိန်းသိမ်းကာကွယ်မည်။

(ခခ) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝ နယ်မြေများကို သစ်တောကဏ္ဍ ပင်မစီမံကိန်းပါ ရည်မှန်းချက်များနှင့်အညီ တိုးချဲ့ဖွဲ့စည်း သတ်မှတ်မည်။

(ဂဂ) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး သစ်တောစိုက်ခင်းများ တည်ထောင်မည်။

(ဃဃ)ကျေးလက်ပြည်သူများ၏ အခြေခံ လိုအပ်ချက်ဖြစ်သော သစ်တောထွက်ပစ္စည်း ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်မည်။

(ငင) မြေအခြေအနေပေးသော ကျေးရွာများ၊ မြို့များတွင် ကျေးရွာသုံး စိုက်ခင်းများကို စီမံချက်ဖြင့် ပြည်သူလူထုကို စည်းရုံးစိုက်ပျိုးမည်။

(စစ) ရေဝေရေလဲ ဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်း၊ တာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများတည်ထောင်မည်။

(ဆဆ)နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးမည်။

(ဇဇ) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်။

(ဈဈ) အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင် ထိန်းသိမ်းမည်။

(ညည)အပူပိုင်းဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းမည်။

(ဋဋ) သဘာဝတောများမှ ထင်းထုတ်ယူ သုံးစွဲမှုကို လျှော့ချနိုင်ရေးနှင့် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စွန့်ပစ်ပစ္စည်းများ ထိရောက်စွာ တိုးမြှင့်သုံးစွဲလာရေးအတွက် စည်းရုံး ဆောင်ရွက်မည်။

(ဌဌ) အပူပိုင်းဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်း နိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နုန်းတား ဆည်ငယ်များ တည်ဆောက် သွားမည်။

(ဍဍ) ကျေးလက်ပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန် ငယ်များ တူးဖော်မည်။

(ဎဎ) အပူပိုင်းဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည် လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်မည်။

(ဏဏ)ကျွန်းနှင့် သစ်မာများကို နှစ်စဉ်တောထွက်အပေါ် အခြေခံ၍ စိစစ် ထုတ်လုပ်မည်။

(တတ)ရောင်းတန်းဝင် သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက် ထုတ်လုပ်မည်။

(ထထ)သစ်မဟုတ်သည့် အခြားသစ်တောထွက် ပစ္စည်းများကို စီမံကိန်း လျာထားချက် ဘောင်အတွင်းမှ ထုတ်ယူ သုံးစွဲမည်။

(ဒဒ) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ် နည်းစနစ်ကို ဆက်လက်ဆောင်ရွက်မည်။

(ဓဓ) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး နည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်မည်။

(နန) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ပြီး သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာ ဆောင်ရွက်မည်။

(ပပ) သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်မည်။

(ဖဖ) သစ်အခြေခံ စက်မှုလုပ်ငန်းထွက်ကုန် အမည်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်

သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဆောင်ရွက်မည်။

(ဗဗ) လူသုံးနည်းသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီ ကုန်ချော များထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချ နိုင်ရေး ကြိုးပမ်း ဆောင်ရွက်မည်။

(ဘဘ)ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်သွားမည်။

(မမ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပုံမှန်လုပ်ငန်းခွင် သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားမည်။

(ယယ) ပြည်တွင်း/ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်း အဝေးများသို့ ဝန်ထမ်းများအားစေလွှတ်မည်။

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) **စွမ်းအင်**

(၁)မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ပြည်တွင်း စွမ်းအင်လိုအပ်ချက် ဖူလုံစေရေးဦးစားပေး ဆောင်ရွက် ရေး၊

(ခခ) စဉ်ဆက်မပြတ် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည် ဖော်ရေး၊

(ဂဂ) စွမ်းအင် အမျိုးအစားသစ်များနှင့် ပြန်ပြည့်ဖြိုးမြဲ စွမ်းအင် အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် မြှင့်တင် ဆောင်ရွက်ရေး၊

(ဃဃ)စွမ်းအင်အသုံးပြုမှု စွမ်းရည် တိုးမြှင့်လာစေရေးနှင့် စွမ်းအင်ခြိုးခြံ ချွေတာရေးတို့ကို မြှင့်တင် ဆောင်ရွက်ရေး၊

(ငင) အခြားအစားထိုး စွမ်းအင်အမျိုးအစားများကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရေး မြှင့်တင် ဆောင်ရွက်ရေး၊

(စစ) ရှာဖွေတွေ့ရှိသည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ သယံဇာတများကို ထွက်ရှိရာ ဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးရှိဆုံးနှင့် အထိရောက်ဆုံး ရရှိခံစားနိုင်မည့် သုံးစွဲမှု ဖြစ်စေရေး ဆောင်ရွက်ရေး၊

(ဆဆ)စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကအပိုင်းမှ ပိုမိုပါဝင်စေရေး မြှင့်တင် ဆောင်ရွက်ရေး၊

(၂)ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စွမ်းအင်(ရေနံနှင့်သဘာဝဓါတ်ငွေ့) များကို ဖြည့်ဆည်းပေးသွားရန်။

(ခခ) စက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍနှင့် အခြားကဏ္ဍများအတွက် လိုအပ်သော စက်မောင်းဆီများ၊ ယူရီးယား ဓါတ်မြေဩဇာများနှင့် ရေနံဓါတုဗေဒ ကုန်ကြမ်းပစ္စည်းများကို ဖြည့်ဆည်းပေးသွားရန်။

(ဂဂ) စွမ်းအင်သုံးစွဲရာတွင် သုံးစွဲမှုနှင့် ပတ်ဝန်းကျင်ဖြစ်ပေါ်မှု သဟဇာတ ဖြစ်စေရေး ဦးတည်လျက် အသုံးပြုမှုနှင့် အလေအလွင့် ဆုံးရှုံးမှု နည်းပါးစေရေးအတွက် စွမ်းအင် ချွေတာရေး နည်းလမ်းများ ရှာဖွေ ဆောင်ရွက်သွားရန်။

(ဃဃ)နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် စွမ်းအင်ဆိုင်ရာ ကိစ္စ ရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန်။

(ငင) စွမ်းအင်သုံးစွဲမှုများတွင် အဓိက သုံးစွဲမှုဖြစ်နေသော အိမ်သုံး လောင်စာ သုံးစွဲမှုတွင် ထင်းမီးသွေးအပြင် အခြားလောင်စာ အမျိုးအစားများကိုလည်း အစားထိုး သုံးစွဲသွားရန်။

(စစ) မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှုပုံစံ၊ စွမ်းအင် အမျိုးအစား အလိုက် လိုအပ်ချက် စသည်များကို စဉ်ဆက်မပြတ် လေ့လာနေပြီး အချက် အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပြုစု ထားရှိသွားရန်။

(ဆဆ)စွမ်းအင် (ရေနံနှင့်သဘာဝဓါတ်ငွေ့) စီမံကိန်းများတွင် ခေတ်မီ နည်းပညာများ အသုံးပြုခြင်းဖြင့် တိုင်းရင်းသား ပညာရှင်များ၏ အရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်များ ပြုစု ပျိုးထောင်သွားရန်။

(ဇဇ) နိုင်ငံတော်၏ လုံခြုံရေးနှင့် စီးပွားရေး တည်ငြိမ်မှုကို အထောက်အကူ ပြုမည့် အရံစက်မောင်းဆီ ပမာဏများကို စနစ်တကျ စုဆောင်းထားရှိသွားရန်။

(၃)လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သော စွမ်းအင်ကဏ္ဍ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံကြီးကြပ်ကွပ်ကဲ ဆောင်ရွက်မည့် အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှု ကော်မတီကို ဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

(ခခ) ရေနံနှင့်သဘာဝဓါတ်ငွေ့ ပြည်တွင်းသုံးစွဲမှုလိုအပ်ချက်ကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံခြားရေနံ ကုမ္ပဏီများအား ဖိတ်ခေါ်၍ မြန်မာတိုင်းရင်းသားပိုင် ကုမ္ပဏီများနှင့် ပူးပေါင်းစေပြီး ရေနံမြေသစ်များ တိုးချဲ့ရှာဖွေ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပါမည်။

(ဂဂ) ရေနံလက်ယက် တွင်းတိမ်များကို လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နည်းလမ်းအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ အနီးကပ် ကြီးကြပ်မှုဖြင့် ဆက်လက် ဆောင်ရွက်သွားနိုင်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ပါမည်။

(ဃဃ)ရေနံတွင်းသစ်များတိုးချဲ့ရှာဖွေ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို အဓိက ဦးတည်ဆောင်ရွက်မည့်နည်းတူ လက်ရှိထုတ်လုပ်လျက်ရှိသော ရေနံတွင်းဟောင်းများ၏ ထုတ်လုပ်မှု ကျဆင်းနှုန်း အနည်းဆုံးဖြစ်စေရေး ထိန်းသိမ်း ဆောင်ရွက်ပါမည်။

(ငင) သဘာဝဓါတ်ငွေ့ပိုက်လိုင်း တည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းနှင့် သဘာဝဓါတ်ငွေ့ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ စွမ်းအင် ဖူလုံရေးနှင့် အမျိုးသားလုံခြုံရေး လိုအပ်ချက်အရ နိုင်ငံတော်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက

နိုင်ငံခြား ကျွမ်းကျင် အဖွဲ့အစည်းများနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ပါမည်။

(စစ) တွင်းတူးဖော်ခြင်း၊ ဆိုက်စမစ် တိုင်းတာခြင်းစသည့် ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်၏ ကြီးကြပ်မှုဖြင့် သီးခြား အဖွဲ့ အစည်းတစ်ခုကို နိုင်ငံခြား ကျွမ်းကျင် အဖွဲ့အစည်းများနှင့် အကျိုးတူ ပူးပေါင်းဖွဲ့စည်းကာ နိုင်ငံခြား ကုမ္ပဏီများမှ ခေါ်ယူသည့် တင်ဒါများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆက်လက်သုံးသပ်ဆောင်ရွက် သွားပါမည်။

(ဆဆ)နိုင်ငံတော်မှ အနာဂတ်ကာလတွင် ကမ်းလွန် ရေနံလုပ်ငန်းကို လုပ်ငန်းတာဝန်ခံ ဆောင်ရွက်သူအနေဖြင့် တာဝန်ယူဆောင်ရွက် သွားနိုင်ရန် လိုအပ်သည်များကို လေ့လာ သုံးသပ်၍ စီမံဆောင်ရွက် သွားပါမည်။

(ဇဇ) သဘာဝဓါတ်ငွေ့ကို နေ့စဉ် ပြည်တွင်းအသုံးပြုနိုင်ရန်အတွက် တစ်ရက် လျှင် ၂၇ဂ ကုဗပေသန်း ဖြန့်ဖြူးလျက်ရှိရာမှ ၄၇၅ ကုဗပေသန်းအထိ ဖြန့်ဖြူးနိုင်ရန် စီမံဆောင်ရွက် သွားပါမည်။

(ဈဈ) ရခိုင်ပြည်နယ်၊ ကမ်းလွန်သဘာဝဓါတ်ငွေ့ ရွှေသဘာဝဓါတ်ငွေ့မြေမှ ပြည်တွင်းသို့ ကုဗပေ သန်း ၄ဂ မှ သန်း ၆ဂ သို့လည်းကောင်း၊ ပြည်ပသို့ ကုဗပေသန်း ၁၆ဂ မှ သန်း ၂၄ဂ သို့ လည်းကောင်း ဖြန့်ဖြူးရောင်းချရန် စီမံဆောင်ရွက်သွားပါမည်။

(ညည)ရတနာစီမံကိန်းမှ ထိုင်းနိုင်ငံသို့ရောင်းချနေသည့် သဘာဝဓါတ်ငွေ့ များအနက်မှ ပြည်တွင်း၌ ပိုမိုသုံးစွဲနိုင်ရေးအတွက် ကုဗပေသန်း ၅ဂ ကို တိုးမြှင့်ရယူသွားရန် စီမံဆောင်ရွက် ထားပါသည်။

(ဋဋ) ဇောတိကစီမံကိန်းမှ ပြည်ပသို့ရောင်းချမည့် သဘာဝဓါတ်ငွေ့များ အနက်မှ ကုဗပေသန်း ၄ဂ အား ပြည်တွင်းသုံးအတွက် ပိုမိုရရှိအောင် ဆောင်ရွက် ခဲ့ပြီးဖြစ်သဖြင့်၊ ဇောတိကစီမံကိန်းမှ စုစုပေါင်း ကုဗပေ သန်း ၁ဂဂ အား ပြည်တွင်း၌ဖြန့်ဖြူးနိုင်ရေးနှင့် ပြည်ပသို့ ကုဗပေသန်း ၂၄ဂ ဖြန့်ဖြူး ရောင်းချရန် စီမံဆောင်ရွက်သွားပါမည်။

(ဌဌ) ရေနံလက်ယက်တွင်းတိမ်များ၏ လုပ်ကွက်အား သင့်လျော်သော အကျယ် အဝန်း အရွယ်အစား သတ်မှတ်ရန်နှင့် တစ်ဦးတည်းကို လုပ်ကွက်အများ အပြား လုပ်ကိုင်ခွင့်ပြု ခြင်းများမရှိစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်သွားပါမည်။

၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ နှင့် စပ်လျဉ်း၍ မူဝါဒ၊ရည်မှန်းချက် နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) သတ္တုတွင်း**

(၁)မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)နိုင်ငံတော်၏ ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေး ပြည့်မီစွာ ထုတ်နိုင်ရေးသို့ ရှေ့ရှုဆောင်ရွက်ရေး၊

(ခခ) ပုဂ္ဂလိကပိုင် ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသား လုပ်ငန်းရှင် ဓာတ်သတ္တု ထုတ်လုပ်သူများ ထွန်းကား တိုးပွားလာရေး အားပေး ဆောင်ရွက်ရေး၊

(ဂဂ) ကျယ်ပြန့် ထွန်းကားလာသည့် ဈေးကွက် စီးပွားရေးနှင့်အညီ ဓာတ်သတ္တု ထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့်ဈေးနှုန်းများ ရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃဃ)ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှ တင်သွင်း ရသည့် ဓာတ်သတ္တုများကိုပြည်တွင်း၌ ပိုမိုထုတ်လုပ် အစားထိုးရေး၊

(ငင) နိုင်ငံတော်၏ လုံခြုံရေးနှင့် စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာ မြောက် ဓာတ်သတ္တုများကိုစနစ်တကျ ထုတ်လုပ် စုဆောင်းထားရှိ သွားရေး၊

(စစ) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်း ကျင်ထိခိုက်ယိုယွင်း ပျက်စီးမှုမရှိစေရေးနှင့် ဒေသခံပြည်သူများ ထိခိုက် နစ်နာမှုမရှိစေရေး အလေးထားဆောင်ရွက်ရေး၊

(ဆဆ)မြန်မာ့ပုလဲများကို ပိုမိုမွေးမြူထုတ်လုပ်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ တိုးတက်ရောင်းချနိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်ရေး၊

(ဇဇ) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးဆောင်ရွက်ရာ၌ လက်လုပ်လက်စား (တစ်နိုင်တစ်ပိုင်) ဓာတ်သတ္တု ထုတ်လုပ်သူ တိုင်းရင်းသားများကိုလည်း မျှတစွာ ထောက်ပံ့အားပေး ဆောင်ရွက်ရေး၊

(၂)ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(ကက)မျက်မှောက်အခြေအနေနှင့် ကိုက်ညီသော သတ္တုတွင်းဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ မြန်မာ့ပုလဲဥပဒေ၊ မြန်မာ့ဆားဥပဒေနှင့် အဆိုပါ ဥပဒေများကို ပြင်ဆင်ရေးဆွဲပြီး၊ အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်ရန်။

(ခခ) စီးပွားဖြစ် ထုတ်လုပ်နိုင်မည့် မြန်မာ့သတ္တု ရတနာသိုက်များကို စဉ်ဆက် မပြတ်ရှာဖွေဖော်ထုတ်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေး ဆောင်ရွက်ရန်။

(ဂဂ) ဓာတ်သတ္တု ထုတ်လုပ်မှုအတွက် ပေးဆောင်ရမည့် အခွန်အခများ အပြည့် အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်။

(ဃဃ)အရည်အသွေးမြင့်ကျောက်စိမ်း၊ ကျောက်မျက် အချောထည် လုပ်ငန်းများကို နိုင်ငံခြားသား လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက် သွားရန်။

(ငင) ဘိလပ်မြေစက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံလိုသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် အကျိုးတူ လုပ်ကိုင်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ရန်။

(စစ) သန်လျင်ခဲမဖြူသန့်စင်စက်ရုံတွင် သတ္တုရိုင်းမှ သန့်စင်ပြီး သတ္တုများကို ဆင့်တက်ပြုပြင်မှု ပြုလုပ်ရာ၌ နိုင်ငံခြား အရင်းအနှီးဖြင့် လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ရန်။

(ဆဆ)သတ္တုတွင်း လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိရေး ထုတ်လုပ်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု ယှဉ်တွဲဆောင်ရွက်ရန်။

(၃)လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ကက)စီမံကိန်း လျာထားချက်နှင့်အညီ ဓာတ်သတ္တုများတိုးတက် ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်မည်။

(ခခ) သတ္တုတွင်းသစ်များ တိုးချဲ့ခြင်းနှင့် တွင်းဟောင်းများ ပြုပြင်မွမ်းမံ ၍ အရည်အသွေးမြှင့်တင်နိုင်ရေး ဆောင်ရွက်မည်။

(ဂဂ) နိုင်ငံအနှံ့ ရွှေ၊ သတ္တု၊ ကျောက်မျက်လုပ်ကွက်များကို ပြည်သူများ/အသေးစားလုပ်ငန်းရှင်များသို့ ပြန့်ပြန့်နှံ့နှံ့ ခွဲဝေချထားလုပ်ကိုင်ရေး အလေးထားဆောင်ရွက်မည်။

(ဃဃ)အရှေ့နှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘူမိသိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်မည်။

(ငင) သတ္တုတွင်းဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနတို့အကြား ဘူမိမြေပုံပြုစု ရေးဆွဲရေး၊ ဓာတ်သတ္တုသယံဇာတ အရင်းအမြစ်များနှင့် ရေအရင်းအမြစ်များဖွံ့ဖြိုး တိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပို့ချဖလှယ်ရေး နားလည်မှု စာချွန်လွှာလက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက်မည်။

(စစ) သတ္တုတွင်းဝန်ကြီးဌာနနှင့် ဂျပန်အမျိုးသားရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး ကော်ပိုရေးရှင်းတို့သည် တနင်္သာရီတိုင်း ဒေသကြီးအတွင်း ခဲမဖြူ၊ အဖြိုက်နက် ဖြစ်ထွန်းမှုများအား နှစ်ဖက်ပူးပေါင်းကာ ဒုတိယအကြိမ် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်မည်။

(ဆဆ)သတ္တုတွင်းဝန်ကြီးဌာနနှင့် ကိုးရီးယားသမ္မတနိုင်ငံ အသိပညာနှင့် စီးပွားရေးဝန်ကြီးဌာနတို့သည် မြန်မာ-ကိုးရီးယား ဓာတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များ ပူးပေါင်းဆောင်ရွက်ရန် မြန်မာ-ကိုးရီးယား သတ္တုသယံဇာတများ ပူးပေါင်းကော်မတီ လုပ်ထုံးလုပ်နည်း(မူကြမ်း) နှင့် ကိုးရီးယားသမ္မတနိုင်ငံ ကိုးရီးယားဘူမိသိပ္ပံနှင့် သတ္တုသယံဇာတဆိုင်ရာ ဌာနနှင့် သုတေသနပြု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်

သဘောတူညီချက် (မူကြမ်း) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်မည်။

(ဇဇ) ဓာတ်သတ္တုကြန့်သတ်နယ်မြေ၊ ရတနာနယ်မြေများ ဖော်ထုတ်ခြင်းကို ဆောင်ရွက်သွားမည်။

(ဈဈ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင် ရွက်မည်။

၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒများ၊ ရည်မှန်းချက်များ နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) စက်မှု**

(၁)မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက)ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော် အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာ လုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်လာစေရေးနှင့် အသေးစား နှင့် အလတ်စား စက်မှုလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ရင်း အကြီးစားစက်မှု လုပ်ငန်းများ ဆက်လက်ထူထောင်ရေး၊

(ခခ) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ပြီး အကြီးစား စက်မှုလုပ်ငန်းများအား ဆက်လက် ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ ထုတ်ကုန်များ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(ဂဂ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေး၊

(ဃဃ)စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ နှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပူးပေါင်း ဆောင်ရွက်ရေး၊

(ငင) ပြည်တွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက် အကျိုး ရှိစွာ အသုံးပြုရန်နှင့် ပြည်တွင်းရှိ အခြေခံကုန်ကြမ်းများဖြင့် တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး၊

(စစ) လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မြှင့်တင်ပေးရေး၊ နည်းပညာအဆင့်မြင့် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ရေး၊

(ဆဆ)စွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးချရေး၊ ခြိုးခြံ ချွေတာရေး နှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် အသုံးချရေး၊

(ဇဇ) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေမည့် အစိမ်းရောင် စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး၊

(၂)ရည်မှန်းချက်များ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကက)ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု နှင့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် အမျိုးသားရေး ရည်မှန်းချက်ဖြင့် ဆောင်ရွက်ကြိုးပမ်းရန်။

(ခခ) နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက)ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ဘက်စုံမီဒီယာ အတွဲအခိုင်နှင့် ငွေကြေးကဏ္ဍတို့ ဟန်ချက်ညီညီ ဆောင်ရွက်ရမည်။

(ခခ) စက်မှုလုပ်ငန်းများအား အောက်ပါအတိုင်း ဦးစားပေး/တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်။

- အပေ့ါစား စက်မှုလုပ်ငန်း (ဥပမာ-အသေးစားနှင့် အလတ်စား စက်မှု လုပ်ငန်းများ)
- ပြည်ပပို့ကုန်မြှင့်တင်ရေး/ ပြည်ပသွင်းကုန် အစားထိုး စက်မှု လုပ်ငန်း များ
- အလုပ်သမား အများအပြားသုံးရသည့် စက်မှုလုပ်ငန်းများ

- ဗဟုသုတအခြေခံနှင့် နည်းပညာအခြေခံသည့် စက်မှုလုပ်ငန်းများ
- ရင်းနှီးမြှုပ်နှံမှု အများအပြား သုံးရသည့် စက်မှုလုပ်ငန်းများ (ဥပမာ-အကြီးစားစက်မှုလုပ်ငန်းများ)

(ဂဂ) အသေးစားနှင့် အလတ်စားလုပ်ငန်းဌာနများ ဖွင့်လှစ်၍ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်မှု ဖြစ်လာစေရေး နည်းပညာ အကူအညီ ပံ့ပိုးပေးရမည်။

(ဃဃ)အသေးစားနှင့် အလတ်စား ငွေကြေးဌာန၊ အသေးစားနှင့် အလတ်စားဘဏ်များ ဖွင့်လှစ်၍ အောက်ဖော်ပြပါ ရန်ပုံငွေများ နှစ်စဉ် လျာထား သတ်မှတ်ပြီး ငွေကြေးထောက်ပံ့ကူညီပေးရမည်။

- အထူးရန်ပုံငွေ
- လုပ်ငန်းအဆင့်မြှင့်တင်ရေးနှင့် ခေတ်မီစက်ကိရိယာများအသုံးပြုရေး ရန်ပုံငွေ
- အရေးပေါ်ထောက်ပံ့ရေးရန်ပုံငွေ
- အခြားရန်ပုံငွေ

(ငင) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းအထောက်အကူပြု အဖွဲ့အစည်းများ၊ တစ်နေရာတည်းမှ ခွင့်ပြု ဆောင်ရွက်ပေးသည့်စနစ် ဖွင့်လှစ်နိုင်အောင် စီမံဆောင်ရွက်ပေးရမည်။

(စစ) အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ရပ်တည်ရှင်သန်နိုင်ရန်နှင့် လုပ်ငန်းအောင်မြင်တိုးတက်စေရန် လျှောက်လှမ်းရမည့် လမ်းကြောင်းတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော ထပ်ဆင့်အခွန်စည်းကြပ်ခြင်းများကို လျော့ချ၍ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို စီစဉ် ပေးရမည်။

(ဆဆ)စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိက စက်မှု လုပ်ငန်းရှင်များ အချိတ်အဆက်မိမိဖြင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဇဇ) စက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိက၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုပါဝင်စေပြီး ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမို လွယ်ကူ ချောမွေ့စေရေး လိုအပ်သော အခွန်ကိစ္စနှင့် ဥပဒေရေးရာ ကိစ္စရပ်များကို ပံ့ပိုးပေးရမည်။

(ဈဈ) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများအား စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး (စွမ်းအင်၊ ကုန်ကြမ်း၊ နည်းပညာနှင့် ရင်းနှီးငွေ) စသည့် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်း ကူညီပံ့ပိုး ပေးရမည်။

(ညည)လွတ်လပ်မှုနှင့် စည်းမျဉ်းလျော့ပေါ့ခြင်းဖြင့် စွမ်းရည်ထိရောက်မှုရှိလာအောင်နှင့် တီထွင်ဆန်းသစ်မှု ရှိလာအောင် စီမံခန့်ခွဲပေးရမည်။

(ဋဋ) စက်မှုထုတ်ကုန်ပစ္စည်းများ အရည်အသွေး တိုးတက်လာစေရေးအတွက် စံချိန် စံညွှန်းဆိုင်ရာဥပဒေ၊ မူပိုင်ခွင့်ဥပဒေ၊ ယှဉ်ပြိုင်မှုဆိုင်ရာမူဝါဒနှင့် ယှဉ်ပြိုင်မှု ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။

(ဌဌ) အစိုးရအနေဖြင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းချမှတ်ရေး အာဏာနှင့်ဆိုင်သော လုပ်ငန်းများကို ပီပီပြင်ပြင် ဆောင်ရွက်ရမည်။

(ဍဍ) မျိုးတူစက်မှု လုပ်ငန်းအစုအဖွဲ့များကို တောင့်တင်းခိုင်မာအောင်ဆောင်ရွက် ပေးရမည်။

(ဎဎ) စက်မှုနည်းပညာ အခြေပြုထားခြင်းမှ သတင်းနည်းပညာ အခြေပြုဆီသို့ ကူးပြောင်းရာတွင် ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ပေးရမည်။

(ဏဏ)စက်မှုလုပ်ငန်းများကို နိုင်ငံတကာနှင့်ချိတ်ဆက်မှု ရရှိစေအောင် ကူညီပံ့ပိုး ပေးရမည်။

(တတ)ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပြီး၊ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကျွမ်းကျင်လုပ်သားများအဖြစ် နိုင်ငံတကာအဆင့်မီ အရည်အချင်း ရှိသူများဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ရေး နည်းဗျူဟာ ကို ကျင့်သုံးရမည်။

(ထထ)ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်း အမယ်သစ်များ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်။

(ဒဒ) တည်ဆောက်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသ များတွင်စက်မှုဇုန်အသစ်များကို လိုအပ်သလို တည်ဆောက်အကောင်အထည် ဖော်ပေးရမည်။

(ဓဓ) ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ဒေသများ၌ အခြေခံစက်မှုလုပ်ငန်းများအပါအဝင် အခြားစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရေး အတွက် ဒေသန္တရ စက်မှုလုပ်ငန်းများကို အားပေးတည်ထောင်ပေးရမည်။

(နန) စီးပွားရေး အထူးဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရမည်။

၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**(က)လျှပ်စစ်စွမ်းအား**

(၁)မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး အတွက် ရရှိနိုင်သမျှ စွမ်းအင်အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရေး၊

(ခခ) နိုင်ငံတော်တွင် အနာဂတ်စွမ်းအင် လုံလောက်မှုရှိပြီး အရန်စွမ်းအင် ထားရှိစေရေးနှင့် ရေရှည် အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် ဆောင်ရွက်ရေး၊

(ဂဂ) အရည်အသွေး ကောင်းမွန်သော လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ဦးတည် ဆောင်ရွက်ရေး။

(ဃဃ)လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း လုပ်ငန်းများကို တိုးတက်လာသော ခေတ်မီနည်းစနစ်များနှင့်အညီ ဆောင်ရွက်သွားရေး၊

(ငင) လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုလုပ်ငန်းများကို သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး နည်းလမ်းများဖြင့် ဆောင်ရွက်ရေး၊

(စစ) တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်၊ ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်နှင့် ပြည်သူလူထုနှင့် ပုဂ္ဂလိကတို့က ကဏ္ဍ အလိုက် ပါဝင်လာစေရေး ဆောင်ရွက်ပေးရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တိုးတက် ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံတော် ဓာတ်အားစနစ်မှ တိုင်းဒေသ ကြီးများနှင့် ပြည်နယ်များသို့ သယ်ယူ ပို့လွှတ်နိုင်ရေးအတွက် မဟာ ဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများအား တည်ဆောက် ရန်နှင့် သုံးစွဲမည့် စက်မှုလုပ်ငန်းကြီးများနှင့် လုပ်သား ပြည်သူများအား ဖြန့်ဖြူးနိုင်ရေးကိုလည်း စီမံချက်ဖြင့် ဆက်လက် ဆောင်ရွက်ရန်။

(ခခ) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသ များတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာ ကဲ့သို့သော ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေးစက် များ တပ်ဆင် သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုး ပေးရန်။

(ဂဂ) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ် ဒေသများတွင် အသေးစား ရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေး စက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်။

(ဃဃ)လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူး၊ သုံးစွဲနေသော မြန်မာနိုင်ငံ ဓာတ်အားစနစ်၏ အရည်အသွေးအား စံချိန် စံညွှန်းနှင့် အညီ သတ်မှတ်ထားသော ဗို့အားအဆင့်အတွင်း ဓာတ်အား ပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင် ရန် မိမိတို့၏ ကျွမ်းကျင်ဝန်ထမ်းများနှင့် နိုင်ငံတကာမှ အတတ်ပညာ အကူအညီ ရယူကာ ဆက်လက် ဆောင်ရွက်သွားရန်။

(ငင) မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်း ပေးရန် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်ရေး ဆောင်ရွက်ရန်နှင့် လေစွမ်းအင်နှင့် နေရောင်ခြည်သုံး ဓာတ်အား ပေးစက်ရုံများကို ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် တည်ဆောက်၍ ဓာတ်အားလိုအပ်ချက်ကို အားဖြည့်ကူညီ ပံ့ပိုးပေးရန်။

(စစ) တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ဓာတ်အား စနစ်နှင့် ချိတ်ဆက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်။

(ဆဆ)လျှပ်စစ်မီးရရှိသည့် ကျေးရွာများ အရေအတွက် ပိုမိုလာစေရေး ကြိုးပမ်း ဆောင်ရွက်ရန်။

(၃)လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)လက်ရှိမြန်မာနိုင်ငံတော် ဓာတ်အားစနစ်တွင် ဓာတ်အား ပို့လွှတ် ရာ၌ အသုံးပြုလျှက်ရှိသော အမြင့်ဆုံးဗို့အားမှာ ၂၃၀ ကေဗွီ ဖြစ်ပါသည်။ ဓာတ်အား သုံးစွဲမှုမြင့်မား၍ ဓာတ်အား ထုတ်လုပ်မှု ပိုမိုများပြား လာမည့် အနာဂတ်ကာလတွင် အလှမ်းကွာဝေးသော ဒေသများသို့ ဓာတ်အားပမာဏ များများကို လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးလိုင်းတွင် ဓာတ်အားပျောက်ဆုံးမှု နည်းနည်းနှင့် ပို့လွှတ်နိုင်ရေးအတွက် ၅၀၀ ကေဗွီ ဗို့အားစနစ်သို့ တိုးမြှင့် အသုံးပြုရေး ဆောင်ရွက်သွားမည်။

(ခခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှု၊ သုံးစွဲမှု တို့ကို အချိန်နှင့် တစ်ပြေးညီ ထိန်းညှိကွပ်ကဲနိုင်ရန် သတင်းအချက်အလက် နှင့် ဆက်သွယ်ရေး ခေတ်မီနည်းပညာသုံး ဓာတ်အား ကွပ်ကဲရေး စနစ်ကို တပ်ဆင် အကောင် အထည်ဖော် ဆောင်ရွက်သွားမည်။

(ဂဂ) လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူး ပေးနိုင်ရေးအတွက် တိုင်းဒေသ ကြီးများ၊ ပြည်နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အား ဖြန့်ဖြူး ရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့ အကောင် အထည်ဖော် တည်ဆောက်သွားမည်။

(ဃဃ)လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်တွင် ဓာတ်အားပျောက်ဆုံးမှု လျော့ချနိုင်ရေးအတွက် နည်းလမ်းကောင်း တစ်ခုဖြစ်သော ခေတ်မီနည်းပညာသုံး မီတာဖတ် စနစ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ငင) အရည်အသွေး ကောင်းမွန်ပြီး၊ ဓာတ်အားပျောက်ဆုံးမှုနည်းသော ထရန်စဖော်မာများ၊ အရည်အသွေး ကောင်းမွန်သော ဓာတ်အား လိုင်းကြိုးများနှင့် ကြွေသီးများကို ဝယ်ယူ၍ တပ်ဆင်သုံးစွဲခြင်းဖြင့် ဓာတ်အား ပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးတို့တွင် ဓာတ်အား ပျောက်ဆုံးမှု လျော့ကျရန် ဆက်လက် ဆောင်ရွက်သွားမည်။

(စစ) ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားကို ဗို့အားအဆင့်အလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ပို့လွှတ်ပေးနိုင်ရေးအတွက် ဓာတ်အားပေး စက်ရုံများ၊ ဓာတ်အားခွဲရုံများတွင် ဗို့အားထိန်းညှိပေးသော စက်ပစ္စည်းများ (ရှန့်ရီအက်တာ၊ ကက်ပစတာဘန့်) ထပ်မံ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက် သွားမည်။

(ဆဆ)ဓာတ်ငွေ့တာဘိုင်စက်များသည် သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ် မူတည်၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန်၊ အထူးသဖြင့် ရေအား လျှပ်စစ်စက်ရုံများ ထုတ်လုပ်မှု လျော့နည်းသွားချိန် နွေရာသီ ကာလများတွင် ဓာတ်အားပိုမို ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်။

(ဇဇ) မြန်မာနိုင်ငံအတွင်း လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာအား စနစ်တကျ ကွင်းဆင်း လေ့လာပြီး ဖြစ်မြောက်နိုင်မှု အလားလာကောင်းများ ရရှိပါက မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး တို့တွင် စီမံကိန်းချမှတ် ဆောင်ရွက်သွားရန်နှင့် အခြား တိုင်းဒေသ ကြီးများ နှင့် ပြည်နယ်များတွင်လည်း ဖြစ်မြောက်နိုင်မှု အလားအလာများ စူးစမ်းရှာဖွေသွားမည်။

(ဈဈ) ရန်ကုန်တိုင်းဒေသကြီးနှင့် အသစ်တည်ဆောက် လျှက်ရှိသော သီလဝါ အထူးစီးပွားရေးဇုန်သို့ ဓာတ်အားပေးနိုင်ရေးအတွက်

ရန်ကုန်မြို့အနီး တွင် သင့်တော်မည့် တပ်ဆင်အင်အား ပမာဏရှိသော သဘာဝဓာတ်ငွေ့ နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေး စက်ရုံများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ညည)အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးလျှက်ရှိသော ပုဂ္ဂလိက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ် ကိုစတင်ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) ဆောက်လုပ်ရေး**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံအတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊

(ခခ) မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံတကာ ဆက်သွယ်မှု လမ်းကြောင်းများရှိ ၂၀၃၀ ခုနှစ် နှစ်ရှည်စီမံကိန်း ပြီးဆုံးချိန်တွင် တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ (၅၀၀၀) အထက် ကျော်သည့် လမ်းများအား (၇၂) ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ (၂၅၀၀ မှ ၅၀၀၀) အတွင်းရှိ လမ်းများအား (၄၈)ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ (၅၀၀ မှ ၂၅၀၀) အတွင်းရှိ လမ်းများအား (၂၄)ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း (သို့မဟုတ်) (၂၂)ပေ အကျယ် ကတ္တရာလမ်း၊ တစ်ရက် ပျမ်းမျှ ယာဉ်စီးရေ (၅၀ မှ ၅၀၀) အတွင်းရှိ လမ်းများအား (၁၈) ပေအကျယ် ကတ္တရာလမ်း၊ တစ်ရက် ပျမ်းမျှယာဉ်စီးရေ(၅၀) အောက် လျော့နည်းသည့် လမ်းများအား (၁၂)ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရေး၊

(ဂဂ) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်း အကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်း တံတားများအဖြစ်

တည်ဆောက်ရေးနှင့် လမ်းများကို တိုးတက်အောင် ရည်မှန်းချက်ထား ဆောင်ရွက်မည်ဖြစ်၍ နှစ်စဉ် (၂%) တိုးတက်ဆောင်ရွက်ရေး၊

(ဃဃ)စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ငန်းဆောင်ရွက်မှုနှင့် ပစ္စည်းဝယ်ယူမှုများကို အိပ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် အဂတိလိုက်စားမှု ကင်းရှင်းစေရန် ပညာပေးမှု၊ အရေးယူမှုများကို အလေးထား ဆောင်ရွက်ရေး၊

(ငင) ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အင်ဂျင်နီယာများသည် ကမ္ဘာ့အဆင့်မီနည်းပညာများ တတ်ကျွမ်းစေရန် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ပြည်တွင်း၊ ပြည်ပ ပညာသင်ကြားရေး အစီအစဉ်များဖြင့် အရည်အသွေး မြှင့်တင်ရန်နှင့် သတင်း အချက်အလက်နှင့် နည်းပညာရပ်များဖြင့် ဆက်စပ်ဆောင်ရွက်နိုင်ရေး၊

(စစ) ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်အရ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်းစနစ်ဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် နည်းပညာပိုင်း ပံ့ပိုးခြင်း၊ အတတ်ပညာပိုင်း အကူအညီပေးခြင်း၊ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ ကာကွယ် စောင့်ရှောက်ပေးသွားရေး၊

(ဆဆ)နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပြည်တွင်းတွင် လမ်း/တံတားစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အာရှ ဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ် ချေးငွေများဖြင့် လမ်း/တံတားများ အဆင့် မြှင့်တင် ဆောင်ရွက်ရန်၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့၊ ချေးငွေများ ရရှိအောင် ဆောင်ရွက်ရေး၊

(ဇဇ) ဆင်းရဲနွမ်းပါးမှုလျော့ကျရေး ရည်မှန်းချက်ကို အထောက်အကူပြုစေရန်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံ

ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်ရန် လမ်း/တံတားများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရေး၊

(ဈဈ) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်(၈)ရပ်ကို အထောက်အပံ့ကောင်း ဖြစ်စေမည့် နိုင်ငံတစ်ဝှမ်း မြို့ပြဖွံ့ဖြိုးရေး မူဝါဒများနှင့် မြို့ပြ ဖွံ့ဖြိုးရေးမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(ညည)မြန်မာနိုင်ငံတဝှမ်းလုံးရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက် တစ်ရပ်ဖြစ်သော နေရေးအတွက် လူနေမှုအဆင့်အတန်း မြင့်မား တိုးတက်ရေးနှင့် ဘေးကင်းလုံခြုံ စိတ်ချရသော အိမ်ရာများ၊ မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထား ဆောင်ရွက်ရေး၊

(ဋဋ) မြို့ပြဖွံ့ဖြိုးရေးနှင့် အိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ခေတ်မီ နည်းပညာများ၊ ကျွမ်းကျင်သူများ အကူအညီဖြင့် ဆောင်ရွက်ရေး၊

(ဌဌ) နိုင်ငံတော်မှချမှတ်သော မူဝါဒများနှင့်အညီ ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်များအရ အိမ်ရာဖွံ့ဖြိုးရေး နည်းဗျူဟာများ ချမှတ်၍ ရန်ကုန်မြို့နှင့် မြို့ကြီးများတွင် အိမ်ရာစီမံကိန်းများ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲရေး၊

(ဍဍ) ပြည်သူ့ဝန်ထမ်းများ၏ ဘဝလုံခြုံရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် သင့်လျော်ကောင်းမွန်သော အိမ်ရာများကို ဖြည့်ဆည်း ပေးနိုင်သည့် အိမ်ခန်းပိုင်ဆိုင်ခွင့် ရရှိစေမည့် အိမ်ရာစီမံကိန်းများ ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)နိုင်ငံတကာဆက်သွယ်မှု လမ်း (၁၆) လမ်းကို (၂၄) ပေ အကျယ် ကတ္တရာလမ်းအဆင့် ရောက်ရှိရန်။

(ခခ) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ (၄၄) လမ်း။

(ဂဂ) ပြည်ထောင်စုလမ်းသစ်(၁၉)လမ်းတို့က (၁၂)ပေအကျယ် ကတ္တရာလမ်း အဆင့်ရောက်ရှိရန်။

(ဃဃ)၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် နိုင်ငံတကာဆက်သွယ်မှု လမ်းမကြီးများပေါ်ရှိ တံတားကြီးငယ် စုစုပေါင်း(၇၂)စင်းကို (၂) လမ်းသွား (၂၄)ပေအကျယ် သံကူကွန်ကရစ် တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်။

(ငင) ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဆောင်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ တံတားကြီးငယ် စုစုပေါင်း (၂၉၀) စင်းကို (၂) လမ်းသွား (၂၄) ပေ အကျယ် သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်။

(စစ) ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းသစ်ပေါ်ရှိ တံတားကြီးငယ်စုစုပေါင်း(၂၅) စင်းကို (၂) လမ်းသွား (၂၄) ပေအကျယ် သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်။

(ဆဆ)ပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် အိမ်ရာ စီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ အထူးဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများကို ဖွဲ့စည်းမှုပုံစံများ စနစ်တကျ ရေးဆွဲ ဆောင်ရွက်သွားရန်။

(ဇဇ) နိုင်ငံတစ်ဝှမ်းတွင် မြို့ကြီးများနှင့် မြို့များ၌ မြို့ပြလူဦးရေ တိုးတက်လာမှုနှင့်အညီ လိုအပ်လာမည့် အိမ်ရာနှင့် အခြေခံအဆောက်အအုံများကို စနစ်တကျ ဖြည့်ဆည်းပေးနိုင်မည့် မြို့ပြဖွဲ့စည်းတည်ဆောက်မှုနှင့် မြို့ပြစီမံကိန်းပုံစံများကို သဘောထားပုံစံ၊ ဖွဲ့စည်းတည်ဆောက်မှု ပုံစံနှင့် ဖွဲ့စည်းမှုပုံစံများ ရေးဆွဲဆောင်ရွက်ရန်။

(ဈဈ) နိုင်ငံသားတို့၏ လိုလားချက်များနှင့် တတ်နိုင်စွမ်းအားအလိုက် နေရာ ဒေသအမျိုးမျိုးတွင် ကောင်းမွန်သင့်လျော်သော အိမ်ရာအမျိုးမျိုးကို စီမံကိန်းများရေးဆွဲအကောင်အထည်ဖော် တည်ဆောက်ရန်။

(ညည)မြို့များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးရေး အတွက် အဓိကလိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းများနှင့် လုပ်ထုံး လုပ်နည်းများကို ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်မီ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်။

(ဋဋ) အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဆက်စပ်၍ ဖွံ့ဖြိုးရေးစီမံကိန်းအရ နယ်မြေဒေသအနှံ့ အချိုးညီမျှစွာ ဘက်စုံတိုးတက်ဖွံ့ဖြိုးရေး ရရှိစေမည့် အမျိုးသားရုပ်ပိုင်း ဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန်။

(ဌဌ) အစိုးရဝန်ထမ်းများ ဘဝနောင်ရေး လုံခြုံစိတ်ချစေရန် ကိုယ်ပိုင်အိမ်ရာများအား နှစ်ရှည်အရစ်ကျငွေချေးခြင်းဖြင့် ရောင်းချသည့် စနစ်တစ်ရပ် ထူထောင်နိုင်ရန်။

(ဍဍ) သက်တမ်းလွန် ပြည်သူ့အိမ်ရာ/ ဝန်ထမ်းအိမ်ရာ (၄၂)ခု ပြန်လည်စည်ပင်ရေး အစီအစဉ်များအား ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း စနစ်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများ နှင့် ပူးပေါင်း အကောင်အထည်ဖော်ရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)(၁၂) ပေ အကျယ် ကတ္တရာလမ်းမှ (၂၄) ပေ အကျယ် ကတ္တရာလမ်း အဆင့် (၂၀) မိုင် အဆင့်ဆင့် တိုးမြှင့် ဖောက်လုပ်မည်။

(ခခ) မြေလမ်း/အမာခံလမ်းအဆင့်မှ (၁၂) ပေ အကျယ် ကတ္တရာလမ်း အဆင့် (၁၁၀) မိုင် အဆင့်ဆင့် တိုးမြှင့်ဖောက်လုပ်မည်။

(ဂဂ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံတကာဆက်သွယ်မှု လမ်းပေါ်ရှိ တံတား (၃၁) စင်း။

(ဃဃ)၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ ပေါ်ရှိ တံတား(၁၀၈) စင်း။

(ငင) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းသစ်များ ပေါ်ရှိ တံတား (၉) စင်း စုစုပေါင်း တံတား(၁၄၈) စင်းအား (၂၄)ပေ

အကျယ် သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်မည်။

(စစ) အမျိုးသားအဆင့် မြို့ပြနှင့် ဒေသမူဝါဒများနှင့် အမျိုးသားအဆင့် အိမ်ရာ မူဝါဒများ ပြုစုရေးဆွဲပါမည်။

(ဆဆ)အမျိုးသားအဆင့်မြို့ပြနှင့် အိမ်ရာစစ်တမ်း ကောက်ယူခြင်းများကို နိုင်ငံ တစ်ဝှမ်း ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပါမည်။

(ဇဇ) မြန်မာနိုင်ငံ၏ ပြည်နယ်၊ တိုင်းဒေသကြီးမြို့တော်များ၊ လူဦးရေ တစ်သိန်းအထက် မြို့ကြီးများနှင့်မြို့များ၏ လက်ရှိ လူမှုစီးပွားရေး နှင့် မြို့ပြဆောင်တာ အခြေအနေများ၊ အနာဂတ်ဖွံ့ဖြိုး တိုးတက်မှု အလားအလာများကို လေ့လာဆန်းစစ်ပြီး မြို့ပြကွန်ယက်စနစ် ထူထောင်ရန် နားလည်မှုစာချွန်လွှာ ရေးထိုးပြီးဖြစ်သည့် ဂျာမဏီ နိုင်ငံ ကိုလုံး တက္ကသိုလ်၏ နည်းပညာအကူအညီဖြင့် မြို့ပေါင်း (၂၀) မြို့ကို လေ့လာ ပြီး (၃) နှစ်အတွင်း မြို့ပေါင်း (၅၆) မြို့ကို လေ့လာ ဆန်းစစ်ခြင်းအား ယခုနှစ်တွင် စတင်ဆောင်ရွက် သွားပါမည်။

(ဈဈ) ကုလသမဂ္ဂ လူနေမြို့ရွာများဖွံ့ဖြိုးမှု အစီအစဉ်၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်းတို့နှင့် ပူးပေါင်းရေးဆွဲလျက်ရှိသော အဆောက်အအုံစံချိန်စံညွှန်း မူကြမ်း အား ဥပဒေပြုရေး ပြင်ဆင်ခြင်းနှင့် မြို့ပြစီမံကိန်း လမ်းညွှန်ချက်များ နှင့် လုပ်ထုံးလုပ်နည်းများကို ဥပဒေပြုရေး ပြင်ဆင်ခြင်း ဆောင်ရွက် မည်။

(ညည)ကုလသမဂ္ဂ လူနေမြို့ရွာများ ဖွံ့ဖြိုးမှုအစီအစဉ် အထောက်အပံ့ဖြင့် ထူထောင်ထားသော မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနသိပ္ပံကို ပြည်တွင်း ပြည်ပမှ ပညာရှင်များ၏ အကူအညီဖြင့် မြို့ပြစီမံကိန်း၊ အခြေခံ အဆောက်အအုံဆိုင်ရာ၊ သဘာဝဘေးအန္တရာယ် တားဆီးရေး ဆိုင်ရာ၊ မြေအသုံးချမှုဆိုင်ရာမူဝါဒ၊ စီမံကိန်းရေးဆွဲခြင်း၊ စီမံခန့်ခွဲမှု စနစ်နှင့် ဘာသာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပါမည်၊

မြို့ပြဖွံ့ဖြိုးမှု ဆိုင်ရာ သုတေသနသိပ္ပံတွင် ပထဝီ သတင်းအချက် အလက်ယူနစ်ကို တိုးချဲ့ ထူထောင်ဆောင်ရွက်ပါမည်။

(ဋဋ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တင်ပြလာသည့် မြို့များ၏ မြို့ပြစီမံကိန်းရေးဆွဲရေး လုပ်ငန်းများကို စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်ပါမည်။

(ဌဌ) ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းတွင် ဝယ်ယူနိုင်စွမ်းရှိသော ရွှေ့ပြေး စမ်းသပ်အိမ်ရာ စီမံကိန်းများဖြစ်သည့် (၁၈) ထပ် အိမ်ရာ (၂၆)လုံး အိမ်ခန်းပေါင်း (၁၀၆၀၈) ပါဝင်သည့် ဧရာဝဏ်အိမ်ရာ စီမံကိန်းနှင့် (၁၈) ထပ် အိမ်ရာ (၂၂) လုံး အိမ်ခန်းပေါင်း (၈၉၇၆)ခန်း ပါဝင်သည့် ရတနာ အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်၊ တည်ဆောက်ရေးအတွက် လိုအပ်မည့် ပြင်ပ လျှပ်စစ်ပိုင်းဆိုင်ရာ ကုန်ကျစရိတ်များကို ပြည်ပချေးငွေဖြစ်သော တရုတ်နိုင်ငံ အိပ်ဇင်းဘဏ်မှ ချေးယူငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

(ဍဍ) အခြားတိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများတွင် ဒေသရုံးခွဲ များနှင့် ဝန်ထမ်းများအတွက် အငှားချ အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပါမည်။

(ဃဃ) နေပြည်တော် လွှတ်တော်နှင့်အိမ်တော် အဆောက်အဦပြင်ဆင် မွမ်းမံ ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။

(ဏဏ)ဝန်ကြီးဌာနမှ စီမံခန့်ခွဲရသော အခြားအဆောက်အဦများ ပြင်ဆင် မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။

(တတ)အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်ခြင်း အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆောင်ရွက် သွားပါမည်။

(ထထ)အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အောက်ပါဥပဒေနှင့် လုပ်ထုံး လုပ်နည်း များ ပြုစုခြင်း-

- နယ်မြေဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ

- အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း)
- အဆောက်အအုံဆိုင်ရာ သတ်မှတ်ချက်များ၊ အဆောက်အအုံ စံချိန် စံညွှန်း
- စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ

(ဒဒ) ပြည်ထောင်စုအစိုးရ၏သီးခြားတာဝန်ပေးအပ်သည့် အောက်ဖော်ပြပါ အထူးဖွံ့ဖြိုးရေး စီမံကိန်းများကို ဆောင်ရွက်သွားပါမည်-

- နေပြည်တော် အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် လိုအပ်သည့် အိမ်ရာ စီမံကိန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆက်လက်ဆောင်ရွက် ပါမည်။
- ရတနာပုံနည်းပညာမြို့သစ် စီမံကိန်းရေးဆွဲခြင်း၊ ထားဝယ် အထူး စီးပွားရေးဇုန် စီမံကိန်းနှင့် သီလဝါ အထူးစက်မှုဇုန် စီမံကိန်း၊ ကျောက်ဖြူ အထူးစက်မှုဇုန်စီမံကိန်း အထောက်အကူပြု လုပ်ငန်း များကို ဆောင်ရွက်ပါမည်။
- အမျိုးသားနယ်မြေဒေသ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း လုပ်ငန်း စဉ်တွင် ပါဝင်ဆောင်ရွက်မည်။

၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**(က) ပို့ဆောင်ရေး**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကက) မြန်မာနိုင်ငံ၏ ပြည်တွင်း၊ ပြည်ပ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာ လေကြောင်း အဖွဲ့ချုပ်တို့၏ သတ်မှတ် ပြဋ္ဌာန်းချက်များအတိုင်း အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်ပြီး လေကြောင်းပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံခြားချေးငွေ၊ နိုင်ငံခြား အထောက်အပံ့များရယူ၍ လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူ

များနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းခြင်းနှင့် ပုဂ္ဂလိကနှင့်အစိုးရ ပူးပေါင်းသည့်စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေကို မဖြစ်မနေ လိုအပ်သည့် အခါမှသာ ကျခံသုံးစွဲ ဆောင်ရွက်ရေး၊

( ၂ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(ကက)လုပ်ငန်းဆောင်ရွက်မှု

- ရေကြောင်း/လေကြောင်းဖြင့် ခရီးသည်နှင့်ကုန်စည် ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှချမှတ်သည့် နှစ်စဉ်ဂျီဒီပီ တိုးတက်မှုနှုန်းထက်ပိုမို ရရှိအောင် ဆောင်ရွက်သွားရန်။
- အကျိုးသက်ရောက်မှုရှိသော ပို့ဆောင်ရေး ကွန်ယက်စနစ်အားဈေးကွက် တောင်းဆိုမှုအရ ဖြည့်ဆည်းပေးခြင်း အယူအဆနှင့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေ ပြောင်းလဲမှုအပေါ် အခြေခံ၍ တည်ထောင်ဆောင်ရွက် သွားရန်။
- ရေကြောင်းနှင့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍများတွင် အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား အပြန်အလှန်အကျိုး ဖြစ်ထွန်းစေသော အခြေအနေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရန်။
- ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲ တိုးတက်နေစေရန် လေ့ကျင့် ဆောင်ရွက်ပေးမည်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေး အရည်အချင်းပြည့်ဝသည့် ဝန်ထမ်း များဖြစ်အောင် လေ့ကျင့် မွေးထုတ်ရန်။

(ခခ)ဘဏ္ဍာရေး

- မိမိဝန်ကြီးဌာနက ရှာဖွေနိုင်သည့် ဘဏ္ဍာငွေပေါ်တွင်သာ လုံးလုံးလျားလျားရပ်တည်ရမည်။ အကယ်၍ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် မိမိရှာဖွေသည့် ဘဏ္ဍာငွေဖြင့် လုံလောက်မှု

မရှိပါက ပြည်ထောင်စုအစိုးရ အဖွဲ့ထံ လိုအပ်သော ဘဏ္ဍာငွေ တင်ပြတောင်းခံ ဆောင်ရွက်ရန်။

- နိုင်ငံတော်အတွက် နှစ်စဉ် ဘဏ္ဍာငွေ ရှာဖွေပေးရန်။
- အသားတင်ရှာဖွေသည့် ဘဏ္ဍာငွေထဲမှ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် အောက်ပါ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန်-
  - လေယာဉ်များ/သင်္ဘောများဝယ်ယူ၊ တည်ဆောက်ဖြည့်တင်းရန်။
  - ဆိပ်ကမ်း/လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရန်။

(ဂဂ)အရည်အသွေးမီစီမံခန့်ခွဲမှု

- ခေတ်မီသတင်း နည်းပညာနှင့် အတွေးအခေါ်များ အသုံးပြု၍ အရည်အချင်း ပြည့်ဝသော ဝန်ထမ်းများဖြင့် အရည်အသွေးမီ၊ စီမံခန့်ခွဲမှု စနစ် တည်ဆောက်ရန်။
- စဉ်ဆက်မပြတ် စောင့်ကြည့်သည့် စနစ်ဖြင့် အရည်အသွေး အာမခံ အကဲဖြတ်ခြင်းအား ဆောင်ရွက်သွားရန်။
- လေယာဉ်/ရေယာဉ် မောင်းနှင်သူများနှင့် ပြုပြင်ထိန်းသိမ်းသူများ၏ ကျွမ်းကျင်မှု အဆင့်အတန်းအား စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်သွားရန်။
- စီမံခန့်ခွဲမှုနှင့်လုပ်ငန်း ဆောင်ရွက်သူများ၏ ပင်ကိုယ် အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရန်အတွက် မွမ်းမံသင်တန်းများ ပုံမှန်ဖွင့်လှစ်ပို့ချ လေ့ကျင့်သွားရန်။

(ဃဃ)အလုပ်အကိုင်ရှာဖွေခန့်ထားရေး

- နိုင်ငံသားများ အလုပ်အကိုင်ရရှိရေးအတွက် အသားတင် ရှာဖွေနိုင်သည့် ဘဏ္ဍာငွေ ခွင့်ပြုချက်အတွင်းမှ နိုင်ငံ့ဝန်ထမ်းနှင့် ပုဂ္ဂလိက ဝန်ထမ်းများအား နှစ်စဉ်တိုးမြှင့် ခန့်ထားရန်။
- နိုင်ငံတကာ သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့်

အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက်ရန်။

- နိုင်ငံတကာလေကြောင်းလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် နိုင်ငံသားများအား လေယာဉ်မောင်းသင်ကျောင်းများ တည်ထောင်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်–

(ကက)ပြည်တွင်းရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်လေဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းကဏ္ဍ ကြီးကြပ်ထိန်းသိမ်းမှုများအား အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းများနှင့်အညီ ဖြစ်စေရေး၊ လေကြောင်းအတတ်ပညာ သင်တန်းကျောင်းများကို အပြည်ပြည်ဆိုင်ရာ အဆင့်အတန်း နှင့်အညီဖြစ်စေရေးနှင့် လေဆိပ်နှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်မည်။

(ခခ) ရေကြောင်းကဏ္ဍဆိုင်ရာ ပြဋ္ဌာန်းထားသည့် ပြည်တွင်းနှင့် အပြည်ပြည် ဆိုင်ရာ ဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး စိစစ်ကြီးကြပ်ခြင်း၊ ရေကြောင်း သွားလာမှု အတတ်ပညာများ ပိုမိုတိုးတက်မြင့်မားရေး၊ ပင်လယ်ရေကြောင်း သင်္ဘောသားများ၏ အရည်အသွေးမြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရေယာဉ်များ ဆားအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်မည်။

(ဂဂ) မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများအပါအဝင် မြစ်ချောင်းများ၏ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းခြင်းလုပ်ငန်း၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလွှမ်းမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးအတွက် မြစ်ပြုပြင် ခြင်း လုပ်ငန်းများအား နည်းပညာနှင့် ခေတ်မီရေယာဉ်နှင့် အထောက်အကူ ပစ္စည်းများ ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက နိုင်ငံတကာ အကူအညီရယူ ဆောင်ရွက်မည်။

(ဃဃ)မိုးလေဝသလုပ်ငန်းနှင့် ဇလဗေဒလုပ်ငန်းများအတွက် အခြေခံ တိုင်းထွာရေး စခန်းများ၊ မုန်တိုင်းပြရေဒါစခန်း၊ ဂြိုလ်တု တိမ်ပုံဖမ်း စခန်း၊ အထူးတိုင်းထွာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းများကို နှစ်အလိုက် ဆောင်ရွက်မည်။

(ငင) ကမ္ဘာ့အဆင့်မီ ရေကြောင်းဆိုင်ရာ ကောလိပ်နှင့် တက္ကသိုလ်များ ပေါ်ထွန်းလာရေးအတွက် နိုင်ငံတကာအဆင့်မီသင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြု သင်ကြား နိုင်ရေး၊ အရည်အချင်းပြည့်ဝသော ရေကြောင်းအရာရှိလောင်းများ မွေးထုတ် ပေးနိုင်ရေးတို့အား ဆောင်ရွက်မည်။

(စစ) ဈေးကွက် လိုအပ်ချက်နှင့်အညီ လေကြောင်းခရီးဖြင့် ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပခရီး လမ်းကြောင်း ကွန်ယက်တည်ဆောက်ခြင်း၊ လက်ရှိ လေကြောင်း လိုင်းအား ဖက်စပ်လေကြောင်းလိုင်းအဖြစ် ထူထောင်ဆောင်ရွက် ခြင်း၊ ဆက်စပ်လေကြောင်းလုပ်ငန်းများ တိုးချဲ့ အကောင်အထည် ဖော်ခြင်းနှင့် ခရီးသည်နှင့်ကုန်စည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်မည်။

(ဆဆ)ပြည်တွင်းရေကြောင်းရေယာဉ်များ ပြေးဆွဲလျက်ရှိသော မြစ်ကြီးများ တစ်လျှောက်ရှိ မြို့ကြီးများအကြား လူနှင့်ကုန်ပစ္စည်းများ ပို့ဆောင် ရေးအတွက် ကွန်ယက်စနစ် တည်ဆောက်ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်း၊ ရေယာဉ်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားပါမည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး များအတွင်း ခရီးသည်တင် ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်း သွားလာရေး၊ ခရီးသည်နှင့် ကုန်ပစ္စည်းများ အန္တရာယ် ကင်းရှင်းရေး တို့အတွက် ရေယာဉ်များ ဆိုက်ကပ်ရာ မြို့များတွင် ရေယာဉ် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များကို ပြည်နယ်နှင့်တိုင်းဒေသကြီး

အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ထိန်းသိမ်းကြီးကြပ်ရန် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (ဗဟို) ကို ဖွဲ့စည်းဆောင်ရွက်မည်။

(ဇဇ) ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရေနက်ဆိပ်ကမ်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ဆိပ်ကမ်း ဆက်သွယ်မှု ကွန်ယက်တိုးချဲ့ တည်ဆောက်ခြင်း၊ ပြည်ပ သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ လွယ်ကူချောမွေ့စွာဝင်၊ ထွက်သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းတိုးချဲ့ ထိန်းသိမ်းခြင်း၊ ဆိပ်ကမ်းနယ်မြေ သာယာလှပရေးနှင့် ကမ္ဘာ့အဆင့်အတန်းမီ ဆိပ်ကမ်းများအဖြစ်သို့ ရောက်ရှိရေးတို့ကို ဆောင်ရွက်မည်။

(ဈဈ) ဈေးကွက် လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များတည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် သင်္ဘောတည်ဆောက် သည့် လုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဖြင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်မည်။

**(ခ) ရထားပို့ဆောင်ရေး**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်–

(ကက) ရထားပို့ဆောင်ရေး ဝန်ကြီးဌာနသည် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍ တို့၌ တိုးတက်အောင် ဆောင်ရွက်ရေး၊

(ခခ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် ကုန်းလမ်း သယ်ယူပို့ဆောင်ရေး အပိုင်းမှ အထောက်အကူပြု ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိရောက်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ရန်။

(ခခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်။

(ဂဂ) မော်တော်ယာဉ်များဖြင့် စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေး ဆိုင်ရာ များ လုပ်ကိုင်ရာတွင် စနစ်တကျဖြစ်စေရန်။

(ဃဃ)ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲ တိုးတက် နေစေရန် လေ့ကျင့် ဆောင်ရွက်ပေးရန်။

(ငင) ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှ နိုင်ငံများအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် တန်းတူ ယှဉ်ပြိုင်နိုင်ရေး၊ ဒုတိယအဆင့် အနေဖြင့်ဖွံ့ဖြိုးပြီး အရှေ့အာရှနှင့် အနောက်နိုင်ငံများကို အမီလိုက်နိုင်အောင် ဆောင်ရွက်ရန်။

(စစ) မြန်မာ့မီးရထား စီးနင်းခနှင့် ကုန်စည်တန်ဆာခနှုန်းများကို တိုးမြှင့် ကောက်ခံမှုအပေါ် ပြည်သူမှယုံကြည်အားကိုးမှု အပြည့်အဝရရှိ စေရန် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဖြည့်ဆည်းဆောင်ရွက်ရန်။

(ဆဆ)အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော အခြေအနေများနှင့်အညီ ပွင့်လင်း မြင်သာစွာ ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့် မြှင့်တင်ခြင်း၊သံလမ်းဆက်စပ် ပစ္စည်းများနှင့် ကွန်ကရစ် ဇလီဖား များ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက် အဦးနှင့်အခြား လိုအပ်ချက်များ ဖြည့်တင်း ဆောင်ရွက်မည်။

(ခခ) ကသာ-ဗန်းမော်၊ ပျော်ဘွယ်-နတ်မောက်-မကွေး၊ မင်းဘူး-အမ်း- စစ်တွေ၊ ပုသိမ် (ဘဲဂရက်)-ရန်ကုန် (လှိုင်သာယာ)နှင့် ဟသ်ာတ-

ညောင်တုန်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအား ဆက်လက် ဆောင်ရွက်မည်။

(ဂဂ) တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ထပ်မံတည်ဆောက်မည့် ကွန်ကရစ်ဇလီဖား စက်ရုံ (၁၁) ရုံမှ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ပြီး ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ပဲခူး-မော်လမြိုင် ရထားလမ်းကို အဓိကထား၍ လည်းကောင်း၊ ကျန်ရထားလမ်းပိုင်း ထိန်းသိမ်းထားနိုင်ရုံ လည်းကောင်း လဲလှယ်မည်။

(ဃဃ)ရန်ကုန်-မန္တလေး ၊ မန္တလေး-မြစ်ကြီးနား ၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး- ထားဝယ်နှင့် ရန်ကုန်-ပြည်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီး ရထားလမ်း တိုးတက် ကောင်းမွန်ရေး၊ အဆင့်မြှင့်တင်ရေးအပြင် ဘူတာရုံများ အဆင့်မြှင့်တင်ရေး၊ သန့်ရှင်း သာယာ လှပရေးကို ဆောင်ရွက်မည်။

(ငင) စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံနှင့် လူစီးတွဲသစ် တည်ဆောက် ရေး စက်ရုံတို့ကို ဆက်လက်တည်ဆောက်ပြီး လိုအပ်သော စက်ခေါင်း သစ်နှင့် လူစီးတွဲသစ် များထုတ်လုပ်မည်။

(စစ) စက်ခေါင်းများ၊ လူစီးတွဲ၊ ကုန်တွဲများနှင့် စက်အရန်ပစ္စည်းများ ဝယ်ယူ၍ လိုအပ်သည့် စက်ခေါင်းနှင့်တွဲများ တည်ဆောက် ဖြည့်တင်းရေးနှင့် အရည်အသွေး ကောင်းမွန်ရေး ဆောင်ရွက်မည်။

(ဆဆ)ရန်ကုန်-မန္တလေးလမ်းပိုင်း ရထားသွားလာမှု ဘလောက် စနစ်များ ပိုမို ကောင်းမွန်ရေး၊ ရထားများ အရှိန်မြှင့်တင်နိုင်ရေး၊ မတော်တဆမှု ပပျောက်ရေး ဆောင်ရွက်မည်။

(ဇဇ) ကုန်းလမ်းပို့ဆောင်ရေး ယာဉ်ဟောင်းများ နေရာတွင် ယာဉ်သစ်/ ပြုပြင်ပြီး ယာဉ်များအား စီအင်န်ဂျီနှင့် လောင်စာဆီ (၂) မျိုးလုံး သုံးနိုင်သော အင်ဂျင်ပါရှိသည့် ယာဉ်များနှင့် အစိမ်းရောင် နည်းပညာ ဖြစ်သော ပေါင်းစပ်ယာဉ်များ ပြေးဆွဲနိုင်ရေး ဆောင်ရွက်မည်။

(ဈဈ) မြို့တွင်းဘတ်စ်ကားလိုင်း ပြေးဆွဲခြင်းအား သတင်းအချက်အလက် နည်းပညာအသုံးပြုပြီး ငွေပေးချေသည့်စနစ်ဖြင့် အာဆီယံအဆင့်မီ

ပြေးဆွဲနိုင်ရေး၊ အမျိုးသမီး သီးသန့်စီးယာဉ်များ ပြေးဆွဲနိုင်ရေး ဆောင်ရွက်မည်။

(ညည)လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်တော်ယာဉ် မောင်းသင်တန်းကျောင်းများ၊ မော်တော်ယာဉ်ပြင်ဆင်ရေး အလုပ်ရုံ နှင့် မော်တော်ယာဉ်စက်ပြင် ဒီပလိုမာ သင်တန်းကျောင်းများကို ဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားမှုအား အာဆီယံအဆင့်အတန်းနှင့်အညီ သင်ကြားမည်။

(ဋဋ) ယာဉ်များ စနစ်တကျ စစ်ဆေးနိုင်ရန် ခေတ်မီစက်ကိရိယာများ တပ်ဆင်ခြင်း၊ ယာဉ်စစ်ရုံ၊ ယာဉ်မောင်းစစ်ကွင်းများ တည်ဆောက်ခြင်း ဆောင်ရွက်မည်။

(ဌဌ) တမူးနှင့်ခန္တီးတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးသစ်များ ဖွင့်လှစ် ဆောင်ရွက်မည်။

(ဍဍ) ဒေသများတန်းတူ ဖွံ့ဖြိုးတိုးတက်စေပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်လာစေရန်အတွက် ကချင်ပြည်နယ် မိုးညှင်းမြို့၊ စစ်ကိုင်းတိုင်း ကသာမြို့၊ ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာ အဝေးပြေးကားဝင်းတို့တွင် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ရုံးခွဲများ တည်ဆောက်မည်။

(ဎဎ) ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးဆောင်ရွက်မည်။

(ဏဏ)ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့နည်းကျဆင်းရေးအတွက် အခြားသော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်။

၁၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ**

(၁)မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)လက်ရှိကျင့်သုံးနေသော စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းဆိုင်ရာ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများကို ခေတ်၊ စနစ်နှင့် လျော်ညီအောင် ပြင်ဆင် ရေးဆွဲခြင်း အတည်ပြုခြင်းများ ဆောင်ရွက်ရေး၊

(ခခ) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍ တည်ဆောက်မှု လုပ်ငန်းများကို ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းမှုပုံစံဖြင့် ပါဝင် ရင်းနှီး မြှုပ်နှံမှု ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပြီး ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများတွင်လည်း ပြည်တွင်း/ ပြည်ပ ပုဂ္ဂလိကကဏ္ဍ ဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့် ပါဝင်ရေး၊

(ဂဂ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို အစိုးရ၏ ဘတ်ဂျက်ငွေကို မှီခိုအသုံးပြုခြင်း မပြုတော့သည့် ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်၍ ဝင်ရောက်လာမည့် နိုင်ငံတကာ ဆက်သွယ်ရေး ဝန်ဆောင်မှု ကုမ္ပဏီများနှင့် ယှဉ်ပြိုင် ဆောင်ရွက်ရေး၊

(ဃဃ) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး ရွေးချယ် အသုံးပြုနိုင်သည့် ယှဉ်ပြိုင်မှုရှိသော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများရရှိရန် နည်းလမ်းများ ရှာဖွေ ဆောင်ရွက်ရေး၊

(ငင) နိုင်ငံတကာ အတွေ့အကြုံရှိပြီး လက်ရှိ ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ပြည်ပ ဆက်သွယ်ရေးကုမ္ပဏီကြီးများ ပါဝင်ဆောင်ရွက်ရန် နိုင်ငံတကာ ဆက်သွယ်ရေးဆိုင်ရာ တင်ဒါ ခေါ်ယူရွေးချယ်၍ အပြိုင်အော်ပရေတာများဖြင့် ပြည်သူများ စိတ်ကြိုက် ရွေးချယ်သုံးစွဲနိုင်မည့် နည်းလမ်းများကို ရှာဖွေ ဆောင်ရွက်ရေး၊

(စစ) မိုဘိုင်းတယ်လီဖုန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြည်သူများသို့ အဆင့်ဆင့် ဈေးနှုန်းလျော့နည်း တပ်ဆင်ပေးနိုင်ရန်နှင့် ကျေးလက်နေ ပြည်သူများအထိ မိုဘိုင်းတယ်လီဖုန်းများ သုံးစွဲနိုင်ရန် ဆောင်ရွက်ရေး၊

(ဆဆ)ပြည်တွင်း/ပြည်ပ စာပို့တိုက်လုပ်ငန်းများကို သတင်းအချက်အလက် နည်းပညာဖြင့်လည်းကောင်း၊ ခေတ်မီစက်ပစ္စည်း ကိရိယာများကို အသုံးပြု၍ ပြည်တွင်း စာပို့တိုက်လုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့်

ပူးပေါင်း၍လည်းကောင်း၊ အစိုးရ/ပုဂ္ဂလိက ဖက်စပ်ကုမ္ပဏီထူထောင်၍ လည်းကောင်း ဝန်ဆောင်မှုအရည် အသွေးကို တိုးမြှင့်ရေး၊

(ဓဓ) ဆက်သွယ်ရေး စက်ပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို အချိုးအစားမျှတစွာ ရင်းနှီး မြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးပေးရေး၊

(ဈဈ) ကြေးနန်းလုပ်ငန်းများကို သတင်းအချက်အလက်နှင့် နည်းပညာဖြင့် တွဲဖက်၍ ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများအတွက် အရန်ဆက်သွယ်ရေးစနစ်အဖြစ် ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ရေး၊

(ညည)ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊

(ဋဋ) မိုဘိုင်းတယ်လီဖုန်းများအား တပ်ဆင် အသုံးပြုသွားရာတွင် နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ အသုံးပြုနိုင်သော စနစ်ဖြစ်သည့် ကြိုးမဲ့ ဆက်သွယ်ရေး (အထူးသဖြင့်မိုဘိုင်းဆက်သွယ်ရေးစနစ်) နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစနစ်နှင့်အထက် သုံးစွဲနိုင်ရန် သတ်မှတ်ထားရှိပြီး ဆောင်ရွက်ရေး၊

(ဌဌ) ကြိုးမဲ့ဆက်သွယ်ရေး (အထူးသဖြင့် မိုဘိုင်း ဆက်သွယ်ရေးစနစ်) နည်းပညာ ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစနစ် မိုဘိုင်းဖုန်းနှင့် အင်တာနက်အသုံးပြုနိုင်မည့် ကိစ္စရပ်များအပြင် ဆက်သွယ်ရေး ဝန်ဆောင်မှုများဖြစ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၊ နည်းပညာဆိုင်ရာ ဂေဟာစနစ်ဖြစ်သော (ဥပမာ-အစိုးရဌာန အချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ခြင်း၊ အွန်လိုင်းမှတဆင့် ဗီဇာလျှောက်ထားခြင်း၊ အွန်လိုင်းမှတဆင့် ကုန်ပစ္စည်း ဝယ်ယူခြင်း၊ အွန်လိုင်းမှတဆင့် လိုင်စင်ရယူခြင်း၊ အွန်လိုင်းမှတဆင့် ငွေပေးချေခြင်းစနစ်၊ အွန်လိုင်းမှတဆင့် ငွေတောင်းခံခြင်းစနစ် စသည်ဖြင့်) တို့ကိုလည်း အသုံးပြုနိုင်ရန် ဆောင်ရွက်ရေး၊

(၂)ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွား မည်ဖြစ်ပြီး တယ်လီဖုန်းသိပ်သည်းဆ ကို ၂၇ ရာခိုင်နှုန်း ထိလည်းကောင်း၊ အင်တာနက်ထိုးဖောက် သုံးစွဲမှုကို ၁၀ ရာခိုင်နှုန်း အထိလည်းကောင်း၊ တိုးတက်သုံးစွဲနိုင်ရေး ဆောင်ရွက်ရန်၊

(ခခ) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် အင်တာနက်ဝန်ဆောင်မှုကို ပြည်သူများ စိတ်ကြိုက်ရွေးချယ် အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ရန်၊

(ဂဂ) မြို့ပြနှင့် ကျေးလက် တယ်လီဖုန်း သိပ်သည်းဆ တစ်ပြိုင်နက်အချိုးညီ တိုးတက်စေရေးအတွက် မျှော်မှန်းချက် အနေဖြင့် အသစ်ဖြစ်ပေါ်လာမည့် အော်ပရေတာများမှ လုပ်ငန်းဆောင်ရွက်ရာတွင်ရရှိမည့် ဝင်ငွေ၏ အချိုးတစ်ခုကို နေရာဒေသမရွေး ဆက်သွယ်မှုရရှိစေခြင်း ရန်ပုံငွေအဖြစ်ထူထောင်ပြီး ကျေးလက်ဒေသ တယ်လီဖုန်းသိပ်သည်းဆနှင့် ဝန်ဆောင်မှု လုပ်ငန်းများအချိုးညီ တိုးတက်လာစေရန် ဆက်သွယ်ရေး ဥပဒေ(မူကြမ်း)တွင် ထည့်သွင်းရေးဆွဲထားရှိ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် နိုင်ငံခြား အထောက်အပံ့/ ချေးငွေများရယူလျှက် ဒစ်ဂျစ်တယ် ဆယ်လူလာနည်းပညာကို အသုံးပြု၍အသံနှင့် အချက်အလက် ဝန်ဆောင်မှု ပေးသည့်စနစ် (ဒုတိယမျိုးဆက်)/ ဒစ်ဂျစ်တယ် ဆယ်လူလာ နည်းပညာကို အသုံးပြု၍အသံနှင့် အချက်အလက် ဝန်ဆောင်မှုပေးသည့်စနစ် (တတိယမျိုးဆက်) မိုဘိုင်း တယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းကိုဆောင်ရွက်မည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက်ငွေကို မှီခိုအသုံးပြုခြင်း မရှိတော့သည့် ကော်ပိုရေးရှင်းအဖွဲ့အစည်းအဖြစ် ၂၀၁၃ ခုနှစ်မှ ပြောင်းလဲဆောင်ရွက်ပြီး၊

ဆက်သွယ်ရေး ကော်ပိုရေးရှင်း၏ ကိုယ်ပိုင်ရန်ပုံငွေများ၊ နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ချေးငွေနှင့် အထောက်အပံ့များ၊ နည်းပညာများ ရယူလျက် လုပ်ငန်းဆောင်ရွက်မည်။

(ခခ) ထို့အတူ နိုင်ငံတော်မှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများကို ခွင့်ပြုထားသည့် ရတနာပုံ တယ်လီပို့ကုမ္ပဏီ လီမိတက်ကိုလည်း အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲ ဖွဲ့စည်းသွားမည်။

(ဂဂ) ဆက်သွယ်ရေး ကော်ပိုရေးရှင်းမှ မြန်မာတယ်လီကွန်းကုမ္ပဏီ၊ ရတနာပုံ တယ်လီပို့ ကုမ္ပဏီတို့နှင့်အပြိုင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ရွေးချယ်ပေးသော သီးခြားအော်ပရေတာ ကုမ္ပဏီ (၁) ခု သို့မဟုတ် (၂) ခု အား ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဝန်ဆောင်မှုကို ယှဉ်ပြိုင်လုပ်ကိုင် ဆောင်ရွက်စေမည်။

(ဃဃ)နိုင်ငံတော်၏ တယ်လီဖုန်းသိပ်သည်းဆ ၂၇ ရာခိုင်နှုန်းအထိ တိုးတက် ရရှိအောင် ဆောင်ရွက်ပါမည်။

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က)ဘဏ္ဍာရေးနှင့်အခွန်**

(၁)မူဝါဒမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားရေး၊

(၂)ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)နိုင်ငံတော်အတွက် ထိရောက်သည့် ဘဏ္ဍာရေးမူဝါဒများ ချမှတ်၍ နိုင်ငံတော်၏ ဘဏ္ဍာငွေ တိုးတက်ရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်ပြီး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးကိုတိုးမြှင့် ဆောင်ရွက်

ပေးရေးစသည့် ကဏ္ဍများတွင် အသုံးစရိတ်များ တိုးမြှင့်ခွဲဝေရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုး တိုးတက်မှုအတွက် ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို အထောက်အကူ မပြုသည့် အသုံးစရိတ်များ လျှော့ချခြင်းဖြင့် ရသုံးမှန်းခြေငွေစာရင်း လိုငွေကို တဖြည်းဖြည်း ကျဆင်းသွားစေပြီး ရငွေသုံးငွေ မျှတသည့် နှစ်ဖက်ညီ ရသုံးမှန်းခြေ ငွေစာရင်း ဖြစ်ပေါ်စေရန်။

(ခခ) နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များ လွတ်ကင်းမှုမရှိဘဲ အပြည့်အဝ ကောက်ခံရရှိရေးနှင့် ခေတ်မီတိုးတက်သည့် အခွန်ဌာန ဖြစ်လာစေရန်နှင့် အခွန်ထမ်း ပြည်သူများအား ကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများနှင့် အစိုးရ အတွက် အားထားယုံကြည်လောက်သော အခွန်ဌာနအဖြစ် ပြုပြင် ပြောင်းလဲနိုင်ရန်။

(ဂဂ) နိုင်ငံ့တာဝန် ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများ ပင်စင် ယူသည့်အခါ မိမိခံစားခွင့်ရှိသော ပင်စင်အကျိုးခံစားခွင့်များကို အမြန် ရရှိ ခံစားနိုင်စေရန်။

(ဃဃ)နိုင်ငံတော်အတွင်း စီးပွားရေး၊ငွေရေးကြေးရေးလုပ်ငန်းများ ရှင်သန် ဖွံ့ဖြိုးရေးအတွက် ခိုင်မာပီပြင်သော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒ များ၊ ငွေရေးကြေးရေး ပံ့ပိုးမှုနှင့် ငွေရေးကြေးရေးဆိုင်ရာ အကြံပေး အထောက်အကူပြုရေး ကြီးကြပ်ကွပ်ကဲမှုများ၊ ဝန်ဆောင်မှုများပေး ရေးအတွက် စနစ်တကျ စီမံကိန်းမူဘောင်များ ချမှတ်ဆောင်ရွက်ရန်။

(ငင) နိုင်ငံတော်၏ ငွေကြေးစီးဆင်းလည်ပတ်မှု တည်ငြိမ်ရေးအတွက် ပြည်သူပြည်သားများထံမှ အပ်ငွေများစုဆောင်းမှု တိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် ကုန်ထုတ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်း ကဏ္ဍများ အရှိန်အဟုန် မြင့်တိုးတက်အောင် နှစ်တို/ နှစ်ရှည်၊ နှစ်ခြင်းဆပ် ချေးငွေများ ထုတ်ချေး၊ ဖြည့်ဆည်းပေးခြင်း တို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ရန်။

(စစ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ပြည်တွင်းဘဏ် လုပ်ငန်းတွင် ဦးဆောင်ဘဏ်တစ်ခုအနေဖြင့် ရပ်တည်နိုင်ရန်။

(ဆဆ)နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်ရေးတွင် နိုင်ငံခြားငွေကြေး ထိန်းသိမ်းမှုလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ဆိုင်သော နိုင်ငံတကာ ငွေပေးငွေယူ လုပ်ငန်းများ၊ နိုင်ငံတကာ ဘဏ်များနှင့် ရင်ဘောင်တန်း၍ ခေတ်နှင့်အညီ တိကျမြန်ဆန်သော ဝန်ဆောင်မှု ပေးရန်။

(ဇဇ) အခြေခံလူတန်းစားများ၏ စားဝတ်နေရေး ဖူလုံစေရေးအတွက် ငွေကြေး လိုအပ်ချက်အား အတိုးနှုန်းသက်သာစွာဖြင့် အထောက် အကူပြုစေရန်။

(ဈဈ) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် အာမခံထားရှိမှုများ ပိုမို ကျယ်ပြန့် လာစေရန်နှင့် နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် ဆုံးရှုံးပျက်စီးမှုများကို အာမခံထားရှိမှု အတိုင်းအတာအလိုက် အစားထိုးပေးလျော်ရန်။

(ညည)အသက်အာမခံ လုပ်ငန်းအား ခေတ်နှင့်ဆီလျော်အောင် ဆောင်ရွက် သွားရန်။

(ဋဋ) နိုင်ငံတော် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍ ကိုပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေး ကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် ရေးဆွဲ ထားသောဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာအဆင့် အတန်းနှင့် အညီဖြစ်စေရန်။

(၃)လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ

- မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ ပြဋ္ဌာန်းပြီးပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ် နည်းဥပဒေများ ရေးဆွဲဆောင်ရွက်သွားမည်။
- နိုင်ငံခြားဘဏ် လုပ်ငန်းများအား မြန်မာနိုင်ငံအတွင်း ဝင်ရောက်လုပ်ကိုင်နိုင်ရေး ပထမအဆင့် အနေဖြင့် နိုင်ငံခြားဘဏ်နှင့်ပြည်တွင်းဘဏ်များအား ဖက်စပ် လုပ်ကိုင်ခွင့်ပြုမည်။
- အီလက်ထရောနစ် ဘဏ်လုပ်ငန်း၊ မိုဘိုင်း ဘဏ်လုပ်ငန်းများအား ဆောင်ရွက် ခွင့်ပြုမည်။

(ခခ) အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ

- ပုဂ္ဂလိကကဏ္ဍကိုအာမခံလုပ်ငန်းလုပ်ခွင့်ပြုမည်။
- အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေသစ်ပြဋ္ဌာန်းမည်။
- တစ်ဆင့်အာမခံအဖွဲ့အစည်းတစ်ရပ်ထူထောင်မည်။
- လေ့ကျင့်သင်ကြားမှုအဖွဲ့အစည်းတစ်ရပ်ထူထောင်မည်။

(ဂဂ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ငွေကြေးအထောက်အကူပေးမှု တိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ

- သတ်မှတ်ချက်များနှင့် ပြည့်မီသည့် အာမခံပစ္စည်းလုံးဝ မပေးနိုင်သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အားငွေချေးပေးရန် အသေးစားငွေချေး အဖွဲ့အစည်းများ တိုးချဲ့တည်ထောင်မည်။
- အာမခံပစ္စည်း ရာနှုန်းပြည့်မပေးနိုင်သော အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် အာမခံပေးရန်ချေးငွေအာမခံ ကော်ပိုရေးရှင်းကို တည်ထောင်မည်။

- အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များကို မြန်မြန်ဆန်ဆန် ငွေထုတ်ချေးပေးနိုင်ရန် ချေးငွေဆိုင်ရာသတင်း အချက်အလက် ဗဟိုဌာန ကိုတည်ထောင်မည်။
- အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ထိထိရောက်ရောက် ငွေထုတ်ချေးရန် အသေးစားနှင့် အလတ်စား ငွေကြေးကုမ္ပဏီများ တည်ထောင်ခွင့်ပြုမည်။
- အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ကို အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား ငွေကြေးပိုမို ဖြည့်ဆည်းထောက်ပံ့ ပေးနိုင်ရေး ဆောင်ရွက်မည်။

(ဃဃ) ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ

- ငွေကြေးကိုင်တွယ် သုံးစွဲမှုပမာဏ လျှော့ချရေးအတွက် ချက်လက်မှတ်များ အသုံးပြု၍ ငွေပေးချေခြင်းနှင့် ငွေပေးချေကဒ်များ သုံးစွဲခြင်း အလေ့အကျင့် ရရှိစေရေးအတွက် အသိပညာပေးခြင်း၊ ယင်းစနစ်အောင်မြင်စေရေးအတွက် လိုအပ်ချက်များအားပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ပေးမှုကို ဆောလျင်စွာဆောင်ရွက်မည်။
- မြန်မာငွေပေးချေမှုကဒ် (အမ်ပီယူ)ကို ပထမအဆင့်အနေဖြင့် ပြည်တွင်းဘဏ်များတွင် စတင်အသုံးပြုရန်၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံတကာ သုံးငွေပေးချေမှုကဒ်များဖြစ်သော တရုတ်ငွေပေးချေမှုကဒ်၊ ဗီဇာကဒ်၊ မာစတာကဒ်နှင့် အာဆီယံကဒ်များအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လက်ခံဆောင်ရွက်သွားနိုင်ပြီး၊ တတိယအဆင့် အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာငွေပေးချေမှုကဒ်အား နိုင်ငံတကာနှင့် ချိတ်ဆက်အသုံးပြု သွားနိုင်ရေး ဆောင်ရွက်မည်။
- ၂၀၁၃ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တွင်နိုင်ငံခြားမှ ငွေပေးချေမှုကဒ်များကို မြန်မာနိုင်ငံတွင်ကျပ်ငွေ(သို့) နိုင်ငံခြားငွေဖြင့် ထုတ်ပေးနိုင်ရေး ဆောင်ရွက်မည်။

- အကြီးစားငွေပေးချေမှု စနစ်များအတွက် ချက်လက်မှတ်များ အလိုအလျောက် စာရင်းရှင်းလင်းခြင်းစနစ်၊ အချိန်နှင့် တပြေးညီ စာရင်းရှင်းလင်းခြင်း စနစ်များကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်မည်။

(ငင) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ

- ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေအား ပြဋ္ဌာန်းပြီးနောက်တွင် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် အားဖွဲ့စည်းမည်။
- ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေအား ပြဋ္ဌာန်းပြီးနောက် ဂျပန်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ မူဝါဒသုတေသနတို့ ပူးပေါင်း၍ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားမည်။
- အများပိုင် ကုမ္ပဏီသစ်များ ဖွဲ့စည်းဆောင်ရွက်ရေးကို အားပေးကူညီသွားရန်နှင့် တည်ရှိပြီးဖြစ်သည့် အများပိုင်မဟုတ်သည့် ကုမ္ပဏီများအား အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဆောင်ရွက်ရေး၊ အလားအလာရှိသော နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများကို အများပိုင်ကုမ္ပဏီသို့မဟုတ် ဖက်စပ်ကုမ္ပဏီအဖြစ်ဆောင်ရွက်ရေးအတွက် တိုက်တွန်းမည်။
- အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအား ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (သို့မဟုတ်) အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ ဖွဲ့စည်း အားပေးဆောင်ရွက်မည်။
- အရင်းအနှီးဈေးကွက်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများဆောင်ရွက်သွားမည်။

(စစ) အခွန်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ

- အခွန်ရုံးများမှ အခွန်စည်းကြပ် ကောက်ခံသည့်စနစ်မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ ကူးပြောင်းဆောင်ရွက်သွားမည်။
- ပထမအဆင့် အခွန်ထမ်းကြီးများရုံးများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း စတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။
- အခွန်ထမ်းကြီးများရုံးများအတွက် အခွန်ထမ်းများ ရွေးချယ်ခြင်း၊ ဝန်ထမ်းများရွေးချယ် သင်တန်းပေးခြင်းတို့အား ၂၀၁၃ ခုနှစ် အတွင်း ဆောင်ရွက် သွားမည်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေး အဖွဲ့အစည်းများ ကဏ္ဍာပါ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာတို့နှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) ပညာရေး**

(၁)မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) အခြေခံပညာ

- နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ပေးရေး၊
- မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ရေး၊
- တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊
- တစ်သက်တာ လေ့လာသင်ယူသော ပညာရေးစနစ်နှင့် လူ့အဖွဲ့အစည်း ပေါ်ထွန်းရေး၊
- ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ ပေါ်ထွန်းရေး၊
- ဒီမိုကရေစီစနစ် ပြဋ္ဌာန်းထွန်းကားရေး၊

(ခခ) အဆင့်မြင့်ပညာ

- နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ပေးရေး၊
- တစ်မျိုးသားလုံးပညာရည်မြင့်မားစေရေး၊

- တစ်သက်တာ လေ့လာသင်ယူသော ပညာရေးစနစ်နှင့် လူ့အဖွဲ့အစည်း ပေါ်ထွန်းစေရေး၊
- ကျွမ်းကျင်သောအသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ ပေါ်ထွန်းစေရေး၊
- ဒီမိုကရေစီစနစ်ပြန့်ပွားထွန်းကားစေရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) အခြေခံပညာ

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာ တတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန်။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် အခြေခံကောင်းများ ရရှိလာစေရန်နှင့် တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှုနှင့် ရိုင်းပင်းကူညီမှုများ တိုးတက်ဖြစ်ထွန်းလာစေရန်။
- လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာအခြေခံများ သင်ကြားပေးရန်။
- ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးနှင့် ထက်မြက်ရေးအတွက် အထောက်အကူပြုစေမည့် သိပ္ပံပညာကို သင်ကြားပေးရန်။
- နိုင်ငံတော်၏ ယဉ်ကျေးမှု အနုပညာ စာပေ ထိန်းသိမ်းရေးနှင့် တိုးတက်ရေး အတွက် ဝိဇ္ဇာပညာကိုလည်း သင်ကြားပေးရန်။
- အဆင့်မြင့်တက္ကသိုလ် ပညာကို ဆက်လက်သင်ယူနိုင်ရေးအတွက် ခိုင်မြဲသော ပညာအခြေခံ တည်ဆောက်ပေးရန်။

(ခခ) အဆင့်မြင့်ပညာ

- မြန်မာနိုင်ငံ၏ ပညာရည် အဆင့်သည် အာဆီယံနှင့် နိုင်ငံတကာပညာရည်အဆင့် ဖြစ်စေရန်။
- တက္ကသိုလ် အကြီးအကဲ၏ ထိရောက် ထက်မြက်သော ဆောင်ရွက်နိုင်မှုဖြင့် သက်ဆိုင်ရာ တက္ကသိုလ် သင်ကြားရေး

ဆိုင်ရာ ပညာအရည်အသွေး တိုးတက်ရေး၊ အဆင့်မီ တက္ကသိုလ် ဖြစ်ရေး၊ သုတေသနပြုရေး၊ နိုင်ငံတကာ ဆက်ဆံရေး ကိစ္စရပ်များကို ဆောင်ရွက်လာနိုင်ရန် (ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတက္ကသိုလ် ဖြစ်ပေါ်ရန်)။

- ပြည်တွင်း တက္ကသိုလ်များနှင့် နိုင်ငံတကာ တက္ကသိုလ်များ ပညာရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကို ပိုမို မြှင့်တင်ဆောင်ရွက်ရေး၊ ပြည်တွင်း တက္ကသိုလ်များတွင် နိုင်ငံတကာရှိ တက္ကသိုလ်များ ပူးပေါင်း၍ ပညာရပ်နယ်ပယ် အလိုက် (စီအိုအီး) များ တည်ထောင်ရန်။
- "နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်း" များကို ပညာရေး ကဏ္ဍတွင် သာမကအေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက် နေသည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သော အခြားသော ကဏ္ဍများတွင်လည်း ဆောင်ရွက်နိုင်ရန်၊ တက္ကသိုလ် များတွင် ဆောင်ရွက်သော သုတေသနလုပ်ငန်းနှင့် သုတေသန တွေ့ရှိချက်များသည် လက်တွေ့ နယ်ပယ်တွင် အသုံးချနိုင်သော အဆင့် ရောက်ရှိစေရန်။
- ဘက်စုံဖွံ့ဖြိုး တိုးတက်၍ လက်တွေ့ နယ်ပယ်တွင် အသုံးချ နိုင်သော ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် "ပုဂ္ဂလိကပိုင်း ဆိုင်ရာ ရင်းနှီးမြှုပ်နှံခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း"များ၊ ပုဂ္ဂလိကနှင့် နိုင်ငံတော် ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းများ၊ တက္ကသိုလ်များ တည်ထောင်ရန်၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကပိုင် တက္ကသိုလ်များ တည်ထောင်ရန်။
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုက်ရိုက် အထောက်အကူပြုသည့် စီးပွားရေးနယ်ပယ် အသီးသီးက လိုအပ် လျက်ရှိသည့် "အလယ်အလတ်တန်းစား ကျွမ်းကျင်သူ လူ့စွမ်းအား အရင်းအမြစ်များ" ပြုစုပျိုးထောင် မွေးထုတ်ခြင်းကို ဦးစားပေးဆောင်ရွက်ရန်။

- တက္ကသိုလ်များသည် တက္ကသိုလ် အင်္ဂါရပ်နှင့် ပြည့်စုံသော ပညာရပ် ဝန်းကျင်ကောင်းများနှင့် ပြည့်စုံသည့် တက္ကသိုလ်များ ဖြစ်လာစေရန်။
- တက္ကသိုလ်များသည် နိုင်ငံတကာ တက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများက အသိအမှတ်ပြုသည့် တက္ကသိုလ် ဖြစ်စေရန်။
- တက္ကသိုလ်များက ချီးမြှင့်သော ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များသည် နိုင်ငံတကာ တက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများက အသိအမှတ်ပြုသည့် ဘွဲ့၊ ဒီပလိုမာ လက်မှတ် ဖြစ်စေရန်။
- တက္ကသိုလ်များက မွေးထုတ်သော ဘွဲ့ရများသည် လက်တွေ့နယ်ပယ်တွင် ကျွမ်းစွာ အသုံးချနိုင်သော နိုင်ငံ့အကျိုးပြု ပညာရပ်များ တတ်မြောက်သည့် ဘွဲ့ရများ ဖြစ်စေရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) အခြေခံပညာ

- မသင်မနေရ မူလတန်းပညာရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်မည်။
- အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းနေမြဲရေး လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်မည်။
- အခြေခံပညာသင်ဆုနှင့် ပညာသင် ထောက်ပံ့ကြေးများ ချီးမြှင့်ပေးမည်။
- အခြေခံပညာ မူလတန်းအဆင့်တွင် ကလေးဗဟိုပြု သင်ယူမှုချဉ်းကပ်နည်းဖြင့် ထိရောက်စွာ အသုံးပြု သင်ကြားမည်။
- ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေး လုပ်ငန်းများကို တစ်နိုင်လုံးအတိုင်းအတာအရ လွှမ်းခြုံမှုရှိစေမည်။
- ဘက်စုံပညာထူးချွန်သူများ ရွေးချယ်ချီးမြှင့်ရေး၊ ကင်းထောက်အဖွဲ့နှင့် ကြက်ခြေနီ အသင်းများ ဖွဲ့စည်းဆောင်ရွက်မည်။

- ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် ပုဂ္ဂလိက ကဏ္ဍမှပါဝင် ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေး ပြည့်မီသော ကိုယ်ပိုင်ကျောင်းများ ပေါ်ထွန်းလာမည်။
- ပညာရေးစီမံခန့်ခွဲမှု နှင့် သတင်းအချက်အလက် စနစ် ဖွံ့ဖြိုးတိုးတက်စေမည်။
- အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေသည့် ပညာရည် စစ်ဆေး တိုင်းတာမှုစနစ် ပေါ်ထွန်းစေမည်။
- သင်ကြားမှု အရည်အသွေး မြင့်မားရေးနှင့် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း ဆရာအတတ်ပညာ ဖွံ့ဖြိုးမှု လုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်မည်။
- ကျောင်းပြင်ပ ပညာရေး လုပ်ငန်းများကို ကြိုးပမ်း အကောင်အထည်ဖော်မည်။
- အခြေခံပညာ ကျောင်းများတွင် အရည်အသွေးမီ သင်ကြားသင်ယူမှု ပတ်ဝန်းကျင် ဖြစ်ထွန်းစေမည်။
- အလေးထား ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
    - မသင်မနေရ မူလတန်းပညာကို ရှေ့ပြေး စမ်းသပ်မှုအဖြစ် (၄) မြို့နယ် ရွေးချယ်၍ အကောင်အထည်ဖော်မည်ဖြစ်ပြီး တွဲဖက်မူလတန်းကျောင်း (၁၀၀၀) ကျော်ကို မူလတန်းကျောင်းခွဲအဖြစ် အဆင့်မြှင့်တင်ပေး၍ ဆွဲခန့် ဆရာများဖြည့်ဆည်းပေးမည်။
    - နယ်စပ်ဒေသ၊ ဝေးလံခေါင်းပါးသော နေရာများ နှင့် ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများရှိ မူလတန်းကျောင်း (၉၀၀) ကျော်တွင် ကျောင်းသားဦးရေ နည်းသော်လည်း ထိရောက်စွာ သင်ကြားနိုင်ရေးအတွက် ဆရာများ တိုးချဲ့ ခန့်ထားမည်။

- ဆွဲခန့်ဆရာ (၁၂၀၀၀)ဦး ခန့်ထားရန် လျာထားချက်မှ အဆင့်မြှင့်တင်ပေးသည့် မူလတန်း ကျောင်းခွဲများနှင့် နယ်စပ်ဒေသ၊ ဝေးလံ ခေါင်းပါးသော ဒေသများရှိ မူလတန်းကျောင်းများတွင် ဆရာအင်အား လိုအပ်ချက်အရ ခွဲဝေ ခန့်ထားပေးမည်။
- ကလေးများ ကိုယ်ကာယဖွံ့ဖြိုးရေးအတွက် ရက်သတ္တပတ် သင်ချိန်ဇယားပါ ကာယ အချိန်များတွင် ကိုယ်ခန္ဓာ ကျန်းမာရေး လေ့ကျင့်ခန်း၊ ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ နှင့် သီဆိုလှုပ်ရှား ကစားနည်း၊ ယှဉ်ပြိုင်ကစားနည်း၊ စုပေါင်း ကစားနည်းများဖြင့် အားကစား လှုပ်ရှားမှုများ ပြုလုပ်စေမည်။
- ဥပမိရုပ် မကောင်းသည့် ကျောင်းများကို ဥပမိရုပ် ညှိဖျှင်းမှု အနည်းအများ အလိုက် အဆင့် သတ်မှတ်၍ ဦးစားပေး အစီအစဉ်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ပေါင်း (၁၃၀၀၀) ကျော် ကျခံ၍ ပြုပြင် ပေးမည်။

(ခခ) အဆင့်မြင့်ပညာ

- တက္ကသိုလ်၊ ကောလိပ်များရှိ သိပ္ပံဓါတ်ခွဲ၊ လက်တွေ့ခန်းများ တွင်ဓါတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးရန်နှင့်ထိရောက်စွာ လက်တွေ့ သင်ကြားနိုင်ရေးအတွက် ဓါတ်ခွဲခန်းပစ္စည်းများ ဝယ်ယူမည်။
- တက္ကသိုလ် ကောလိပ်များရှိ ကျောင်းသား၊ ကျောင်းသူ ဘက်စုံ ဖွံ့ဖြိုး တိုးတက်စေရန် အားကစားကွင်းများ၊ အားကစားရုံများ၊ အားကစား ပစ္စည်းများအား ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း ပံ့ပိုးမည်။
- အရည်အသွေး အာမခံစနစ် တည်ထောင်ရန်နှင့် နိုင်ငံတကာ တက္ကသိုလ်များ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးချဲ့မည်။

- တက္ကသိုလ်ဆရာ၊ ဆရာမများ၊ စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်း များ နှင့် ဓါတ်ခွဲခန်း ကျွမ်းကျင် ဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်စေမည်။
- ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေး မြှင့်တင်စေမည်။
- နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး ဖော်ဆောင်စေမည်။
- အင်္ဂလိပ်စာသင်ကြားမှု မြှင့်တင်စေမည်။
- နိုင်ငံတကာ ဆက်ဆံရေး ဘာသာရပ်၊ ဥပဒေ ဘာသာရပ်၊ စီးပွားရေး ဘာသာရပ် သင်ကြားရေး မြှင့်တင်စေမည်။
- ပညာရေးဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်များတွင် သင်ကြား ရေး မဟာဌာနများ ဖွဲ့စည်းမည်၊
- နိုင်ငံတော်၏ စီးပွားရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက် အထောက်အကူပြုရန်နှင့် လိုအပ်သော အလယ် အလတ် ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများကို တက္ကသိုလ် များမှ အချိန်တိုအတွင်း မွေးထုတ်ပေးနိုင်ရန်အတွက် စက်မှု၊ သက်မွေးပညာရပ် လေ့ကျင့်သင်ကြားရေး သင်တန်းများကို အခြားဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်းရှင်များနှင့် တက္ကသိုလ် များ ပူးပေါင်း၍ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် သင်တန်းများ တိုးချဲ့ဖွင့်လှစ်မည်။
- တက္ကသိုလ်ပညာရပ် ဝန်းကျင်ကောင်းဖန်တီးမည်။
- နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော ကွန်ရက်များ မြှင့်တင်ဆောင်ရွက်မည်။
- တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးစနစ် ပြန်လည်ပြင်ဆင် မည်။
- ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် ပုဂ္ဂလိကအခန်း ကဏ္ဍမှ ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေများ ထုတ်ပြန် ပြဋ္ဌာန်းမည်။

- ပြည်တွင်း ပညာသင်ဆုများ ချီးမြှင့်၍ ဘာသာရပ် အလိုက် ထူးချွန်သော ပညာရှင်များ မွေးထုတ်မည်။

**(ခ) ကျန်းမာရေး**

(၁) မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(ကက)ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်း တိုးတက် မြင့်မားလာစေရေး၊

(ခခ) နိုင်ငံတော်၏ ဦးစားပေး ကျန်းမာရေးပြဿနာများကို ဖြေရှင်းရေး၊

(ဂဂ) မြို့ပြနှင့်ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျော့နည်းစေရေး၊

(ဃဃ) ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များပြည့်မီရေး၊

(ငင) ကျန်းမာရေးစနစ်အားဖြည့် ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(စစ) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှု ရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက် ကောင်းမွန်စွာ ဖြစ်ပေါ်စေရေး၊

(ဆဆ)ပြည်သူဗဟိုပြု ကျန်းမာရေးဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပြီးပြည့်စုံသည့် ကျန်းမာရေး စောင့်ရှောက်မှုကို သာတူညီမျှ ရရှိခံစားနိုင်စေရန်။

(ခခ) တည်ဆဲကျန်းမာရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံးရေး၊ ပြောင်းလဲလာသောအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ရေးနှင့် လိုအပ်သော မူဝါဒနှင့် ဥပဒေသစ်များ ရေးဆွဲနိုင်ရေးအတွက် အမြဲမပြတ် လေ့လာသုံးသပ် အကြံပြုဆောင်ရွက်ရန်။

(ဂဂ) ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစီမံခန့်ခွဲမှုနှင့် စီမံကိန်းများ ချမှတ်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အထောက်အကူ ပြုစေရေးအတွက် တိကျမှန်ကန် ပြည့်စုံသော သတင်းအချက်အလက်များ အချိန်မီ ရရှိနိုင်ရေးအတွက် ကျန်းမာရေး သတင်းစနစ်ကို အားဖြည့်ဆောင်ရွက်ရန်။

(ဃဃ) ရောဂါများနှင့် ကျန်းမာရေး အခြေအနေများအား ပြည်သူ့ကျန်းမာရေး ပြဿနာများ အဖြစ်သို့ ပေါ်ပေါက်လာခြင်း မရှိစေရေးအတွက် ကြိုတင်မျှော်မှန်း စီမံဆောင်ရွက်ရန်နှင့် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေသော ရောဂါနှင့် ကျန်းမာရေး အခြေအနေများ လျော့နည်း ပပျောက်စေရန်။

(ငင) မိခင်၊ မွေးကင်းစနှင့် ကလေးသူငယ်များ ဘဝသက်တမ်းတစ်လျှောက် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရန်။

(စစ) အခြေခံ/အဓိကဆေးဝါးများ၊ ကာကွယ်ဆေးနှင့် တိုင်းရင်းဆေးဝါးများကို လုံလောက်စွာ ရရှိစေရေးအတွက် ဆောင်ရွက်ရန်။

(ဆဆ) အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးကင်းလုံခြုံ စိတ်ချရေး၊ လုပ်ငန်းခွင် ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ပြည်သူ့ ကျန်းမာရေး ဓါတ်ခွဲလုပ်ငန်းများ တိုးချဲ့ရေးကိုဆောင်ရွက်ရန်။

(ဇဇ) ပြည်သူအားလုံး၏ ဘဝသက်တမ်း တစ်လျှောက် ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များကို သိရှိလိုက်နာ ကျင့်သုံး နိုင်စေရေးနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်။

(ဈဈ) ကျန်းမာရေး စောင့်ရှောက်မှု အမျိုးအစားအလိုက် လိုအပ်မည့် ကျန်းမာရေး လူ့စွမ်းအားစုများကို အရည်အသွေး ပြည့်ဝစွာ လေ့ကျင့်မွေးထုတ်ခြင်းနှင့် မွေးထုတ်ထားသည့် စွမ်းအားစုများကို နိုင်ငံအကျိုးပြု ဝန်ထမ်းများအဖြစ် ခန့်ထား တာဝန်ပေးအပ်နိုင်ရေးတို့ကို ဟန်ချက်ညီ စီမံဆောင်ရွက်ရန်။

(ညည)အခြေခံသုတေသန၊ အသုံးချသုတေသနနှင့် ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစနစ် ဆိုင်ရာသုတေသနများကို ဟန်ချက်ညီညီ တိုးမြှင့် ဆောင်ရွက်ရန်။

(ဋဋ) ပြည်သူလူထု၏ ကျန်းမာရေး အဆင့်မြှင့်တင်ရာတွင် ကျန်းမာရေး နှင့် နှီးနွယ်ဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်။

(ဌဌ) ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် နိုင်ငံတကာ ကျန်းမာရေး လုပ်ငန်းစဉ် များနှင့် လိုက်လျောညီထွေရှိသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာ စေရေး ဦးတည်ဆောင်ရွက်ရန်။

(ဍဍ) နိုင်ငံတကာ ကျန်းမာရေး လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဎဎ) ဆင်းရဲနွမ်းပါးမှုလျော့ချရေး စီမံချက်နှင့်အညီ အခြေခံကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

(၃)လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(ကက)မိမိနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိပြီး ခေတ်စနစ်နှင့် ကိုက်ညီသည့် ကျန်းမာရေးမူဝါဒနှင့် ဥပဒေများ ချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်မည်။

(ခခ) ပြည်သူလူထု၏ လိုအပ်ချက်အပေါ် အခြေခံ၍ကဏ္ဍနှင့် ဒေသအလိုက် ကျန်းမာရေး စီမံကိန်း၊ စီမံချက်များ ညှိနှိုင်းရေးဆွဲ ဆောင်ရွက်မည်။

(ဂဂ) ကျန်းမာရေး စီမံခန့်ခွဲမှုသတင်းစနစ် အားဖြည့်ဆောင်ရွက်ရေးအတွက် ကျန်းမာရေး သတင်းအချက်အလက်များ စနစ်တကျ ပြုစုရေးဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေးနှင့် ခေတ်မီ ဆက်သွယ်ရေး နည်းပညာများ အသုံးပြုမည်။

(ဃဃ)ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ရောဂါများ ကာကွယ် နှိမ်နင်းရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်။

(ငင) ကူးစက်မဟုတ်သော ရောဂါများနှင့် ကျန်းမာရေး ပြဿနာများ ကာကွယ် ထိန်းသိမ်းရေး၊ ထိရောက်သော ကုသမှုပေးရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်။

(စစ) ကျေးလက်/နယ်စပ် ဒေသနှင့် မြို့ပြဆင်ခြေဖုံး ဒေသများတွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းဖြင့် ကျန်းမာရေးစောင့်ရှောက် မှုပေးရေးနှင့် လွှမ်းခြုံမှု မြှင့်တင်မည်။

(ဆဆ)မိခင်၊ မွေးကင်းစနှင့် ကလေးဘဝကာလများ အပါအဝင်ဘဝ သက်တမ်းတစ်လျှောက် ရောဂါဖြစ်ပွားမှု၊ မသန်စွမ်းနှင့် သေဆုံးမှု များ လျော့နည်း ကျဆင်းလာစေမည်။

(ဇဇ) ကျောင်းသားကျောင်းသူ လူငယ်များ အပါအဝင်ပြည်သူ လူထု နယ်ပယ်တွင် ကျန်းမာရေး အသိပညာ တိုးပွားရေးနှင့် လိုက်နာ ကျင့်သုံးရေးကိုဆောင်ရွက်မည်။

(ဈဈ) ကုသမှုအရည်အသွေး မြှင့်တင်ရေးနှင့် လွှမ်းခြုံမှု တိုးတက်ရေး အတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ် တည်ဆောက်ခြင်း၊ ဆေးဝါး၊ ဆေးရုံသုံးပစ္စည်းကိရိယာ တိုးချဲ့ဖြည့်ဆည်းပေးရေးနှင့် ပြည်သူ့ကျန်းမာရေးဓါတ်ခွဲခန်း လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်မည်။

(ညည)အဆင့်မီ ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းများ ဥပဒေနှင့်အညီ ပေါ်ထွန်း ရေးနှင့် အရည်အသွေး ထိန်းသိမ်းမည်။

(ဋဋ) အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ အရည်အသွေး ပြည့်မီ၍ အန္တရာယ်ကင်းရှင်းမည်။

(ဌဌ) အဓိကဆေးဝါး၊ အခြေခံဆေးဝါး၊ ကာကွယ်ဆေးများ၊ တိုင်းရင်း ဆေးဝါးများ အလုံအလောက်ရရှိရေး၊ သိုလှောင်ရေး၊ ဖြန့်ဖြူးရေး များ စနစ်တကျ ဖြစ်စေမည်။

(ဍဍ) အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ရေး နှင့် အစွမ်းထက်သော တိုင်းရင်းဆေးများ ဖော်ထုတ်အသုံးပြုမည်။

(ဎဎ) ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးပြည့်ဝစေရန် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပြည်တွင်းပြည်ပ

အဆင့်မြင့် ပညာများလေ့ကျင့် သင်ကြားပေးနိုင်ရန် နိုင်ငံတကာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ် ပူးပေါင်းမှုကို တိုးမြှင့် ဆောင်ရွက်မည်။

(ဏဏ)အရည်အချင်း ပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအားစုများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့် အညီ လေ့ကျင့်မွေးထုတ်မည်။

(တတ)ကျန်းမာရေး လူ့စွမ်းအားစုများကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဝေးလံသောနယ်စွန်နယ်ဖျား ဒေသများတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ခံစားခွင့်နှင့် ထောက်ပံ့ကြေးများ ပိုမိုရရှိရေးကို ဆောင်ရွက်မည်။

(ထထ)ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံသုတေသန၊ အသုံးချ သုတေသနနှင့် ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစနစ်ဆိုင်ရာ သုတေသနများကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် ဆေးနှင့် ကျန်းမာရေး ဆိုင်ရာ တက္ကသိုလ်များတွင် သုတေသန လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်မည်။

(ဒဒ) ကျန်းမာခြင်းကို အထောက်အကူ ဖြစ်စေသည့် အခြေအနေများကို တိုးတက် ကောင်းမွန်စေမည်။

(ဓဓ) ဂင်ငွေနည်း ပြည်သူလူထုအတွက် ပြည်သူလူထု အခြေပြု လူမှု ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရေးနှင့် ကျန်းမာရေး ဖေါင်ဒေးရှင်းများနှင့် အခြားသင့်လျော်သည့် အစီအစဉ်များ ဖြစ်ပေါ် လာစေရန် ကူညီ ဆောင်ရွက်ပေးမည်။

(နန) ကျန်းမာရေးနှင့် နီးနွှယ် ဆက်စပ်နေသည့် ဌာန၊ အဖွဲ့အစည်းများ ပုဂ္ဂလိကများနှင့် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်မည်။

(ပပ) ကျန်းမာရေးကဏ္ဍ တိုးတက် မြင့်မားစေရန် ပြည်တွင်းပြည်ပ အကူအညီများအား စနစ်တကျအသုံးချမည်။

**(ဂ)ကာကွယ်ရေး**

(၁)မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)နိုင်ငံတော် အခြေခံမူ၊ ပုဒ်မ (၂၀)၊ ပုဒ်မခွဲ (က၊ င နှင့် စ) တို့တွင် ဖော်ပြထားသည့် အတိုင်း တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ် တပ်မတော်ဖြစ်သည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့်ရှောက်ရန် တပ်မတော်တွင် အဓိက တာဝန်ရှိသည်။ တပ်မတော် သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ် စောင့်ရှောက် ရန် အဓိက တာဝန်ရှိသည်။

(ခခ) အခြေခံ ဥပဒေနှင့်အညီ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်စောင့်ထိန်းနိုင်သော အင်အားတောင့်တင်းပြီး ခေတ်မီ၍ စွမ်းရည် ထက်မြက်သော စည်းကမ်း ပြည့်ဝသည့် တစ်ခုတည်းသော တပ်မတော် တည်ဆောက် မည်။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)တပ်မတော်သည် (ကြည်း/ရေ/လေ) တပ်ဖွဲ့များကို စံကိုက်တပ်မတော် (ကြည်း၊ရေ၊လေ) ဖြစ်လာစေရန်အတွက်

- အင်အားတောင့်တင်းရေး
- ခေတ်မီရေး
- စွမ်းရည်ထက်မြက်ရေး
- မျိုးချစ်ပြည်ထောင်စုတပ်မတော် ဖြစ်ရေးတို့ကို ဆောင်ရွက်မည်။

(ခခ) ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တည်ဆောက်လျက်ရှိသော အေးချမ်း သာယာ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်၏ ပိုင်နက် မြေပြင်၊ ရေပြင်၊ ဝေဟင်အား ထာဝစဉ် လုံခြုံ ငြိမ်းချမ်းအောင် ကာကွယ် စောင့်ရှောက်မည်။

(ဂဂ) တပ်မြို့စည်ပင်သာယာရေး အဖွဲ့အတွက် သတ်မှတ်ဘဏ္ဍာငွေ ခွင့်ပြုချက်အတွင်း ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းနှင့်အညီ သုံးစွဲစေပြီး တပ်မြို့စည်ပင် သာယာရေးအဖွဲ့ (၉)ဖွဲ့ကိုလည်း တပ်နယ်အတွင်း စည်ပင်သာယာရေး၊ ကျန်းမာရေး၊ စည်းကမ်း သေဝပ်ရေးတာဝန်များကို ဆောင်ရွက်စေ၍ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း) ကိုယ်စား စစ်ထောက်ချုပ်ရုံးမှ ဥပဒေနှင့်အညီ စီမံ ကြီးကြပ်ဆောင်ရွက်မည်။

(၃) လုပ်ငန်းစဉ်များ မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ကာကွယ်ရေးရငွေများ စနစ်တကျရရှိ ပေးသွင်းခြင်းနှင့် အသုံးစရိတ်များကို အလေအလွင့်မရှိ အကျိုးရှိစွာအသုံးချရေး၊ လိုအပ်ချက်အရ သုံးစွဲခဲ့သော ငွေကြေးမီမျာအပေါ် စာချုပ်ပါ ကတိအတိုင်း အရင်းနှင့် အတိုး ပေးဆပ်မည်။

(ခခ) တပ်မတော်(ကြည်း၊ ရေ၊ လေ) တစ်ရပ်လုံးအတွက် လစာနှင့် စရိတ်များအား သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ကျခံ ဆောင်ရွက်မည်။

(ဂဂ) တပ်မတော်အတွက် လိုအပ်သောရိက္ခာ၊ စက်သုံးဆီစသော ထောက်ပံ့ရေး၊ ဖြည့်တင်းရေး၊ ပစ္စည်းများ ဝယ်ယူဖြည့်တင်း ထုတ်ပေးမည်။

(ဃဃ)စစ်မှုထမ်းပို့ဆောင်ရေး၊ စစ်ပစ္စည်း ပို့ဆောင်ရေး ကိစ္စများအတွက် ဆောင်ရွက်မည်။

(ငင) စစ်အင်ဂျင်နီယာဆိုင်ရာ ကိစ္စရပ်များ အတွက် ထိန်းသိမ်းရေးနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်၊ ပစ္စည်းအသုံး အဆောင်များ (လေယာဉ်များ၊ သင်္ဘောများ၊ မော်တော်ယာဉ်များ) ပြုပြင်ထိန်းသိမ်းမည်။

(စစ) တပ်မတော်ရှိ တက္ကသိုလ်များ၊ စစ်ကျောင်းကြီးများအတွက် လေ့ကျင့်ရေး ဆိုင်ရာကိစ္စများဆောင်ရွက်ခြင်း၊ ပြည်ပသင်တန်းများသို့ ထူးချွန်သည့် အရာရှိ၊ စစ်သည်များ စေလွှတ်မည်။

(ဆဆ)အစိုးရဌာန အချင်းချင်း လုပ်ငန်းကိစ္စကို အွန်လိုင်းမှ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမည်။

(ဇဇ) ၂၀၁၃ ခုနှစ်တွင် (၂၇) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက် အာဆီယံ (ကြည်း) တပ်ဦးစီးချုပ်များ အစည်းအဝေးအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်။

(ဈဈ) ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကွပ်ကဲမှုအောက် ကာကွယ်ရေးပစ္စည်း၊ စက်ရုံ၊အလုပ်ရုံများအား ခေတ်နှင့် လျော်ညီစွာ တည်ဆောက်ရေး၊ အုပ်ချုပ်မှု၊ လူနေ အဆောက်အဦ များပါ ဆောက်လုပ်ပေးရေး၊ စက်ပစ္စည်းများ တပ်ဆင်ဖြည့်ဆည်း ထုတ်လုပ်မည်။

(ညည)စွမ်းရည်အဆင့် မြှင့်တင်ရေးအတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအား နိုင်ငံတကာ တပ်မတော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး လေ့ကျင့်မည်။

(ဋဋ) တပ်မတော် (ကြည်း၊ ရေ၊ လေ) ၌ လိုအပ်နေသော အုပ်ချုပ်မှု၊ လူနေမှုနှင့် နည်းပညာဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ တပ်တွင်း လမ်းများ ဖောက်လုပ်ခြင်း အဆင့်မြှင့်တင်မည်။

(ဌဌ) စစ်ဆင်ရေးလမ်း၊ တံတားများ ပြုပြင် ထိန်းသိမ်းမည်။

(ဍဍ) နိုင်ငံခြားရှိ တပ်မတော်ပိုင် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံး အဆောက်အဦများ ပြုပြင်ထိန်းသိမ်းမည်။

(ဎဎ) တစ်မျိုးသားလုံး၏ အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး တိုးတက်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်း/တပ်ဖွဲ့များ အလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တပ်မတော် စက်ရုံ၊ အလုပ်ရုံများအတွက် ကုန်ကြမ်း ထုတ်လုပ်ရေး၊ စက်မှုကုန်ကြမ်း သီးနှံများ စိုက်ပျိုး ထုတ်လုပ် ပေးသွင်းမည်။

(ဏဏ)တပ်မတော်မှ သိမ်းယူထားသည့် မြေများအတွက် နစ်နာသူများအား လျော်ကြေးများ ပေးချေရေး ဆောင်ရွက်မည်။

(တတ)စစ်ဝတ်၊ ရိက္ခာနှင့် ဆေးဝါးများသာ ထုတ်လုပ်သော တပ်မတော် စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်မည့် စက်ရုံအဆောက်အဦ၊ လူနေ

အဆောက်အဦ၊ အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် စက်ကိရိယာနှင့် ပရိဘောဂများ တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းမည်။

(ထထ)တပ်မတော် (ကြည်း၊ရေ၊လေ) အတွက် လိုအပ်သော ရေယာဉ်၊ လေယာဉ်အပါအဝင် စစ်အသုံးအဆောင် ယန္တရားပစ္စည်းများ၊ လက်နက်ခဲယမ်းများ ဖြည့်တင်းဆောင်ရွက်မည်။

(ဒဒ) စစ်အင်ဂျင်နီယာဆိုင်ရာယာဉ်များ၊ ယန္တရားများနှင့် အင်ဂျင်နီယာဆိုင်ရာ ပစ္စည်းများ ဖြည့်တင်းဆောင်ရွက်မည်။

(ဓဓ) ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူ ဖြည့်တင်း ထုတ်ပေးမည်။

(နန) စစ်သည်နှင့် မိသားစုများအား ဆေးဂန်ထမ်း တပ်ဖွဲ့ဖြင့် လုံလောက်သော ဆေးအကာအကွယ်ပေး၍ ကုသပေးမည်။

(ပပ) စစ်သည်နှင့် မိသားစုများအား အနည်းဆုံးအခြေခံပညာ အထက်တန်းအောင်မြင်သည်အထိ ပညာရေး ပံ့ပိုးမှုပေးမည်။

(ဖဖ) စစ်သည်နှင့် မိသားစုများအား တစ်ဦးချင်းကျန်းမာ၊ ကြံ့ခိုင်ရန်နှင့် တပ်ဖွဲ့စိတ်များ ကိန်းအောင်းလာစေရန်၊ အားကစားနည်းမျိုးစုံကို ချီးမြှင့် အားပေးမည်။

(ဗဗ) စစ်သည်မိသားစုများအား တပ်မတော်သားဘဝကို ဂုဏ်ယူ လို စိတ်၊ မျိုးချစ်စိတ်ထက်သန်ရေး၊ ရေဒီယို၊ ရုပ်/သံ၊ စာနယ်ဇင်း၊ မီဒီယာ ပံ့ပိုး စီစဉ်ပေးမည်။

(ဘဘ)တပ်မြို့ စည်ပင်သာယာရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ ကြီးကြပ် အကောင်အထည်ဖော်မည်။

(မမ) ခေတ်မီ၍ အင်အားတောင့်တင်းပြီး စည်းကမ်းပြည့်ဝသော ပြည်သူ့မျိုးချစ် တပ်မတော်တစ်ရပ် တည်ဆောက်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း ဆိုင်ရာမြင့်မားရေးအတွက် လိုအပ်ချက်များအား စဉ်ဆက်မပြတ် ဖြည့်ဆည်း ဆောင်ရွက်သွားမည်။

(ယယ)စီမံကိန်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စစ်သည်တစ်ဦးချင်းဖြစ်စေ၊ တပ်ဖွဲ့လိုက်ဖြစ်စေ ဒို့တာဝန် အရေးသုံးပါးကို အစဉ်ဦးထိပ်ထား၍ မူဝါဒ၊ ရည်မှန်းချက်များ မပျောက်ပျက်စေဘဲ စစ်သည်တော်ကျင့်ဝတ် (၆၀)နှင့်အညီ ကျင့်ကြံဆောင်ရွက်မည်။

**(ဃ) သိပ္ပံနှင့် နည်းပညာ**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ပြည်သူလူထုအား တိုက်ရိုက် အကျိုးပြုနိုင်သည့် သုတေသန လုပ်ငန်းများနှင့် သဘာဝ အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်ရေးဆိုင်ရာ သုတေသန လုပ်ငန်းများ ရှာဖွေဖော်ထုတ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး၊

(ခခ) ဒေသတွင်း သိပ္ပံနှင့်နည်းပညာ သင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိလာခြင်းဖြင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်း ပိုမိုမြင့်မားလာပြီး အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာနှင့် ကွန်ပျူတာ အသိပညာရှင်အတတ်ပညာရှင်များ ပြုစုပျိုးထောင်ရေး၊

(ဂဂ) နျူကလီးယား နည်းပညာအား ကျွမ်းကျင် တတ်မြောက်၍ လက်တွေ့အသုံးချနိုင်သောပြည်သူ့အကျိုးပြု သုတေသနလုပ်ငန်းဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)နိုင်ငံတော်အတွက် အကျိုးပြုမည့်သုတေသန နယ်ပယ်အသီးသီးတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအား ပြည်တွင်း/ ပြည်ပ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် အတူလက်တွဲဆောင်ရွက်ရန်။

(ခခ) နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များကို အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များအဆင့်သို့ ပဉ္စမကာလတိုင်းနှစ်

စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရောက်ရှိစေရန်။

(ဂဂ) ပုဂ္ဂလိကကဏ္ဍအတွင်း နည်းပညာအခြေပြုသည့် လုပ်ငန်းအသစ်များ ပေါ်ထွန်းလာစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရေးအတွက် နည်းပညာရှင်များ လေ့ကျင့် မွေးထုတ်သွားရန်။

(ဃဃ)နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျန်းမာရေး၊ စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ဇီဝလောင်စာ အသုံးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်မည်။

(ခခ) မြန်မာ့တိုင်းရင်းဆေးပင်များ၏ အာနိသင် သက်ရောက်မှုကို စမ်းသပ်ခြင်း သုတေသန လုပ်ငန်းဆောင်ရွက်မည်။

(ဂဂ) ကျေးလက်နေ ပြည်သူများအတွက် သန့်ရှင်းသည့်သောက်ရေရရှိရေး သုတေသန လုပ်ငန်းဆောင်ရွက်မည်။

(ဃဃ)သင်ရိုးညွှန်းတမ်းများကို အာဆီယံဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်မီစေရေးအတွက် ပြုပြင်ရေးဆွဲပြီး ဘာသာရပ်နှင့် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ရည်ညွှန်းစာအုပ်များ လေ့လာဖတ်ရှုနိုင်သည့် ခေတ်မီအီလက်ထရောနစ် စာကြည့်တိုက်များ ထူထောင်ပေးမည်။

(ငင) သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ/ ကျောင်းများ၏သင်ကြားမှုစနစ်နှင့် စာမေးပွဲစစ်ဆေးသည့် စနစ်များကို ခေတ်ကာလနှင့်အညီ အာဆီယံဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်မီဖြစ်စေရန် ဆောင်ရွက်မည်။

(စစ) နိုင်ငံတကာ တက္ကသိုလ်များတွင် ဆောင်ရွက်သကဲ့သို့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အသုံးပြု၍ အီလက်ထရောနစ် သင်ကြားရေးစနစ် ထူထောင်ဆောင်ရွက်သွားမည်။

(ဆဆ)ဆရာ၊ ဆရာမများ၏ သင်ကြားရေးဆိုင်ရာ စွမ်းရည်တိုးမြှင့်နိုင်ရန်အတွက် စက်မှုဆရာဖြစ်သင်သိပ္ပံ စတင်ဖွင့်လှစ်ပြီး နောင်အချိန်တွင် တက္ကသိုလ်အဆင့်အထိ တိုးမြှင့်ဆောင်ရွက်မည်။

(ဇဇ) အလုပ်ခွင်ဗဟိုပြု သင်ကြားမှုစနစ် ဖြစ်ပေါ်လာစေရန် စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်၍ ကျွမ်းကျင်မှုအဆင့်အတန်း သတ်မှတ်ခြင်းအား အာဆီယံနိုင်ငံများ၏ သတ်မှတ်အဆင့်ရရှိရေး ဆောင်ရွက်သွားမည်။

(ဈဈ) စာသင်ခန်း၊ အလုပ်ရုံ၊ စာကြည့်တိုက်များ၊ သင်ထောက်ကူပစ္စည်းများ အဆင့် မြှင့်တင်မည်။

(ညည)တက္ကသိုလ်များ၏ အပြည်ပြည်ဆိုင်ရာ သုတေသနနှင့်ပညာရေး ပူးပေါင်း ဆောင်ရွက်မှုများ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်မည်။

(ဋဋ) နိုင်ငံတကာအဆင့်မီ မြန်မာ့ သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်ကို အိန္ဒိယသမ္မတနိုင်ငံ အကူအညီဖြင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် စီမံကိန်းကာလအတွင်း တည်ထောင် ဖွင့်လှစ် သွားမည်။

(ဌဌ) နျူကလီးယား နည်းပညာ ပိုမိုအသုံးပြုနိုင်ရေး သုတေသန ဆောင်ရွက်မည်။

(ဍဍ) အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင်အေဂျင်စီ ကဲ့သို့သော အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ပြည်တွင်းဆွေးနွေးပွဲများ ကျင်းပခြင်း၊ အခြားဝန်ကြီးဌာနများအတွက် နျူကလီးယားနည်းပညာသစ်များ ရရှိရေး ဆောင်ရွက်မည်။

(ဎဎ) နာနိုနည်းပညာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည်။

(ဏဏ)မြေရှားသတ္တု၊ လီသီယမ်သတ္တုနှင့် သတ္တုရိုင်းများအား ဘူမိဗေဒ လုပ်ငန်းဖြင့် ရှာဖွေစမ်းသပ် ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်။

(တတ)နို့ထွက်ကောင်းသော မြန်မာ့နွားမျိုးသစ်များ ပေါ်ထွန်းအောင် ဆောင်ရွက်မည်။

(ထထ)ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးနိုင်သော ဇီဝမြေသြဇာထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ဘက်တီးရီးယားနှင့် မှိုများအား မွေးမြူမျိုးပွားခြင်း၊ အပင် မျိုးရိုးဗီဇဆဲလ်များထုတ်၍ အပင်မျိုးများ မပျောက်ပျက်စေရေး လုပ်ငန်းများ ဆောင်ရွက်မည်။

(ဒဒ) အမျိုးသားဓါတ်ခွဲခန်းထူထောင်ဆောင်ရွက်မည်။

၁၃။ ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍပါ လူမှုရေးကဏ္ဍများနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

**(က) ပြန်ကြားရေး**

(၁) မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှု ရုပ်သံ လွှင့်လုပ်ငန်း အနေဖြင့် ပြောင်းလဲဆောင်ရွက်ရေး၊

(ခခ) တီဗွီ နှင့်ရေဒီယိုကို အန်တာလော့ စနစ်မှ ဒီဂျစ်တယ်စနစ်သို့ အဆင့်လိုက် ပြောင်းလဲဆောင်ရွက်ခြင်း၊ ရုပ်သံလိုင်းအသစ်များ တိုးချဲ့ထုတ်လွှင့် သွားရန် ဆောင်ရွက်ရေး၊

(ဂဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအား ပြန်ကြားရေး ဝန်ကြီးဌာန၏ ပြန်ကြားရေး လုပ်ငန်းနှင့်ဆိုင်သော စည်းမျဉ်း စည်းကမ်းများကို ပင်မဦးစီးဌာန တစ်ခုအနေဖြင့် တာဝန်ယူ ဆောင်ရွက်ပြီး ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု အသိ ပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ဃဃ)ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်ဌာနခွဲသည် ယနေ့ နိုင်ငံတကာတွင် တိုးတက် ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊

အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် နည်းပညာဆိုင်ရာများကို ပြည်သူများသို့ အချိန်နှင့် တစ်ပြေးညီ အသိပေးနိုင်ရန် နိုင်ငံတကာမှ ထုတ်ဝေသော စာအုပ်၊ စာစောင်များကို မြန်မာဘာသာသို့ ပြန်ဆို၍ နိုင်ငံတွင်း ထုတ်ဝေဖြန့်ချိရေးနှင့် မြန်မာဘာသာဖြင့် ထုတ်ဝေသော စာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြည်ပသို့ ဖြန့်ချီရေး၊

(ငင) နိုင်ငံပိုင်သတင်းစာများအနက် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများကို "အများပြည်သူဝန်ဆောင်မှု သတင်းစာ"များအဖြစ် ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်ပြီး မြန်မာ့အလင်းအင်္ဂလိပ်သတင်းစာကို နိုင်ငံခြားသား/ နိုင်ငံခြား ကုမ္ပဏီ၊ မြန်မာနိုင်ငံသား/ မြန်မာကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သည့် " ဖက်စပ် လုပ်ငန်း " အဖြစ် ဖွဲ့စည်း ဆောင်ရွက်ရေး၊

(စစ) ပြည်သူလူထုအတွက် ဖျော်ဖြေရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းအဖြစ်ရပ်တည်ပြီး ရုပ်ရှင်လောကအားခေတ်နှင့် အညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူ ဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲပြီး လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်ရန်။

(ခခ) နိုင်ငံအတွင်း ရုပ်သံလွှင့်စက်မှုလုပ်ငန်း ဖွံ့ဖြိုးလာစေရန်။

(ဂဂ) အန်နာလော့စနစ်မှ ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲ၍ ဘက်စုံရုပ်သံလိုင်း ထုတ်လွှင့်ရန်။

(ဃဃ) လွှတ်တော်ရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်း အပါအဝင် ပညာရေး၊ သတင်းစသည့် ကဏ္ဍများအတွက် ရုပ်သံလိုင်းများ တိုးချဲ့ ထုတ်လွှင့်ပေးရန်။

(ငင) လက်ရှိထုတ်လွှင့်နေသော (၂၅) နှစ်သက်တမ်းရှိပြီး အပိုအစိတ်အပိုင်း ဝယ်ယူမရရှိသော ရေဒီယိုအသံလွှင့်စက်များ နေရာတွင် စက်အသစ်ဖြင့် အစားထိုးလဲလှယ်ရန်။

(စစ) ပုံမှန်ပုံရိပ်ဖော်ပြချက်စနစ်မှ အရည်အသွေးမြင့်မားသော အဆင့်မြင့်ပုံရိပ် ဖော်ပြချက်စနစ်ဖြင့်ပြောင်းလဲထုတ်လွှင့်ရန်။

(ဆဆ)တိုင်းရင်းသား ရေဒီယိုအစီအစဉ်တွင် တိုင်းရင်းသားဘာသာများ တိုးချဲ့ထုတ်လွှင့်ခြင်းနှင့် အချိန်တိုးချဲ့ထုတ်လွှင့်ခြင်းများ ဆောင်ရွက်ရန်။

(ဇဇ) မြန်မာပိုင်းအစီအစဉ် နှင့် တိုင်းရင်းသား အစီအစဉ်များကို အရည်အသွေးကောင်းမွန်စွာဖြင့် လွှင့်ထုတ်ရေး နှင့် ဖမ်းယူမရရှိသော နေရာများတွင် အက်(ဖ်)အမ် လွှင့်စက်ရုံများ တည်ထောင်ရန်။

(ဈဈ) အခြား မာတီမီဒီယာ ပလက်ဖောင်းများမှနေ၍ တီဗွီ၊ ရေဒီယို (စမတ်တီဗွီ/ အိုင်ပီတီဗွီ) တီဗွီများ ထုတ်လွှင့်ရန်။

(ညည)ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြန်ကြားရေး လုပ်ငန်းနှင့်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို တာဝန်ယူလျက် ပြည်သူကို ဗဟိုပြုသော အများပြည်သူ ဝန်ဆောင်မှု အသိပညာပေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာအောင် ဆောင်ရွက်ရန်။

(ဋဋ) နိုင်ငံတကာမီဒီယာ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် အကူအညီများ ရယူဆောင်ရွက်ရန်။

(ဌဌ) မူပိုင်ခွင့်လုပ်ငန်းများ ဥပဒေနှင့်အညီ မှတ်တမ်းတင်ရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်။

(ဍဍ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန် - မန္တလေးရှိ စာပေဗိမာန်စာကြည့်တိုက်များကို ခေတ်မီ စာကြည့်တိုက်များအဖြစ် တိုးချဲ့ဖွင့်လှစ်၍ သတင်းဆက်သွယ်မှု ကွန်ရက်များ တည်ထောင်ပေးခြင်းဖြင့် ပြည်သူအများပြည်တွင်း ပြည်ပရှိ စာပေနှင့် သတင်းအချက်အလက် ပညာရပ်များအလွယ်တကူ ဖတ်ရှုလေ့လာရှာဖွေ နိုင်အောင် ဆောင်ရွက် သွားရန်။

(ပပ) ရန်ကုန်နှင့် မန္တလေးရှိ စာကြည့်တိုက် အချင်းချင်းလုပ်ငန်း ကိစ္စရပ်များ ကိုအွန်လိုင်းမှ တဆင့်ဆောင်ရွက်ခြင်းဖြင့် ပီပီပြင်ပြင် တည်ဆောက်ခြင်းနှင့် နီးစပ်သည့် ကွန်ပျူတာ အချင်းချင်း အချက်အလက် ဖလှယ်နိုင်ရန် ချိတ်ဆက်မှု ကွန်ရက် လုပ်ငန်းကို ဆောင်ရွက်သွားရန်။

(ဏဏ)စာပေထုတ်ဝေရေး၌ မြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့် နိုင်ငံခြား စာပေများ အထူးသဖြင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို ထုတ်ဝေရေးနှင့် မြန်မာစာပေမှ မြန်မာနိုင်ငံဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် ယဉ်ကျေးမှုရေးရာ အကြောင်းအရာများကို အင်္ဂလိပ် ဘာသာဖြင့် ပြန်ဆို၍ ပြည်ပသို့ ဖြန့်ချိရေးဆောင်ရွက်သွားနိုင်ရေး စာပေဌာနခွဲလက်အောက်တွင် ဘာသာပြန်ဌာနစုတစ်ခု ထားရှိဆောင် ရွက်ရန်။

(တတ)ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ သက်တမ်းလွန် ပုံနှိပ်စက် များနှင့် အထောက်အကူပြုစက်များကို ခေတ်မီစက်အသစ်ကြီးများ နှင့် အစားထိုး ဝယ်ယူတပ်ဆင်ရန်။

(ထထ)သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများကို အများပြည်သူဝန်ဆောင်မှု သတင်းစာများ အဖြစ် ပြောင်းလဲနိုင်ရန် နိုင်ငံတော်က ရာခိုင်နှုန်းပြည့် ပိုင်ဆိုင်သော "ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း"အဖြစ် ဖွဲ့စည်းဆောင်ရွက်ရန်။

(ဒဒ) မြန်မာ့အလင်း အင်္ဂလိပ် သတင်းစာကို နိုင်ငံခြားသား/နိုင်ငံခြား ကုမ္ပဏီ၊ မြန်မာနိုင်ငံသား/ မြန်မာကုမ္ပဏီနှင့် ပူးပေါင်း ဆောင်ရွက် သည့် "ဖက်စပ်လုပ်ငန်း" အဖြစ် ဖွဲ့စည်းဆောင်ရွက်ရန်။

(ဓဓ) ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင် ကိုယ်ပွားသတင်းစာတိုက် (၁)ခုစီ ဖွင့်လှစ် တည်ထောင်နိုင်ရေး စီမံဆောင်ရွက်ရန်။

(နန) နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ဖျော်ဖြေရေးဆိုင်ရာ လုပ်ငန်းများ၊ ခေတ်မီနည်းစနစ်များနှင့်အညီ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း

ဌာန အဖွဲ့အစည်းများ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်။

(ပပ) မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအတွက် အထောက်အကူပြုမည့် ရိုက်ကူးထုတ်လုပ်သည့် စတူဒီယိုများ ထူထောင်ရေးနှင့် ခေတ်မီရုပ်ရှင်ကိရိယာပစ္စည်းများ အသုံးပြုနိုင်ရေးအတွက် ငှားရမ်းရေး လုပ်ငန်း ဖြစ်ပေါ်လာစေရေးကို အားပေးကူညီသွားရန်။

(ဖဖ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြို့ကြီးများနှင့် လူစည်ကားရာမြို့များတွင် အီလက်ထရောနစ် ကင်မရာစနစ်ကို အခြေခံသည့် ဒစ်ဂျစ်တယ် ရုပ်ရှင် ပြသမှုစနစ်ဖြင့်ပြသနိုင်သော ခေတ်မီအဆင့်မြင့် ရုပ်ရှင်ရုံများ ပေါ်ထွန်း လာစေရေးကို ကူညီဆောင်ရွက်သွားရန်။

(ဗဗ) ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများဖြင့် လည်းကောင်း၊ ပြည်တွင်းမှ လုပ်ငန်းရှင်များဖြင့် လည်းကောင်း ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ် ဖြန့်ချိခြင်း လုပ်ငန်းများကို နိုင်ငံတကာအဆင့်နှင့်အညီ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်သွားရန်။

(၃)လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(ကက) ဈေးငွေဖြင့် တည်ဆောက်ထားသော စတူဒီယိုကွန်ပလက် ရှိ တီဗွီနှင့် ရေဒီယိုပစ္စည်းကိရိယာတန်ဆာပလာများ အတွက် ဈေးငွေပြန်ဆပ်မည်။

(ခခ) ဈေးငွေဖြင့် တည်ဆောက်ထားသော ရေဒီယိုအသံလွှင့်စက် (၄၀၀ ကီလိုဝပ် ) ပိတောက်မြေအတွက် ဈေးငွေ ပြန်ဆပ်မည်။

(ဂဂ) အရှေ့တောင်အာရှအားကစားပွဲတော်အတွက် စက်ပစ္စည်းများ ဝယ်ယူ တပ်ဆင်ခြင်း၊ တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ပြီး ကင်မရာ(၈)ခု ပါသော မော်တော်ယဉ်၊ ရိုက်ကူးရေးလုပ်ငန်းများ ချိတ်ဆက်အသုံးပြုသော စက်ပစ္စည်း၊ ကင်မရာများကို အိတ်ဖွင့်တင်ဒါခေါ် ဝယ်ယူထားပြီး ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် ရောက်ရှိမည်ဖြစ်ပြီး အောက်တိုဘာလ အကုန်ခန့်တွင် အပြီးတပ်ဆင်ပြီးဖြစ်ပါမည်။

(ဃဃ)အရှေ့တောင်အာရှ အားကစားပွဲတော် ကာလအတွက် လိုအပ်သော စက်ပစ္စည်းများ ငှားရမ်းခြင်းနှင့် ငှားရမ်းခ ပေးချေမည်။

(ငင) ၃ ကီလိုဝပ် တီဗွီအသံလွှင့်စက် ( တောင်တွင်းကြီး ) ရုပ်သံစက်ရုံ တိုးချဲ့ တည်ဆောက်မည်။

(စစ) ၁ ကီလိုဝပ် တီဗွီအသံလွှင့်စက် (အမာ) ရုပ်သံစက်ရုံ တိုးချဲ့ တည်ဆောက်မည်။

(ဆဆ)တိုင်းရင်းသား ရေဒီယိုအစီအစဉ် တိုးချဲ့ထုတ်လွှင့်ရန်အတွက် ၅၀ ကီလိုဝပ်လှိုင်းတို ရေဒီယိုအသံလွှင့်စက် (၂စုံ) ဝယ်ယူပြီး နေပြည်တော် (တပ်ကုန်း) တွင် (၁)စုံ၊ ရန်ကုန်မြို့ (ရေကူး) စက်ရုံ တွင်(၁)စုံ တပ်ဆင်မည်။

(ဇဇ) ရန်ကုန်မြို့(ရေကူး) စက်ရုံရှိ ၂၅ နှစ်ကျော်ကြာမြင့်ပြီး အပိုပစ္စည်း ဝယ်ယူမရရှိသော ရေဒီယိုအသံလွှင့်စက်များ နေရာ၌ အစားထိုး တပ်ဆင်ရန် ၅၀ ကီလိုဝပ်လှိုင်းတို ရေဒီယိုအသံလွှင့်စက် (၁)စုံ၊ ဝယ်ယူ တပ်ဆင်မည်။

(ဈဈ) မြန်မာပြည်အောက်ပိုင်း တိုင်းရင်းသားအစီအစဉ် ထုတ်လွှင့်သော ရန်ကုန်မြို့ (ရေကူး) စက်ရုံရှိ ၂၅ နှစ်ကျော်ကြာမြင့်ပြီး အပိုပစ္စည်း ဝယ်ယူမရရှိသော ရေဒီယိုအသံလွှင့်စက်များ နေရာ၌ အစားထိုး တပ်ဆင်ရန် ၁၀၀ ကီလိုဝပ်လှိုင်းတို ရေဒီယို အသံလွှင့်စက် (၁) စုံ ဝယ်ယူ တပ်ဆင်မည်။

(ညည)မြန်မာပိုင်း အစီအစဉ်နှင့် တိုင်းရင်းသား အစီအစဉ်များကို အရည်အသွေး ကောင်းမွန်စွာဖြင့် ထုတ်လွှင့်နိုင်ရေးအတွက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (၁၃) ရုံတွင် အက်(ဖ်)အမ် ရေဒီယိုအသံလွှင့်စက်များ တိုးချဲ့ တပ်ဆင်ရန် စက်ပစ္စည်း ဝယ်ယူ တပ်ဆင်မည်။

(ဋဋ) အန်တာလော့ဆွိအော့(ဖ်) လုပ်ငန်းစဉ်အတွက် စက်ပစ္စည်းများဝယ်ယူ တပ်ဆင်မည်။

- ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (၂၀) ရုံတွင် ဒီဂျစ်တယ်လွှင့်စက်များ ပြောင်းလဲ တပ်ဆင်ခြင်း။
- ရုပ်သံလိုင်းထုတ်လွှင့်ရေးအတွက် လိုအပ်သော ဘက်စုံရုပ်သံလိုင်းထုတ်လွှင့်ခြင်း နည်းစနစ် စက်ဝယ်ယူတပ်ဆင်ခြင်း။
- ဘက်စုံရုပ်သံလိုင်း ထုတ်လွှင့်ခြင်း နည်းစနစ် စက်ဝယ်ယူတပ်ဆင်ပြီး လွှတ်တော် ရုပ်သံလိုင်း၊ တောင်သူလယ်သမား ရုပ်သံလိုင်းနှင့် တိုင်းရင်းသားရုပ်သံလိုင်းများ တိုးချဲ့၍ ထုတ်လွှင့်ပြသခြင်း။

(ဠဠ) စာဖတ်ရှိန်မြင့်တင်ရေးအတွက် စာဖတ်သူရုပ်သံလိုင်း တပ်ဆင်ပြီး လေကြောင်းမှ လွှတ်လပ်စွာဖြင့် ထုတ်လွှင့်ပြသမည်။

(ဍဍ) တိုင်းရင်းသားရုပ်သံလိုင်း ထုတ်လွှင့်ရေးအတွက် လိုအပ်သော အတွင်း/အပြင် စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်မည်။

(ဎဎ) မြို့နယ်ခွဲအသစ်ဖြစ်သော ကရင်ပြည်နယ်၊ စုကလိတွင် ၅၀ ဝပ် ရုပ်သံလွှင့် စက်ရုံအသစ် တည်ဆောက်မည်။

(ဏဏ)ရှမ်းပြည်နယ်၊မိုင်းယု(၁၀၅ မိုင်)တွင် ၅၀ ဝပ် ရုပ်သံလွှင့်စက်ရုံအသစ် တည်ဆောက်မည်။

(တတ)ရှမ်းပြည်နယ်၊ မန်ဟီးရိုးတွင် ၅၀ ဝပ် ရုပ်သံလွှင့်စက်ရုံ အသစ် တည်ဆောက်မည်။

(ထထ)အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှ တဆင့်ဆောင်ရွက်ခြင်း စီမံကိန်းများတွင် ပါဝင်နိုင်ရန် အသင့်ပြင်ဆင်ထူထောင်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ကွန်ပျူတာများသို့ အချက်အလက်ပေးပို့သော ပရိုဂရမ်စနစ်၊ ကွန်ရက်၊ ကွန်ပျူတာခန်းများ ဝယ်ယူတပ်ဆင်မည်။

(ဒဒ) ပုံမှန်ပုံရိပ်ဖော်ပြချက်စနစ်မှ အရည်အသွေးမြင့်မားသော အဆင့်မြင့်ပုံရိပ်ဖော်ပြချက်စနစ်သို့ ပြောင်းလဲထုတ်လွှင့်နိုင်ရန် လိုအပ်သော စတူဒီယို စက်ပစ္စည်းများ ဝယ်ယူ တပ်ဆင်မည်။

(ဓဓ) ခရိုင်ရုံး(၆၆)ရုံးရှိ စာကြည့်တိုက်များတွင် အင်တာနက်များ တပ်ဆင်ခြင်းနှင့် အများပြည်သူများ အင်တာနက်သုံးစွဲခြင်းကို ဝန်ဆောင်မှုပေးနိုင်ရန် ကွန်ပျူတာ (၂)စုံစီ တပ်ဆင်ပေးမည်။

(နန) ခရိုင်ရုံး၊ မြို့နယ်ရုံးနှင့် မြို့နယ်ခွဲရုံး (၄၁၂)ရုံး၌ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်း၍ စာဖက်သူ ရုပ်သံလိုင်းများတပ်ဆင်၍ လေလိုင်းဖြင့် ထုတ်လွှင့် မည်ဖြစ်ရာ လေလိုင်းမရသည့်ရုံးများတွင် စက်တော့ဘောက်(စ်)များ တပ်ဆင်ခြင်းနှင့် စာဖက်သူရုပ်သံလိုင်းများ ကြည့်ရှုမှုစစ်တမ်း ကောက်ယူ ဆောင်ရွက်မည်။

(ပပ) ခရိုင်(၆၆)ခုတွင် ဘူတာရုံ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်များ၌ ပြည်သူများ အလွယ်တကူ စာပေများ ဖတ်ရှုနိုင်ရန်အတွက် စာအုပ်စဉ် အနည်းဆုံး(၁)ခုစီ ပြုလုပ်၍ စာဖတ်ရှိန်မြှင့်တင် ဆောင်ရွက်မည်။

(ဖဖ) ၎င်းစာအုပ်စဉ်များတွင် နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ ဝတ္ထုများ၊ ရုပ်ပြစာအုပ်များနှင့် သုတ၊ ရသစာအုပ်များ ဖြည့်တင်း ဆောင်ရွက်မည်။

(ဗဗ) အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် အာဆီယံဥက္ကဋ္ဌ အလှည့် ကျတာဝန် ထမ်းဆောင်မည့် အရေးပေါ်လုပ်ငန်းများ၊ အရေးကြီး ဧည့်ခံပွဲများတွင် မှတ်တမ်းဓာတ်ပုံများ ကူးယူဆောင်ရွက်မည်ဖြစ်ရာ ရွှေ့ပြောင်း ဓာတ်ပုံကူးစက်(၂)လုံး ဝယ်ယူ၍ လုပ်ငန်းများ ဆောင်ရွက်မည်။

(ဘဘ) ပြန်ကြားရေးဝန်ကြီးဌာန၏ဝက်(ဘ်)ဆိုက်(ဒ်)ကို ဝက်(ဘ်)ပေါ်တယ်(လ်) အဆင့်တိုးမြှင့် ဆောင်ရွက်မည်။

(မမ) အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ခြင်းစနစ်ကို လက်တွေ့လုပ်ငန်းတွင် ဆောင်ရွက်နိုင်ရန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်မည်။

(ယယ)ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ အရာထမ်း(၃၆)ဦး၊ အမှုထမ်း(၄၁)ဦး၊ ပေါင်း(၇၇) ဦးကို ပြန်/ဆက်ဦးစီးဌာန အောက်သို့ မူပိုင်ခွင့်နှင့် မှတ်ပုံတင် ဌာနခွဲ အဖြစ် ပြောင်းလဲဖွဲ့စည်းမည်။

(ရရ) ပုံနှိပ်စက်များ မှတ်ပုံတင်ခြင်း၊ ထုတ်ဝေခွင့်လိုင်စင်များ ပေးအပ်ခြင်း လုပ်ငန်း များကိုတိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များတွင်ပါ လုပ်ကိုင်ဆောင်ရွက်မည်။

(လလ)တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ သတင်းထုတ်ပြန်ရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို ကူညီဆောင်ရွက်မည်။

(ဝဝ) ရှက်ထိုး ပုံနှိပ်စက်(၁)လုံးနှင့် ဒီဂျစ်တယ်ပုံနှိပ်စက် (၂)လုံးတို့အား ဝယ်ယူဖြည့်တင်းခြင်းနှင့် ပုံနှိပ်စက်ဟောင်းများနေရာတွင် ပုံနှိပ် စက်သစ်များဖြင့် အစားထိုးခြင်းလုပ်ငန်း ဆောင်ရွက်မည်။

(သသ)မန္တလေးစာကြည့်တိုက်အား ခေတ်မီစာကြည့်တိုက်အဖြစ် ပေါ်ထွန်း လာရေး ဆောင်ရွက်မည်။

(ဟဟ)နိုင်ငံတကာမှ ထုတ်ဝေသော စာအုပ်စာစောင်များကို မြန်မာ ဘာသာသို့ ပြန်ဆို၍ နိုင်ငံအတွင်း ထုတ်ဝေဖြန့်ချိနိုင်ရန်နှင့် မြန်မာ ဘာသာဖြင့် ထုတ်ဝေသော စာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြည်ပသို့ ဖြန့်ချိခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ဌာနတွင်ဘာသာပြန် ဌာန တိုးချဲ့ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ဘာသာပြန်ဆို နိုင်ရန် စာအုပ်များ ဝယ်ယူခြင်း၊ ဘာသာပြန်ဆိုခြင်း၊ စာအုပ်ထုတ်ဝေ နိုင်ရန် စီစဉ်ခြင်း လုပ်ငန်းများဆောင်ရွက်မည်။

(ဠဠ) ရန်ကုန်နှင့် မန္တလေးစာကြည့်တိုက်ကို စာကြည့်တိုက်အချင်းချင်း လုပ်ငန်း ကိစ္စရပ်များကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ခြင်းဖြင့် တည်ဆောက်နိုင်ရန်နှင့် နီးစပ်သည့်ကွန်ပျူတာ အချင်းချင်းအချက် အလက်ဖလှယ်နိုင်ရန် ကွန်ရက်ဆက်သွယ်မှု လုပ်ငန်းစဉ်များ ဆောင်ရွက်မည်။

(အအ) အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှ တဆင့် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်အတွက် ရုံးချုပ်တွင် အဓိက ကွန်ပျူတာများသို့ အချက်အလက်ပေးပို့သောပရိုဂရမ် (၁) ခု၊ ပုံနှိပ်စက်ရုံ (၇) ရုံအတွက်အဓိက ကွန်ပျူတာများသို့ အချက်အလက်ပေးပို့သော ပရိုဂရမ် (၁) ခု၊ စာပေဗိမာန်ရုံးတွင် အဓိက ကွန်ပျူတာများသို့ အချက်အလက်ပေးပို့သော ပရိုဂရမ် (၁) ခု၊ စုစုပေါင်း အဓိက ကွန်ပျူတာများသို့ အချက်အလက်ပေးပို့သောပရိုဂရမ် (၃) ခုတပ်ဆင် ချိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်မည်။

-- လက်ရှိ စက်မှုအလုပ်ရုံအား လုပ်ငန်း၏ အခြေစိုက် စက်မှုအလုပ်ရုံအဖြစ် ထူထောင်၍ စက်ရုံအသီးသီးရှိ ပုံနှိပ်စက်နှင့် ပုံနှိပ်လုပ်ငန်းသုံးဆိုင်ရာစက်များ ပြင်ဆင်ထိန်းသိမ်းရာတွင် လိုအပ်သည့် စက်အရန်ပစ္စည်းများအား ပြည်တွင်း မှရရှိမည့် ကုန်ကြမ်းများကို အသုံးပြု၍ ထုတ်လုပ်သွားရန်၊ အခြားဌာနများနှင့် ပြင်ပမှအပ်နှံသော စက်ပစ္စည်းများ ထုတ်လုပ်ပေးရန်၊ ကိုယ်ပွားသတင်းစာ တိုက်ခွဲများအတွက် လိုအပ်သော ကြိုတင်ပုံနှိပ်ပစ္စည်းကရိယာ တန်ဆာပလာများ ထုတ်လုပ်မှုအား နိုင်ငံခြား အဆင့်မီအရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်သွားရန်နှင့် ပုံနှိပ်လုပ်ငန်းသုံး အထောက်အကူစက်များ တီထွင် ထုတ်လုပ် ဆောင်ရွက်မည်။

-- သတင်းစာများတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေသော သတင်းများ ဦးစားပေးဖော်ပြမည်။

-- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို အများပြည်သူဝန်ဆောင်မှု သတင်းစာများအဖြစ် ပြောင်းလဲနိုင်ရန် နိုင်ငံတော်က ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သော "ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း" အဖြစ်ဖွဲ့စည်း ဆောင်ရွက်မည်။

-- မြန်မာ့အလင်း အင်္ဂလိပ်သတင်းစာကို နိုင်ငံခြားသား/နိုင်ငံခြား ကုမ္ပဏီ၊ မြန်မာနိုင်ငံသား/မြန်မာကုမ္ပဏီနှင့် ပူးပေါင်း ဆောင်ရွက်သည့် "ဖက်စပ်လုပ်ငန်း" အဖြစ် ဖွဲ့စည်းဆောင်ရွက်မည်။

-- ငွေကြေးအကျိုးအမြတ်ကို အဓိကဦးတည်မထားသည့် အများပြည်သူ အတွက် ဝန်ဆောင်မှုပေးသည့် "ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း" အဖြစ် ဆောင်ရွက်မည်။

-- တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့များရှိ ကိုယ်ပွား သတင်းစာတိုက်များပါ ရောင်စုံ သတင်းစာများ ပုံနှိပ်ထုတ်ဝေနိုင်ရေး စီမံဆောင်ရွက်မည်။

-- သတင်းစာဖတ်ပရိသတ်များ တိုးပွားလာပြီး သတင်းစာစောင်ရေ ပိုမို တိုးတက် ပုံနှိပ်ထုတ်ဝေနိုင်ရန်နှင့် ကျေးရွာတိုင်း သတင်းစာ ရောက်ရှိ ဖတ်ရှုနိုင်ရေးစီမံဆောင်ရွက်မည်။

-- နိုင်ငံပိုင်သတင်းစာများအား အများပြည်သူ ဝန်ဆောင်မှု သတင်းစာ အဖြစ်သို့ ရောက်ရှိစေရန်အတွက် အောက်ပါအတိုင်း အဆင့်ဆင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက် သွားပါမည် -

- သတင်းတင်ဆက်မှုပုံစံများ ပြောင်းလဲခြင်း။
- သတင်းစုဆောင်းမှု၊ ရေးသားတည်းဖြတ်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း။
- သတင်းစာအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။
- အယ်ဒီတာလွတ်လပ်ခွင့်စနစ်ထူထောင်ခြင်း။
- ဘဏ္ဍာရေးလွတ်လပ်မှုရှိသော စနစ်ထူထောင်ခြင်း။

-- သတင်းတင်ဆက်မှုပုံစံများကို အောက်ပါအတိုင်း အဆင့်ဆင့် ပြောင်းလဲ ဆောင်ရွက်မည်-

- နိုင်ငံတော်အကြီးအကဲများ၏ မူဝါဒဆိုင်ရာ မိန့်ခွန်းများ၊ မူဝါဒ ဆိုင်ရာ သတင်းများကို ပြည့်ပြည့်စုံစုံဖော်ပြသည့် အပြင် ပညာရှင် များ၊ ပြည်သူများ၏ သဘောထားအမြင်များနှင့်ပါ တွဲဖက် ဖော်ပြခြင်း။
- သာမန်လူပ်ရှားမှု သတင်းများကို သတင်းတန်ဖိုးအပေါ် မူတည် ပြီး တည်းဖြတ် ဖော်ပြခြင်း။

- လူပုဂ္ဂိုလ်ဗဟိုပြု ရေးသားသည့်စနစ်မှ လူထု စိတ်ဝင်စားမှု ရှိသော သတင်းအချက်အလက်၊ အကြောင်းအရာ ဗဟိုပြု ရေးသားသည့် စနစ်သို့ ပြောင်းလဲ ကျင့်သုံးခြင်း။
- အများပြည်သူအတွက် စစ်မှန်သော စတုတ္ထမဏ္ဍိုင်အဖြစ် ယုံကြည် လက်ခံလာအောင် မဏ္ဍိုင်သုံးရပ်အပေါ် အပြုသဘောဆောင် သည့် ဝေဖန်သုံးသပ်မှုများကို သတင်းစာများတွင် ဖော်ပြပေး ခြင်း။
  - မဏ္ဍိုင်(၃)ရပ်၏ ဆောင်ရွက်ချက်များကို ပြည်သူလူထုအား အသိပေးရာတွင် ပိုမိုဆွဲဆောင်မှု ရှိစေရန်အတွက် ဆောင်းပါး၊ တွေ့ဆုံမေးမြန်းခန်း စသည်ဖြင့် ပုံစံပြောင်းလဲ တင်ဆက်ခြင်း။
  - အရေးကြီးသည့် အသိပေးကြေညာချက်များအား ပြည်သူများ သိရှိနိုင်ရန် ဖော်ပြပေးခြင်း။
  - နိုင်ငံတကာနှင့် ပြည်တွင်းရေးရာ အသိအမြင် တိုးပွားစေမည့် ဆွေးနွေးမှုများ ဖော်ပြပေးခြင်း။

-- အွန်လိုင်း တွင် အစီအစဉ်များ တင်၍ ဝန်ဆောင်မှုပေးမည်။

-- သတင်းစုဆောင်းမှု၊ ရေးသားတည်းဖြတ်မှုဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ ကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည်-

- ဝန်ထမ်းများ စွမ်းရည်မြင့်မားရေးအတွက် နိုင်ငံတကာ မီဒီယာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း။
- ဝန်ထမ်းများ လက်တွေ့လုပ်ငန်းခွင်တွင် လေ့ကျင့်နိုင်ရန် အတွက် နိုင်ငံတကာ သတင်းဌာနများမှ အယ်ဒီတာများကို သတင်းစာတိုက်များတွင် တွဲဘက် သင်ကြားစေခြင်း။ ထို့ပြင် မိမိတို့ အယ်ဒီတာများကို နိုင်ငံတကာ သတင်းစာများတွင် တွဲဘက် လေ့ကျင့်ခွင့်ရရှိအောင် ဆောင်ရွက်ခြင်း။
- ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် သတင်းစာ ပညာ သင်တန်းကျောင်းကို နိုင်ငံတကာသင်ရိုးညွှန်းတမ်း များအတိုင်း

သင်ကြားနိုင်ရန်အတွက် ယူနက်စကိုအဖွဲ့နှင့် ပူးပေါင်းကူညီ ဆောင်ရွက်ခြင်း။

-- မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို အများပြည်သူဝန်ဆောင်မှု သတင်းစာများအဖြစ် ပြောင်းလဲရာတွင် လိုအပ်သောမူဝါဒများ၊ ကျင့်ဝတ်များ၊ အယ်ဒီတာ များအတွက် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန်အတွက် သတင်းစာ အုပ်ချုပ်ရေးအဖွဲ့ကို သတင်းစာ ဆရာကြီးများ၊ ဥပဒေ ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ ထိုအုပ်ချုပ် ရေးအဖွဲ့အနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်-

- အများပြည်သူ ဝန်ဆောင်မှု သတင်းစာအဖြစ် ပြောင်းလဲရာတွင် မြန်မာနိုင်ငံ၏ သိမ်မွေ့သည့် ဒီမိုကရေစီအသွင် ကူးပြောင်းရေး အခြေအနေအပေါ် မူတည်ပြီး စာတည်းနှင့် သတင်းထောက်များ လိုက်နာရမည့် အယ်ဒီတာလမ်းညွှန်များ ရေးဆွဲပေးခြင်း၊
- သတင်းစာများအတွက် စာနယ်ဇင်းကျင့်ဝတ်ကို ရေးဆွဲ သတ်မှတ်ပေးခြင်း၊
- သတင်းစာများ၏ စွမ်းဆောင်နိုင်မှုကို စဉ်ဆက်မပြတ် လေ့လာ အကဲဖြတ် ထောက်ပြခြင်း၊
- အခါအားလျော်စွာ သတင်းထောက်များ၊ စာတည်းများ၊ စာတည်းမှူးများအား တွေ့ဆုံဆွေးနွေးခြင်း။

-- အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှ တဆင့် ဆောင်ရွက်ခြင်းဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် တပ်ဆင်မည့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် စီမံဆောင်ရွက် မည်။

-- နိုင်ငံတကာသတင်းများ ရရှိနိုင်ရန်နှင့် ပြည်တွင်းသတင်းများ နိုင်ငံခြား သို့ ဖြန့်ချိနိုင်ရန်အတွက် နိုင်ငံခြားသတင်းဌာနများ ကိုယ်စားလှယ် အဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်း၍ သတင်းဖလှယ်မှုစာချုပ် ချုပ်ဆို ဆောင်ရွက်မည်။

-- လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန်အတွက် လိုအပ်ပါက ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများ အတိုင်အပင်ခံများ ငှားရမ်းဆောင်ရွက်မည်။

-- ရောင်စုံသတင်းစာများ ပုံနှိပ်ထုတ်ဝေရန်အတွက် လိုအပ်သောစက်ပစ္စည်းများဝယ်ယူရန် စီမံဆောင်ရွက်ခြင်းနှင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူရာတွင် သတင်းထုတ်ပြန်ရေးအတွက် လိုအပ်မည့်ပစ္စည်းများ စီမံဆောင်ရွက်မည်။

-- နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော ရုပ်ရှင်ဗီဒီယိုနှင့်ဖျော်ဖြေရေးဆိုင်ရာ လုပ်ငန်းရပ်များ နည်းစနစ်များနှင့်အညီ မြန်မာ့ရုပ်ရှင်လောကၝ အသိပညာအတတ်ပညာ ကျွမ်းကျင်မှုဆိုင်ရာနှင့်လူ့စွမ်းအား အရင်းအမြစ်များ တိုးတက် ပြောင်းလဲရေးအတွက်နည်းပညာရပ်များဆိုင်ရာ ပံ့ပိုးဆောင်ရွက် ရင်းနှီးမြှုပ်နှံမည့်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်၍ အရင်းအနှီးများဖိတ်ခေါ် ဆောင်ရွက်မည်။

-- ရုပ်ရှင်လောကသားများအတွက် တိကျခိုင်မာသည့် အာမခံချက်ပေးနိုင်ရန် မူပိုင်ခွင့် ဥပဒေနှင့် ရုပ်ရှင်ဥပဒေတို့ကို ဥပဒေကြမ်းများရေးဆွဲ ဆောင်ရွက်မည်။

-- ၂၀၁၄ ခုနှစ်၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူရာတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှလက်ခံကျင်းပ ဆောင်ရွက်ရန်ရှိသည့် အရှေ့တောင်အာရှနိုင်ငံများရုပ်ရှင်ကော်မရှင် အစည်းအဝေးအတွက် စီမံဆောင်ရွက်မည်။

-- အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှ တဆင့်ဆောင်ရွက်ခြင်းဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တပ်ဆင်မည့် စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရေး စီမံဆောင်ရွက်မည်။

-- အီး- ရုပ်ရှင်ရုံ၊ ဒီ-ရုပ်ရှင်ရုံ နှင့် သရီးဒီ ပြသနိုင်မည့် ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံများ တည်ဆောက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးခြင်းအားဖြင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသည့်

လုပ်ငန်းရှင်များ ဖိတ်ခေါ်ခြင်း၊ ပြည်ပမှ အထောက်အပံ့နှင့် ချေးငွေများရရှိနိုင်ရေး စီမံဆောင်ရွက်မည်။

-- တိုးတက်ပြောင်းလဲလာသော နည်းပညာများအရ ဖလင်ဖြင့် ရိုက်ကူးပြသသည့် ရုပ်ရှင်ဇာတ်ကားများအစား အဆင့်မြင့်ပုံရိပ်ဖော်ပြချက်စနစ်ဖြင့် ရိုက်ကူးထုတ်လုပ်ပြသနိုင်ရေးအတွက် ပြည်ပမှနည်းပညာပံ့ပိုးမှုများရရှိရေး ဆောင်ရွက်မည်။

**(ခ)သာသနာရေး**

(၁)မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားတိုင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ပြုရေး၊

(ခခ) ဘာသာအချင်းချင်း ချစ်ခင်ရင်းနှီးစွာနေထိုင်ရေး၊

(ဂဂ) ဗုဒ္ဓဘာသာသံဃာတော်အချင်းချင်း ညီညွတ်ရေး၊

(ဃဃ) ပြဋ္ဌာန်းထားသည့်တရားဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရေး၊

(ငင) နိုင်ငံတော်မှ အကောင်အထည်ဖော်ရန် လမ်းညွှန်သည့် ညွှန်ကြားချက်များ၊ အမိန့်များ ကို မူဝါဒအဖြစ် အကောင်အထည်ဖော်ရေး၊

(စစ) ဝန်ကြီးဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်ရေး၊

(ဆဆ)ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့သို့ မူဝါဒများ ချမှတ်၍ အကောင်အထည် ဖော်စေရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ပရိယတ္တိသာသနာ (သင်ကြားမှု)၊ ပဋိပတ္တိသာသနာ (ကျင့်ကြံအားထုတ်မှု) များ ပိုမို ထွန်းကားရေး ဆောင်ရွက်ရန်။

(ခခ) ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းစင်ကြယ်ရေးလုပ်ငန်း၊ ဗုဒ္ဓစာပေ၊ ယဉ်ကျေးမှုများ တည်တံ့ထွန်းကားပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဂဂ) ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

(ဃဃ)အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ စာကြည့်တိုက်ကို အီလက်ထရောနစ် စာကြည့်တိုက်အဖြစ် နိုင်ငံတကာရှိ စာကြည့်တိုက်များ နှင့် ဆက်သွယ်၍ ထေရဝါဒဗုဒ္ဓ သာသနာတော်ဆိုင်ရာ အချက်အလက်များ ဖလှယ်နိုင်ရန်။

(ငင) ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ စသည့် အခြားဘာသာများကို တတ်နိုင်သမျှကူညီစောင့်ရှောက်ရန်။

(စစ) ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ ဘာသာ နှင့် နတ်ကိုးကွယ်မှုများအား လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရန်၊ ၎င်းတို့၏ ဘာသာရေး နေ့ရက်ကြီးများဖြစ်သည့် ခရစ္စမတ်နေ့၊ ဘက္ကရီးအီးဒ်နေ့ နှင့် ဒီပါဝလီနေ့များကို နိုင်ငံတော်အစိုးရ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးပြီး ၎င်းအခမ်းအနား ပွဲတော်များသို့ သာသနာရေး ဝန်ကြီးဌာနမှ တက်ရောက် အားပေးရန်။

(ဆဆ)ဘာသာပေါင်းစုံ ချစ်ကြည်ရေး အစည်းအဝေးများ တက်ရောက်ရန် ဖိတ်ကြားသည့်အခါ ဘာသာပေါင်းစုံ တက်ရောက် ဆွေးနွေး နိုင်ရေး စီစဉ်ပေးရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)အစိုးရဌာန အချင်းချင်း လုပ်ငန်းကိစ္စများ အွန်လိုင်းမှတဆင့် ဆောင်ရွက်ခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကိုလည်း လုပ်ငန်း လိုအပ်ချက်ပေါ် မူတည်အသုံးပြုရန် လိုအပ်သောကြောင့် နည်းပညာကုမ္ပဏီများနှင့် ညှိနှိုင်း ဆောင်ရွက်မည်။

(ခခ) သာသနာရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ တိုးမြင့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းရန်နှင့် ချင်းတိုင်းရင်းသား ကလေးသူငယ်များ အခြေခံ ပညာသင်ကြားနိုင်ရေးအတွက် ကလေးမြို့၊ နေရဥ္စရာ သင်တန်းကျောင်းကို နှစ်စဉ် ပညာသင်နှစ်အလိုက် ဖွင့်လှစ်သွားမည်။

(ဂဂ) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးပွဲများ၊ မဟာဘွဲ့နှင်းသဘင် အခမ်းအနားပွဲများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်

ရေး စာမေးပွဲများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပသွား မည်။

(ဃဃ)ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ အစီအမံဖြင့် မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်သံဃနာယက အဖွဲ့များက ကြီးကြပ် စီစဉ်ဆောင်ရွက်နိုင်စေရန် ၊ စီမံဆောင်ရွက်သွားရန် နှင့် နွေရာသီကျောင်းပိတ်ရက်များတွင် အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာ ဆိုင်ရာ သင်တန်းများကိုလည်း မြို့နယ် အားလုံးတွင် သင်ကြား သွားမည်။

(ငင) သာသနာပြုသင်တန်းနှင့် တိုင်းရင်းဆေးပညာသင်တန်းများကို ဖွင့်လှစ်မည်။

(စစ) သုတေသန စာကြည့်တိုက်၌ စာအုပ်နှင့် ပေပုရပိုက်များ တိုးချဲ့စုဆောင်းထိန်းသိမ်း နိုင်ရေး ဆောင်ရွက် သွားမည်။

(ဆဆ)ပိဋကတ်ဘာသာပြန် လုပ်ငန်းတွင် ကျမ်းစာအုပ်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုမည်။

(ဇဇ) ဥပ္ပါတသန္တိစေတီပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၊ ပိဋကတ်တိုက်၊ သံဃာရာမ ၄ ဆောင်၊ စေတီယပါလ စံကျောင်းပြုပြင်မည်။

(ဈဈ) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များရှိ အဆောက်အဦများ၊ ခရိုင်နှင့် မြို့နယ် သာသနာရေးမှူးရုံးများ၊ ရန်ကုန်ရုံးခွဲရှိ အဆောက်အဦများကို ပြုပြင်ရန် နှင့် တက္ကသိုလ်များ၏ အစည်းအဝေးခန်းမတွင် အသုံးပြုရန် ပီအေစနစ် အသစ်လဲလှယ် တပ်ဆင်မည်။

**(ဂ) အားကစား**

(၁) မူဝါဒများမှာအောက်ပါအတိုင်းဖြစ်သည်-

(ကက)မြန်မာ့အားကစားမှကမ္ဘာ့အားကစားသို့ရောက်ရှိရေး၊

(ခခ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ အမျိုးသား လှုပ်ရှားမှုများ ကို တစ်မျိုးသားလုံး စိတ်ဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားစေရေး၊

(ဂဂ) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား လူရည်ချွန်များ မွေးထုတ်ရေး၊

(ဃဃ)နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူ ပြုစေရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်နှင့် အမျိုးသားအားကစားလှုပ်ရှားမှုများကို အဆင့်ဆင့်နှစ်အလိုက် တိုးမြှင့်ဆောင်ရွက်သွားရေး၊

(ငင) အနီးကပ်ရည်မှန်းချက်အဖြစ် ၂၀၁၃ခုနှစ် တွင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မြန်မာ အားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)၂၀၁၃ ခုနှစ် နှင့် ၂၀၁၅ ခုနှစ် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများတွင် ထိုက်သင့်သည့် အောင်မြင်မှု ဆုတံဆိပ် ရရှိရေးအတွက် နိုင်ငံ့ ဂုဏ်ဆောင်နိုင်ကြမည့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်လူရွယ် အားကစားသမားများကို အားသစ်လောင်းနိုင်ရန်အတွက် စနစ်တကျ ရွေးချယ်သွားရန်။

(ခခ) အားကစားတက္ကသိုလ်တစ်ခု ဖွင့်လှစ်နိုင်ရေးနှင့် အားကစားနှင့်ကာယပညာသိပ္ပံ (၂)ခု တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

(ဂဂ) လက်ရှိအားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်/မန္တလေး) ကျောင်း (၂) ကျောင်းအား နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်။

(ဃဃ)ရန်ကုန်မြို့ရှိဒဂုံတက္ကသိုလ်နှင့် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်တို့တွင်ကျောင်းသား၊ ကျောင်းသူ(၅၀)ဦးစီအား သိပ္ပံဘွဲ့(အားကစား)၊ ဝိဇ္ဇာဘွဲ့(အားကစား)အတွက် ပူးတွဲ သင်ကြားနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

(၃)လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်-

(ကက)တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစား ပညာပေးရေး လုပ်ငန်း ဆောင်ရွက်မည်။

(ခခ) နယ်မြေအနှံ့ လူငယ်မျိုးဆက်သစ် အားကစားသမားများ ရှာဖွေ ရွေးချယ် ဖော်ထုတ်ရေး လုပ်ငန်း ဆောင်ရွက်မည်။

(ဂဂ) နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစား သမားများ ပေါ်ထွက် လာစေရေးအတွက် ပြုစုပျိုးထောင် လေ့ကျင့်ရေး လုပ်ငန်း ဆောင်ရွက်မည်။

(ဃဃ)နိုင်ငံတကာ ပြိုင်ပွဲများသို့ အဆင့်ဆင့် တက်လှမ်း ယှဉ်ပြိုင် အောင်နိုင်ရေး လုပ်ငန်းဆောင်ရွက်မည်။

(ငင) အားကစားကွင်း၊ အားကစားရုံများ ပြုပြင် ထိန်းသိမ်းရေးနှင့် တိုးချဲ့ တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်မည်။

(စစ) နိုင်ငံတကာအဆင့်မီ အားကစား ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်း ဆောင်ရွက်မည်။

(ဆဆ)အားကစား နှင့် ကာယပညာသိပ္ပံလုပ်ငန်း ဆောင်ရွက်မည်။

(ဇဇ) အားကစားစီမံကိန်းနှင့်သုတေသနလုပ်ငန်း ဆောင်ရွက်မည်။

(ဈဈ)ဒေသအလိုက်အားကစားဖွံ့ဖြိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မည်။

(ညည)နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံရေး လုပ်ငန်း ဆောင်ရွက်မည်။

(ဋဋ) အားကစားအဖွဲ့ချုပ်အလိုက် အားကစားအဆင့်အတန်း တိုးတက် မြင့်မားအောင် ဆောင်ရွက်ရေးလုပ်ငန်း ဆောင်ရွက်မည်။

(ဌဌ) အားကစား ဝန်ကြီးဌာနအောက်တွင် လုပ်ငန်းလိုအပ်ချက်အရ ဦးစီး ဌာနများ ဖွဲ့စည်းပုံ တိုးချဲ့ ဖွဲ့စည်းရေးလုပ်ငန်း ဆောင်ရွက်မည်။

**(ဃ)ယဉ်ကျေးမှု**

(၁)မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက)မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ခခ ) နိုင်ငံသားအားလုံးတွင် စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန် ခိုင်မာရေး၊

(ဂဂ) တိုင်းတစ်ပါး သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာခြင်းကို တားဆီးရေး၊

(ဃဃ)လူငယ်ထုအတွင်း ယဉ်ကျေးမှု ကိုယ်ခံအား ကောင်းမွန်စေရေး အတွက် ပြုစု ပျိုးထောင်ရေး၊

(ငင) မြန်မာ့ရိုးရာ ပန်း(၁၀)မျိုး အနုပညာများ ဖော်ထုတ် ထိန်းသိမ်းရေး၊

(စစ) နိုင်ငံအချင်းချင်း ယဉ်ကျေးမှု ပူးပေါင်း ဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်ရေး၊

(ဆဆ)မြန်မာ့မူမှန်ပြက္ခဒိန်များ ရေးဆွဲထုတ်ပြန်နိုင်ရေး စိစစ်ဆောင်ရွက်ရေး၊

(ဇဇ) မြန်မာ့အနုသုခုမ ပညာရပ်များ အစဉ်အလာနှင့်အညီ ကိုက်ညီမှု ရှိ-မရှိ စိစစ်ရေး၊

(ဈဈ) အခြေခံဖြစ်သော အနုပညာ အထက်တန်း ကျောင်းများမှသည် အမျိုးသား ယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ်များတွင် အဆင့်မြင့် အနုပညာ မျိုးဆက် သစ်များကို လေ့ကျင့် မွေးထုတ်ရေး၊

(ညည)သမိုင်းဝင်ရှေးဟောင်းဒေသများ၊ အဆောက်အအုံများ၊ ရှေးဟောင်း ပစ္စည်းများ ရှာဖွေဖော်ထုတ် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊

(ဋဋ) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းနိုင်သည်နှင့်အမျှ ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့် တစ်ဆက် တစ်စပ်တည်းသော ခိုင်မာသည့် မြန်မာ့သမိုင်းစဉ် ဖော်ထုတ်ရေးအတွက် အထောက်အကူ ဖြစ်စေရေး၊

(ဌဌ) ပြည်တွင်း၊ ပြည်ပယဉ်ကျေးမှု အမွေအနှစ်များနှင့် အသိပညာ ဗဟုသုတ ဆိုင်ရာ ဗဟိုဌာနအဖြစ် ပြတိုက်နှင့် စာကြည့်တိုက် များက ရပ်တည်၍ သတင်းအချက်အလက်များ ဝန်ဆောင်မှု ပေးရေး၊

(ဍဍ) ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆ၊ စိတ်နေ သဘောထား များကို တိုးတက်ပြောင်းလဲနေသော ခေတ်နှင့်လျော်ညီအောင် လှုံ့ဆော် ပညာပေးရေး၊

(ဎဎ) မြန်မာသမိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်၍ တစ်ဆက် တစ်စပ်တည်းသော မြန်မာသမိုင်းကို ရေးသားပြုစုခြင်း၊ ထုတ်ဝေခြင်းများ ပြုလုပ်ရေး၊

(ဏဏ)ပြည်တွင်းပြည်ပမှ အထောက်အထား၊ အချက်အလက်များ စုဆောင်း ရှာဖွေ စိစစ်ပေးရေး၊

(တတ)သမိုင်းပညာရှင်များ ပြုစုပျိုးထောင်ရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကက)အနုပညာ ဦးစီးဌာနတွင် အနုပညာ မျိုးဆက်သစ်များအား လေ့ကျင့် ပျိုးထောင်ပေးသည့်အခြေခံကျောင်းဖြစ်သော အနုပညာအထက်တန်း ကျောင်းများမှ အဆင့်မြင့် လေ့ကျင့်ပျိုးထောင်ပေးသော အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များအထိ အနုပညာရှင် မျိုးဆက်သစ်များကို လေ့ကျင့် မွေးထုတ်ပေးရန်။

(ခခ) မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုဆိုင်ရာ အဆို၊ အက၊ အရေး၊ အတီး နှင့် ဆို၊ ငို၊ ပြော၊ ဇာတ်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့် နှင့် ဂန္ဓဝင် ဇာတ်ကြီးများ၊ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအက တေးဂီတ တို့ကို လေ့လာ ဖော်ထုတ် ထိန်းသိမ်းရန်။

(ဂဂ) နိုင်ငံအချင်းချင်း ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်။

(ဃဃ)မြန်မာ့ရိုးရာ ယဉ်ကျေးမှု စစ်စစ် ပြသသည့် ပဒေသာကပွဲများ၊ ဇာတ်တော်ကြီးများ ပြည်သူသို့ တင်ဆက်ကပြရေး ဆောင်ရွက်ရန်။

(ငင) မဟာဂီတ သီချင်းကြီးများ၏ စာသား၊ သံစဉ်၊ ဆိုဟန်၊ တီးကွက် များ နိုင်ငံတော်မူ အဖြစ်ထားရှိ ထိန်းသိမ်းရေးနှင့် ပြန့်ပွားစေရေး ဆောင်ရွက်ရန်။

(စစ) မြန်မာ့အနုသုခုမ ပညာရပ်များ၊ ရိုးရာ တူရိယာပစ္စည်းများ၊ ထင်ရှား ကျော်ကြားသော အနုပညာရှင်များ၏ အတ္ထုပ္ပတ္တိများဌာန၏ မှီငြမ်း ပြုစရာ မှတ်တမ်းအဖြစ် ကျန်ရှိစေရန်နှင့် ပြည်သူများအား သိရှိ စေရေး ဆောင်ရွက်ရန်။

(ဆဆ)မြန်မာ့သမိုင်းမတင်မီခေတ် ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ် လေ့လာရာတွင် ကွင်းဆင်း လေ့လာရန်နှင့် မြန်မာနိုင်ငံ၏ ပရိုင်းမိတ် သုတေသနလုပ်ငန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မြန်မာ့ရှေး မြို့ဟောင်းများ၊ ရှေးဟောင်းနေရာများ တူးဖော်သုတေသနပြုရန်။

(ဇဇ) သမိုင်းဝင် ရှေးဟောင်းဒေသများ၊ ရှေးဟောင်း အဆောက်အအုံများ ရှာဖွေဖော်ထုတ်ထိန်းသိမ်း၍ ဥပဒေနှင့်အညီ ဇုန်နယ်မြေများ သတ်မှတ် ကာကွယ်စောင့်ရှောက်ရန်။

(ဈဈ) ရှေးဟောင်းကမ္ပည်းစာ (ကျောက်စာ၊ ခေါင်းလောင်းစာ၊ နံရံမင်စာ စသည့်) ရှေးဟောင်းပစ္စည်းများ စုဆောင်း မှတ်တမ်းတင် သုတေသန ပြုရန်။

(ညည)ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များ တိုးချဲ့ တည်ဆောက် ဖွင့်လှစ်၍ ခင်းကျင်းပြသရေးလုပ်ငန်းများ၊ သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဋဋ) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းရေးနှင့် အမျိုးသားအဆင့် ထိန်းသိမ်း စောင့်ရှောက်ရန်။

(ဌဌ) တစ်ဆက်တစ်စပ်တည်း ခိုင်မာသည့် မြန်မာ့သမိုင်းစဉ် ဖော်ထုတ် ရေးအတွက် အထောက်အကူ ဖြစ်စေသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်၍ ရေရှည်တည်တံ့အောင် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်နိုင်ရန်နှင့် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ များ ပြဋ္ဌာန်း ဆောင်ရွက်ရန်။

(ဍဍ) အစဉ်အလာကြီးမားသော မြန်မာ့သမိုင်း၊ အဆင့်အတန်း မြင့်မားသော မြန်မာ့ယဉ်ကျေးမှု၊ တိုင်းရင်းသား လူမျိုးများ စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းနေထိုင်ကြပုံ၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဘဝနှင့် သဘာဝ သယံဇာတပစ္စည်းများ ကြွယ်ဝမှု၊ မြန်မာတို့၏ အစဉ်အလာကောင်းများ အမျိုးသားရေး တန်ဖိုးနှင့် အမျိုးသားရေးစံနှုန်းများ လူတိုင်း ခံယူကျင့်သုံး တတ်အောင် ပညာပေးရေးနှင့် အိမ်နီးချင်းနိုင်ငံများ အချင်းချင်း နားလည်မှု၊ ရင်းနှီးချစ်ခင်မှု စသည်တို့ကို ဖော်ထုတ်ရန်နှင့် သိရှိနားလည်အောင် ဆောင်ရွက်ရန်။

(ဎဎ) သမိုင်းဆိုင်ရာ အထောက်အထားများ၊ သုတေသနများ ပြုလုပ်ခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်။

(ဏဏ)မြန်မာသမိုင်းကို ဖော်ထုတ်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ အများ ပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်ခြင်းစသော နိုင်ငံသားတိုင်း ဆောင်ရွက်ရမည့် တာဝန်များကို ပိုမိုသိရှိ နားလည်နိုင်ရေး ဆောင်ရွက်ရန်။

(၃)လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ပြည်တွင်း၊ ပြည်ပ အခမ်းအနားများတွင် ဖျော်ဖြေတင်ဆက်မည်။

(ခခ) မျိုးဆက်သစ်အနုပညာရှင်များ ပြုစုပျိုးထောင်ပေးမည်။

(ဂဂ) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းနိုင်ရေး အတွက် ဇာတ်တော်ကြီးများ တင်ဆက်ဖျော်ဖြေမည်။

(ဃဃ)ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့အပ်နှင်းနိုင်ရန် ဆောင်ရွက်မည်။

(ငင) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များ၌ မဟာတန်းများ စတင် ဖွင့်လှစ်မည်။

(စစ) (၂၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရန်စီစဉ် ဆောင်ရွက်မည်။

(ဆဆ)ရှေးဟောင်း သုတေသနဆိုင်ရာ ကွင်းဆင်း သုတေသနပြုရန်၊ မြို့ဟောင်းများတူးဖော် သုတေသနပြုရန်နှင့် ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ဂူဘုရား နန်းတော်များ ထိန်းသိမ်းမည်။

(ဇဇ) အမျိုးသားပြတိုက် (နေပြည်တော်)အတွက် စုဆောင်းထားရှိသော ရှေးဟောင်းပစ္စည်းများ၊ ပန်းချီ၊ ပန်းပုအနုလက်ရာ ပစ္စည်းများကို ပြည်တွင်းတွင်လည်းကောင်း၊ ပြည်ပတွင်လည်းကောင်း အထူးပြပွဲများ ခင်းကျင်းပြသရန်နှင့် အလုပ်ရုံ ဆွေးနွေးပွဲများ ဆောင်ရွက်မည်။

(ဈဈ) ပြခန်းအလိုက် ပြသပစ္စည်းများ စနစ်တကျ ပြသနိုင်ရေးအတွက် ပြခန်း ပန္နက်ပုံများ စနစ်တကျ ရေးဆွဲရန်၊ ပြုလုပ်ရန်ကျန်ရှိသော ပုံစံတူ၊ ရုပ်လုံး၊ ရုပ်ကြွများအား ပညာရှင်များ၏ အကြံပြုချက်များရယူ ဆောင်ရွက်မည်။

(ညည)အမျိုးသား စာကြည့်တိုက် (နေပြည်တော်)အတွက် စာစုလုပ်ငန်းများ၊ စာပြုလုပ်ငန်းများ၊ စာကြည့်တိုက် ပညာပေးလုပ်ငန်းများ ကလေးစာကြည့်တိုက်လုပ်ငန်းများ၊ စာဖတ်ခန်းများ ဖွင့်လှစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်။

(ဋဋ) ဒြပ်ရှိနှင့် ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များ စာရင်း ကောက်ယူခြင်း၊ စာရင်းထည့်သွင်းခြင်း နှင့် ထိန်းသိမ်းမည်။

(ဌဌ) နိုင်ငံခြားဝင်ငွေများ တိုးတက် ရရှိစေရန် ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်း၊ အဆောက်အဦများဖြင့် ကမ္ဘာ့လှည့် ခရီးသွားလုပ်ငန်းဆွဲဆောင်နိုင်ရန် ဆောင်ရွက်မည်။

(ဍဍ) ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးမြင့်မားမှု၊ လေးစားတန်ဖိုးထားမှုသိစိတ်များ ပြည်သူလူထုတို့ထံ ပိုမိုတိုးပွားလာစေရေး သတင်းမီဒီယာ သဘောတရား လုပ်ဆောင်မှုတို့ဖြင့် ထိုးဖောက် ဆောင်ရွက်မည်။

(ဃဃ) အမျိုးသားပြတိုက် (ရန်ကုန်) အပါအဝင်၊ ပုဂံပြတိုက်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးတို့၌ရှိသော ယဉ်ကျေးမှု ပြတိုက်များအား စနစ်တကျ ပြန်လည် ခင်းကျင်းမည်။

(ဏဏ)ရှေးဟောင်းဘုရားများ၊ လိုဏ်များရှိ နံရံဆေးရေး ပန်းချီများနှင့် ရှေးဟောင်းအုတ်ခွက် ဆင်းတုတော်များအား ဓာတုဗေဒနည်းဖြင့် ကြေးချွတ်သန့်စင်၊ ကြံ့ခိုင် စေရန် ထိန်းသိမ်းမည်။

(တတ)နံရံဆေးရေး ပန်းချီရှိသော ရှေးဟောင်း အဆောက်အအုံများနှင့် ရှေးဟောင်း ဘုရားများအား ဒီဂျစ်တယ်နည်းဖြင့် မှတ်တမ်းတင်မည်။

(ထထ)စာရင်းကောက်ယူရန် ကျန်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီး အလိုက် ရှေးဟောင်း အဆောက်အအုံများ စာရင်းကောက်ယူခြင်း၊ ထိန်းသိမ်း မည်။

(ဒဒ) မြန်မာသမိုင်း သုတေသနစာစောင် အမှတ်(၂၃) စာအုပ်ပုံနှိပ် ထုတ်ဝေ မည်။

(ဓဓ) နိုင်ငံတကာ ဆက်ဆံရေး နှင့် ယဉ်ကျေးမှု ဆက်နွယ်မှုများကို ဖော်ထုတ် သုတေသနပြု ရေးသားမည်။

(နန) တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ နှင့် စရိုက်လက္ခဏာများ သုတေသနပြု ရေးသားမည်။

(ပပ) ပျူခေတ်နှင့် ပုဂံခေတ်မှ အမျိုးသား ယဉ်ကျေးမှု အခြေခံများ ဆက်စပ် ဖြစ်တည်ခဲ့သော သမိုင်းအထောက်အထားများကို ရှာဖွေ၍ စာအုပ်စာတမ်းများ ရေးသားပြုစုမည်။

(ဖဖ) ကုန်းဘောင်ခေတ်တွင် စိုးစံခဲ့ကြသော ထင်ရှားကျော်ကြားသည့် မင်းများ၏ သမိုင်းကို ရေးသားပြုစု၍ ပုံနှိပ်ထုတ်ဝေမည်။

(ဗဗ) မြန်မာနိုင်ငံရေးသမိုင်း (၁၉၄၈-၁၉၅၈)ကို ရေးသားပြုစု ပုံနှိပ်ထုတ် ဝေမည်။

(ဘဘ)ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသများတွင် ရှေးဟောင်း သုတေသနဥယျာဉ်များ အဖြစ် တိုးမြှင့် ဆောင်ရွက်မည်။

(မမ) ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းမှုကို ယူနက်စကို၊ ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့များဖြင့် ဌာနမှ ဆောင်ရွက်မည်။

(ယယ)ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ သမိုင်းဝင်နေရာ အချို့ကို သမိုင်းဝင်ဥယျာဉ် အဖြစ် တိုးမြှင့် ဆောင်ရွက်မည်။

(ရရ) အမျိုးသား ဇာတ်ရုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်မည်။

(လလ)မြန်မာ့တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် သီးခြားစီ ကျင်းပပြု လုပ်ခြင်းနှင့် ဗဟိုသို့ ဖိတ်ကြား၍ စွမ်းရည်ပြခြင်း၊ ဂုဏ်ပြု ချီးမြှင့်မည်။

(ဝဝ) ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ပြည်တွင်း/ပြည်ပ အကူအညီများဖြင့် တိုးမြှင့် ဖော်ထုတ်ထိန်းသိမ်းမည်။

**(င) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး**

(၁)မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)သင့်တော် ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးကို နိုင်ငံတော်၏ ရည်မှန်းချက် တစ်ရပ်အဖြစ် မြှင့်တင် ဆောင်ရွက်ရေး၊

(ခခ) နည်းပညာ ပြောင်းလဲမှုမှ အလုပ်အကိုင် ရရှိရေးကို အားပေးမြှင့်တင် ဆောင်ရွက်ရန် နှင့် လူငယ်များ အလုပ်အကိုင် ရရှိရေးကို စောင့်ကြည့် လေ့လာခြင်းနှင့် တိုးမြှင့် ဆောင်ရွက်ရေး၊

(ဂဂ) နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက် နိုင်ရန် အလုပ်သမားများနှင့် အလုပ်ရှင် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးရေး၊

(ဃဃ)ယှဉ်ပြိုင်နိုင်သော လုပ်သားထု ဖြစ်ပေါ်လာစေရေး အတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး နှင့် လုပ်သားထု၏ ကျွမ်းကျင်မှု အသိအမှတ်ပြု ဆောင်ရွက်ရေး၊

(ငင) ကျွမ်းကျင်လုပ်သားများ ရွှေ့ပြောင်း လုပ်ကိုင်နိုင်ရန် လုပ်သားဈေးကွက် သတင်းအချက်အလက်များ ရရှိရေးနှင့် အာဆီယံတွင် သတင်းအချက်အလက် ဖလှယ်နိုင်ရန် ဆောင်ရွက်ရေး၊

(စစ) လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမား အခွင့်အရေးများ အပြည့်အဝ ရရှိရန် ဆောင်ရွက်ရေး၊

(ဆဆ)အလုပ်သမားရေးရာ လုပ်ငန်းဆောင်ရွက်ရာတွင် သွက်လက်ထက်မြက်စေရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာကို ထိရောက်စွာ အသုံးပြုရန် ဆောင်ရွက်ရေး၊

(ဇဇ) အာဆီယံနိုင်ငံများအတွင်း မိမိ၏ အလုပ်သမားရေးရာလုပ်ငန်းများ (၁၀)ပုံ (၁)ပုံခန့် နောက်ကျနောင့်နှေးခြင်းကို ယခု(၃)နှစ်တာစီမံကိန်းကာလအတွင်း (၁၀) ဆတိုး၍ တွန်းအားပေး ကြိုးပမ်း ဆောင်ရွက်သွားခြင်းဖြင့် အာဆီယံနှင့် နိုင်ငံတကာအဆင့်မီတန်းတူ လုပ်ငန်းများကို ဆောင်ရွက်လာနိုင်စေရေး၊

(ဈဈ) ကျန်းမာရေး စောင့်ရှောက်မှု အခန်းကဏ္ဍကို လက်လှမ်းမီစေရေး တိုးမြှင့် ဆောင်ရွက်ရေး၊

(ညည)လူမှုဘဝ လုံခြုံမှုကို တိုးမြှင့် အကာအကွယ်ပေးရေး၊

(ဋဋ) နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံ၍ အတွေ့အကြုံများ ဖလှယ်ရေး၊

(ဌဌ) သတင်းအချက်အလက်နှင့် နည်းပညာကို ထိရောက်စွာ အသုံးပြုရန် ဆောင်ရွက်ရေး၊

(ဍဍ) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရေး၊

(ဎဎ) အာမခံထားသူများအား အိမ်ရာပိုင်ဆိုင်ခွင့်များ ရရှိစေ၍ လူနေမှုဘဝ တိုးတက် ကောင်းမွန်လာစေရေး၊

(ဏဏ)လူမှုဖူလုံရေး စီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်စေ၍ လူမှုဘဝဖူလုံရေးကို တိုးမြှင့် ဆောင်ရွက်ရေး၊

(တတ)အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များကို မှန်မှန်နှင့် ပြည့်ပြည့် ဝဝ ရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍအားလုံးတွင် ကုန်ထုတ်လုပ်မှု စွမ်းအားတိုးတက်မြင့်မား လာစေရေး၊

(ထထ)စက်ရုံ/အလုပ်ရုံနှင့် လုပ်ငန်း ဌာနများတွင် အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကာကွယ် စောင့်ရှောက်ပေးခြင်းဖြင့် လုပ်သားတို့၏ လူမှုဘဝ လုံခြုံ စိတ်ချရပြီး လုပ်ငန်းခွင် ဆက်ဆံရေး ပိုမိုကောင်းမွန် လာစေရေး၊

(ဒဒ) အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး ၊

(ဓဓ) အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေး ကောင်းမွန် ပြီး လုပ်ငန်းခွင် အေးချမ်း သာယာစေရန် ဆောင်ရွက်ရေး၊

(နန) အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်း ဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန် စွာ ရရှိခံစားနိုင်လာစေရေး ၊

(ပပ) အနည်းဆုံးအခကြေးငွေ ဥပဒေပါကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ဥပဒေသစ်ပါ အာမခံစနစ်နှင့် အကျိုးခံစားခွင့်များကို အာမခံထား သူများ ပြည့်ဝ မှန်ကန်စွာ ရရှိစေရေး ဆောင်ရွက်ရန်။

(ခခ) အာမခံအလုပ်သမားများ၏ သတင်းအချက်အလက် မှတ်တမ်းစနစ် ခိုင်မာအောင် တည်ဆောက်ရန်။

(ဂဂ) နိုင်ငံတကာ ဆက်ဆံရေးကို ကောင်းမွန်စွာ တည်ဆောက်၍ ပိုမို ကောင်းမွန်သော စံနမူနာနှင့် လုပ်ထုံးလုပ်နည်းများ ရရှိစေရန်။

(ဃဃ)ကျန်းမာရေး စောင့်ရှောက်မှုအား တိုးမြှင့်ခြင်းဖြင့် အာမခံ အလုပ် သမားများ၏ လူနေမှု ဘဝတိုးတက်ကောင်းမွန်စေရန်။

(ငင) လူမှုဖူလုံရေး အိမ်ရာစနစ်အတွက် စီမံကိန်းများ အကောင်အထည် ဖော်ရန်။

(စစ) ပိုမိုပြည့်စုံကောင်းမွန်သော လူမှုဖူလုံရေး စီမံကိန်း ဖြစ်ပေါ်လာရေး အတွက် စဉ်ဆက်မပြတ် သုတေသနပြုခြင်းနှင့် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ရန်။

(ဆဆ)ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာပြီး ရုံးလုပ်ငန်းများ အရှိန် အဟုန် မြှင့်ဆောင်ရွက် နိုင်စေရန်။

(ဇဇ) စက်ရုံ၊အလုပ်ရုံ၊ အလုပ်ဌာနများတွင် အလုပ်ရှင်နှင့် အလုပ်သမား များ စည်းကမ်းစနစ်ကျနစွာ အလုပ်လုပ်နိုင်ရန် နှင့် လုပ်ငန်းခွင် ငြိမ်းချမ်း သာယာစေရန်။

(ဈဈ) ဥပဒေပါ ရပိုင်ခွင့်များကို အလုပ်သမားများ ရရှိစေရန် နှင့် အလုပ်ရှင်၊ အလုပ်သမား နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား မျှတသည့် လုပ်ငန်းခွင် ဆက်ဆံရေး ဖြစ်ပေါ်လာစေရန်။

(ညည)ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြား ချက်များနှင့်အညီ ဖြစ်စေရန်နှင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဘက် စလုံးမှ သိရှိနားလည် လိုက်နာစေရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)အလုပ်သမားများအတွက် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့် များ ရရှိရေး စည်းကြပ် အကောင်အထည်ဖော်မည်။

(ခခ) စက်ရုံ/အလုပ်ရုံနှင့် လုပ်ငန်းဌာနများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စများ ဆောင်ရွက်မည်။

(ဂဂ) လုပ်ငန်းကဏ္ဍ အသီးသီးရှိ လုပ်သားများ၏ ရပိုင်ခွင့် နှင့် တာဝန်ကို ထိရောက်စွာကာကွယ် စောင့်ရှောက်ပေးနိုင်ရေး အလုပ်သမားရေးရာ ဥပဒေများကို ပြန်လည်သုံးသပ်၍ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေ အာဆီယံပဋိညာဉ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၏ ပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီရန် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက် အသစ် ရေးဆွဲမည်။

(ဃဃ)လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေအသစ် ရေးဆွဲမည်။

(ငင) အမျိုးသားအဆင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီ ဖွဲ့စည်း ဆောင်ရွက်မည်။

(စစ) အမျိုးသားအဆင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဘောင် ချမှတ်ဆောင်ရွက်မည်။

(ဆဆ)လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန် အရာထမ်း၊ အမှုထမ်းများကို အလုပ်ရုံ ဆွေးနွေးပွဲများ၊ လုပ်ငန်းခွင်မွမ်းမံ သင်တန်းများပေး၍ အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာကွန်ယက် အကူအညီဖြင့် ပြင်ပသင်တန်းများ စေလွှတ်မည်။

(ဇဇ) အသေးစား နှင့် အလတ်စား ထုတ်လုပ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးသင်တန်းများ ဆောင်ရွက်၍ သုတေသနနှင့် ဓါတ်ခွဲခန်း စမ်းသပ်ချက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဆိုင်ရာ ကျန်းမာ သန့်ရှင်းရေးဓာတ်ခွဲခန်းကို အဆင့်မြှင့်တင်မည်။

(ဈဈ) ဥပဒေများ ပြင်ဆင်ရေးဆွဲခြင်းတွင် -

- အလုပ်အကိုင် နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအသစ် ရေးဆွဲမည်။
- နိုင်ငံခြားသား အလုပ်သမားဥပဒေအသစ် ရေးဆွဲမည်။
- ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ ပြင်ဆင်မည်။
- ၁၉၄၈ ခုနှစ် ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေ ပြင်ဆင်မည်။
- ၁၉၄၈ ခုနှစ် အလုပ်အကိုင်ဆိုင်ရာ စစ်တမ်း ကောက်ယူခြင်း အက်ဥပဒေ ပြင်ဆင်မည်။

(ညည)အခမဲ့ခိုင်းစေမှု အသိပညာ တိုးမြှင့်ရေး ဆောင်ရွက်ခြင်းတွင် အခမဲ့ ခိုင်းစေမှု အသိပညာပေး လက်ကမ်းစာစောင်များအား တိုင်းရင်းသား ဘာသာစကားများဖြင့် အများပြည်သူသို့ ဖြန့်ဝေရန်နှင့် တိုင်း ဒေသကြီး/ပြည်နယ် အသီးသီးတွင်လည်းကောင်း၊ ရဲအရာရှိများ၊ တပ်မတော် တပ်ရင်းမှူးနှင့် အခြားအရာရှိများ၊ အလုပ်သမား၊

အရာရှိများ၊ အလုပ်ရုံ စစ်ဆေးရေးမှူးများအား သင်တန်း/ဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချမည်။

(ဋဋ) အလုပ်သမားနှင့် အလုပ်ရှင် အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများ ကျင်းပမည်။

(ဌဌ) အာဆီယံဆွေးနွေးပွဲများလက်ခံကျင်းပမည်။

(ဍဍ) လုပ်သားအင်အား စစ်တမ်းနမူနာကောက်ယူခြင်း ကြိုတင်ပြင်ဆင်ခြင်း၊ အခြေခံအချက်များ စုဆောင်းခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မေးခွန်းလွှာပြုစုခြင်း၊ ကြီးကြပ်သူများနှင့် ကွင်းဆင်း ကောက်ယူသူများအား သင်တန်းပို့ချခြင်း၊၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်ကျငွေကျပ် (၈၉.၃၂)သန်း ကွင်းဆင်းစာရင်း ကောက်ယူခြင်း၊ အစီရင်ခံစာရေးသားပြုစု တင်ပြခြင်းများ ဆောင်ရွက်မည်။

(ဎဎ) လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ပြုစု ထုတ်ဝေမည်။

(ဏဏ)အာဆီယံ-ဂျပန် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ရေးဆွဲမည်။ အစီအစဉ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း နည်းပညာပူးပေါင်း ဆောင်ရွက်ရန် နိုင်ငံအဆင့်ဆွေးနွေးပွဲကို ဂျပန် အထောက်အပံ့ဖြင့် ပြုလုပ်ကျင်းပမည်။

(တတ)စက်မှုဇုန်၊ ပုဂ္ဂလိက၊ ဖက်စပ်နှင့် ကိုယ်တိုင် အခြားလုပ်ငန်း၊ အလုပ်အကိုင် အခကြေးငွေနှင့် အလုပ်ချိန်ဆိုင်ရာ စာရင်းကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်းနှင့် အစီရင်ခံစာရေးသားပြုစုခြင်းများ ဆောင်ရွက်မည်။

(ထထ)ပြည်တွင်း အလုပ်အကိုင်တွင် အလုပ်ရဦးရေ (၃၇၄၀၀)ဦး လျာထားပြီး ပြည်ပ အလုပ်အကိုင်တွင် အလုပ်ရရှိသူ (၁၅၀၀၀) ဦး လျာထား ဆောင်ရွက်မည်။

(ဒဒ) ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း လုပ်သားများအတွက် ကူညီ ဆောင်ရွက်ရန်။

- မြန်မာ၊ ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာ အစည်းအဝေး၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီ၏ ပြည်ပရောက် မြန်မာအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပမည်။
- ယာယီ မြန်မာနိုင်ငံကူးလက်မှတ်နှင့် ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် တွင် (၁၅၀၀၀၀၀) ဦး ဆောင်ရွက်မည်။

(ဓဓ) အလုပ်သမား သံအရာရှိ ထားရှိခြင်း။

- ထိုင်းနိုင်ငံနှင့် ကိုရီးယားနိုင်ငံတွင် အလုပ်သမား သံအရာရှိ ထားရှိ၍ အလုပ်သမား ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မည်။
- မလေးရှား၊ စင်္ကာပူ၊ တရုတ်၊ ဆော်ဒီ၊ ဂျပန် အလုပ်သမား သံအရာရှိ ထားရှိရန် စီစဉ်မည်။

(နန) ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်ပေးမည်။

(ပပ) ရုံးသစ်များဆောက်လုပ်မည်။

(ဖဖ) ကျွမ်းကျင်မှုစံများ သတ်မှတ်ပြဋ္ဌာန်းခြင်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်မည်။

(ဗဗ) ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း ဥပဒေများအား ပုံနှိပ်ဖြန့်ဝေခြင်းနှင့် ဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရာတွင် ရုံးလုပ်ငန်း အထောက်အကူပြု ရုံးသုံးပုံစံ စာရွက်စာတမ်းများ ပုံနှိပ်ဖြန့်ဝေခြင်းများ ဆောင်ရွက်မည်။

(ဘဘ) ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အကောင်အထည်ဖော်မည့် လူမှုဖူလုံရေး စီမံကိန်းအား အလုပ်ရှင်၊ အလုပ်သမားများသာမက ပြည်သူအားလုံးသိရှိနားလည်ပြီး ယုံကြည်မှုရရှိစေရန် အသိပညာပေး ဆောင်ရွက်သွားမည်။

(မမ) ၂၀၁၂ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ လုပ်ငန်းများကို ကွန်ပျူတာ စနစ်ဖြင့် အကောင်အထည်ဖော်ရာတွင် ရာနှုန်းပြည့်အောင်မြင်စေရန် လိုအပ်သော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဖြည့်တင်းရန် အတွက် ရုံးချုပ်၊ ရုံးခွဲ၊ ဆေးရုံ နှင့်ဆေးခန်းများအတွက် ကွန်ပျူတာ နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်သွားပါမည်။ စာရင်းဇယား အချက်အလက်များ ထားရှိသော ထိန်းချုပ်ကွန်ပျူတာရှိ အချက် အလက်များ ပြန်လည်သုံးစွဲ ဖြစ်စေရန် အရံစနစ်အတွက် ထိန်းချုပ် ကွန်ပျူတာတစ်လုံး ဝယ်ယူသွားပါမည်။ ထို့အပြင် အစိုးရ အချင်းချင်းစနစ် အကောင်အထည်ဖော်ရန် ကွန်ယက်ချိတ်ဆက်ရန် လိုအပ် ပစ္စည်းများ ဝယ်ယူစုဆောင်း တပ်ဆင်သွားမည်။

(ယယ)လူမှုဖူလုံရေးရုံး ဝန်ထမ်းများ ကွန်ပျူတာပညာ နားလည် တတ်ကျွမ်း စေရန် အချက်အလက်များ ထားရှိထည့်သွင်းနေရာတွင် ကွန်ပျူတာ နည်းပညာ သင်တန်းကျောင်း ထူထောင်ဖွင့်လှစ်၍ အရာထမ်း သင်တန်း (၃) ကြိမ်၊ အမှုထမ်းသင်တန်း(၆)ကြိမ် ဖွင့်လှစ်သင်ကြား ပို့ချသွားမည်။

(ရရ) လူမှုဖူလုံရေး လုပ်ငန်းများကို ကွန်ပျူတာစနစ်အသုံးပြုမှု ပြောင်းလဲ အသုံးချ ဆောင်ရွက်ရာတွင် ကွန်ပျူတာအခြေခံသုံးစနစ် ပရိုဂရမ် များအား လက်တွေ့ အသုံးချရာ၌ ပိုမိုအဆင်ပြေစေရန် ပရိုဂရမ်များ ပြင်ဆင်မွမ်းမံခြင်းနှင့် ပရိုဂရမ်အား အသုံးပြုစဉ် အခက်အခဲများ ပေါ်ပေါက်သည့်အခါ အဆင့်မြင့် ပြုလုပ်ရန်အတွက် ပြင်ပပညာရှင် အား ငှားရမ်း ဆောင်ရွက်မည်။

(လလ)တိုးတက်များပြားလာသော အာမခံထားသူအားလုံး လူမှုဖူလုံရေး အာမခံ စိစစ်ရေး ကတ်ပြားများ ထုတ်ပေးနိုင်ရေး အတွက် လိုအပ်သော ကဒ်ထုတ်ပရင်တာနှင့် ဖလင်ကြိုးများ စုဆောင်းဝယ်ယူ သွားမည်။

(ဝဝ) တိုးချဲ့ဖွဲ့စည်းသည့် ဝန်ထမ်းအင်အားနှင့် လျော်ညီစွာ မော်တော်ယာဉ် လိုအပ်ချက်များ ဖြည့်တင်းရန် ရုံးချုပ်အတွက် အဆင့်မြင့်

ဘတ်စ်ကား (၁)စီး၊ အလတ်စား ဘတ်စ်ကား (၁)စီး၊ အသေးစား ဘတ်စ်ကား (၁)စီး၊ ဗန်ကား (၂)စီး ဝယ်ယူ ဖြည့်တင်းသွားပါမည်။ ပြည်နယ်/တိုင်းဒေသကြီး ရုံးများအတွက် ပစ်ကပ်ကား (၅)စီး၊ ရုံးခွဲများအတွက် မော်တော်ဆိုင်ကယ် (၂၀)စီး ဖြည့်တင်း ဝယ်ယူသွားမည်။

(သသ)လူမှုဖူလုံရေးရုံး အဆောက်အဦ အင်္ဂါရပ်များနှင့် ကိုက်ညီ၍ သစ်လွင်ပြီး အဆင့်မီသော ရုံးခွဲများ ဖြစ်စေရန် ဧရာဝတီ တိုင်းဒေသကြီး အတွင်းရှိ ရုံးခွဲ(၅)ရုံးနှင့် ဆေးခန်း (၅)ခန်းအား ပြုပြင်မွမ်းမံခြင်းနှင့် ဆေးခန်းများတွင် တယ်လီဖုန်းများ တပ်ဆင် ဆောင်ရွက်သွားပါမည်။ ထို့အပြင် ကြံခင်းရုံးနှင့် ဆေးခန်း၊ အုတ်ကျင်းဆေးခန်း၊ မြိတ်ရုံးနှင့် ဆေးခန်းများအတွက် မြေကွက်များ ဝယ်ယူခြင်း၊ သာယာဝတီမြို့ရုံးခွဲတွင် ဂါလံ(၈၀၀)ဆံ့ ပလပ်စတစ် ရေကန်နှင့် အမြင့်(၁၆)ပေရှိ သစ်သားရေစင် ဆောက်လုပ်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊ (၀.၅) မြင်းကောင်ရေအားရှိ မော်တာပန့်တပ်ဆင်ခြင်း၊ ကောလင်းမြို့ရုံးခွဲတွင် အချင်း (၂)လက်မရှိ အဝီစိစက် ရေတွင်း တူးဖော်ခြင်းများ ဆောင်ရွက်သွားမည်။

(ဟဟ)နိုင်ငံတကာ ဆက်ဆံရေးကို ကောင်းမွန်စွာ အခြေပြု၍ ပိုမိုကောင်းမွန်သော စံနမူနာနှင့် လုပ်ထုံးလုပ်နည်းများ၊ အတွေ့အကြုံများ ရရှိစေရန်နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားနိုင်ရန် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး/ညီလာခံများနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ပြုလုပ်မည့် လူမှုဖူလုံရေးအသင်း အစည်းအဝေးများသို့ လူမှုဖူလုံရေးအဖွဲ့မှ အဆင့်မြင့် အရာရှိကြီး(၂)ဦး တက်ရောက်သွားပါမည်။ လူမှုဖူလုံရေးအဖွဲ့ အရာထမ်းများ လုပ်ငန်းစီမံခန့်ခွဲမှုစွမ်းဆောင်ရည်တိုးတက်လာစေရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ဦးဆောင်၍ အီတလီနိုင်ငံ၊ တူရင်မြို့ရှိ အပြည်ပြည်ဆိုင်ရာ သင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့် သင်တန်းများသို့ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား(၃)ဦးဖြင့် သင်တန်း (၂)ကြိမ်

စေလွှတ် လေ့ကျင့်သွားပါမည်။ အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့ နှင့် လူမှုဖူလုံရေး အသင်းအဖွဲ့များသို့ နှစ်စဉ်ကြေးများ ပေးသွင်း၍ အဖွဲ့ဝင် နိုင်ငံအဖြစ် နိုင်ငံတကာ လူမှုဖူလုံရေး လုပ်ငန်းများကို ပါဝင် ဆောင်ရွက်သွားမည်။

(ဠဠ) ရုံးအဆင့်အတန်းအလိုက် သင့်တင့်လျောက်ပတ်သော ရုံးသုံး ပရိဘောဂများကို နေပြည်တော်ရှိ လူမှုဖူလုံရေးရုံးချုပ်အတွက် ဝယ်ယူ ဖြည့်တင်း၍ သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေပေးသွားမည်။

(အအ)ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်၍ အာမခံအလုပ်သမားများ၏ လူနေမှုဘဝ တိုးတက်ကောင်းမွန်စေရန် ရန်ကုန်၊ မန္တလေး အလုပ် သမားဆေးရုံကြီးနှင့် ထန်းတပင် တီဘီရောဂါကု ဆေးရုံကြီးများ အတွက် ခေတ်မီ ပြည့်စုံကောင်းမွန်သော ခွဲစိတ်ခန်းသုံးနှင့် ဆေး ပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းသွားမည်။

-- အလုပ်ရုံ နှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါအတိုင်း ဆောင်ရွက် ပါမည်။

- စစ်ဆေးရေးလုပ်ငန်းများ နှင့် ပတ်သက်၍ စက်ရုံ/ အလုပ်ရုံ အကြီး၊ ဆိုင် နှင့် အလုပ်ဌာနများ၊ ရုံးငယ်များ တစ်နှစ်ပတ်လုံး စစ်ဆေးမည်။
- အလုပ်ရုံ နှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာနတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း ထားရှိပြီး လုပ်ငန်းခွင် ထိခိုက်မှု လျော့နည်း ကျဆင်းရေးများ ဆောင်ရွက်မည်။
- စက်ကိရိယာကြောင့် ဖြစ်ပွားမှု ပိုမိုများပြားလာသဖြင့် စက်ရုံ/ အလုပ်ရုံ/ အလုပ်ဌာနများတွင် စက်ကိရိယာ အန္တရာယ် ကင်းရှင်းရေးအတွက် ပြည်တွင်း ပြည်ပအကူ အညီများ ရယူ၍ လုပ်ငန်းခွင်မပျက် သင်တန်းများ ပို့ချသွားမည်။

- အလုပ်ရှင် အလုပ်သမား နှစ်ဘက်စလုံးက ဘေးအန္တရာယ်ကင်းရှင်းရေး အသိစိတ်ဓါတ်မြင့်မားလာစေရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မရှင်များ ဖွဲ့စည်း၍ ရည်မှန်းချက်များရေးဆွဲ ဆောင်ရွက်စေရန် ပညာပေး စည်းရုံး ဆောင်ရွက်မည်။

-- သတင်းအချက်အလက်များ မျှဝေခြင်းလုပ်ငန်းတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ကိန်းဂဏန်းဌာနကို တိုးချဲ့ ဆောင်ရွက်မည်။

-- နည်းပညာသုံး စက်ကိရိယာများ အဆင့်မြင့်တင်ရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ နည်းပညာနှင့် ငွေကြေး အထောက်အပံ့များ ရယူ ပေါင်းစပ် ဆောင်ရွက်မည်။

-- အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကွန်ယက်နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အာဆီယံ(၁၀)နိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျအစည်းအဝေးများ လက်ခံကျင်းပကြသည့်နည်းတူ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်၌ အစည်းအဝေးလက်ခံ ကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင် ဆောင်ရွက်မည်။

-- အလုပ်သမားရေးရာ ဆက်ဆံရေးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း ပြည်နယ်ရုံး (၂)ရုံးကို ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိုးချဲ့ ဖွင့်လှစ် သွားမည်။
- ခုံသမာဓိကောင်စီမှ အငြင်းပွားမှုများ ဆုံးဖြတ်ရာတွင် အမှုတစ်မှုချင်းအလိုက် ကောင်စီဝင်များအား ငွေကြေး ထောက်ပံ့ခြင်းအတွက် ဆောင်ရွက်မည်။
- အစိုးရဌာနဆိုင်ရာ အလုပ်ရှင်နှင့် အလုပ်သမားတို့ ပါဝင်သော သုံးပွင့်ဆိုင် အလုပ်ရုံ ဆွေးနွေးပွဲများအတွက် ပြည်တွင်း၊ ပြည်ပ အကူအညီရယူ၍ ဆောင်ရွက်သွားမည်။

- အွန်လိုင်း ဝက်ဘ်ဆိုဒ်မှတစ်ဆင့် အသိပညာပေးခြင်းနှင့် ခုံသမာဓိ ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အချက်အလက်၊ ကိန်းဂဏန်း များ တိုက်ရိုက် ကြည့်ရှုနိုင်စေရန်အတွက် ပြည်တွင်း၊ ပြည်ပ အကူအညီရယူ၍ ဆောင်ရွက်မည်။

**(စ) လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး**

(၁) မူဝါဒများမှာအောက်ပါအတိုင်း ဖြစ်သည်-

(ကက)ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး၊

( ခခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက် မည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး၊

( ဂဂ) လိုအပ်သောဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဌာန်းခြင်း၊ ပြန်လည် ပြင်ဆင် အတည်ပြုခြင်းများ ဆောင်ရွက်ရေး၊

(ဃဃ)နိုင်ငံသားတိုင်း မြန်မာ့ရိုးရာလူမှုရေး အစဉ်အလာကောင်း များကို ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ငင) ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(စစ) အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေး အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရေး၊

(ဆဆ)ရပ်ရွာအခြေပြု သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်း ရပ်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

( ဇဇ) လုပ်ငန်းများကို ဖော်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း များ၊ သဘာဝဘေး စီမံခန့်ခွဲရေးနှင့် အရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် အကောင်အထည်ဖော်ရေး လုပ်ငန်း အစီအစဉ် ၂၀၁၀-၂၀၁၅ ဘဏ္ဍာနှစ်နှင့် မြန်မာနိုင်ငံ သဘာဝဘေး

လျော့ပါးရေး လုပ်ငန်းစီမံချက် တို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဈဈ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးဌာန၏ ဖွဲ့စည်းပုံကို ရုံးချုပ် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများ အားလုံးနှင့် သင်တန်းကျောင်း၊ အရေးပေါ် စီမံခန့်ခွဲမှု ဗဟိုဌာန၊ နေပြည်တော်တိုင်းရုံးတို့ကို တိုးချဲ့ဖွဲ့စည်းနိုင်ရန် တင်ပြဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ရှေးဦး ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းကို ကျောင်းအခြေပြုမှ ရပ်ရွာအခြေပြုသို့ တိုးချဲ့ဆောင်ရွက်ရန်နှင့် အသိပညာပေးလုပ်ငန်းများပိုမို တိုးမြှင့် ဆောင်ရွက်ရန်။

(ခခ) သင်တန်းကျောင်း အခြေပြုနှင့် ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်။

(ဂဂ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန်။

(ဃဃ)ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ငင) အမျိုးသမီးများ စောင့်ရှောက်ရေးလုပ်ငန်းအား ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပိုမိုမြှင့်တင် ဆောင်ရွက်ရန်။

(စစ) အမျိုးသမီး အခွင့်အရေးများ ဆိုင်ရာ၊ လူကုန်ကူးမှုဆိုင်ရာ၊ ကျား/မ ခွဲခြားမှု ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်။

(ဆဆ)ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ မြို့နယ် (၉) မြို့နယ်တွင် ဆောင်ရွက်ရန်။

(ဇဇ) သင်တန်းကျောင်း အခြေပြုနှင့် ရပ်ရွာအခြေပြု မသန်စွမ်းသူများ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်ရန်။

(ဈဈ) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်။

(ညည)လူမှုဝန်ထမ်း လုပ်ငန်းများအား အစိုးရဌာန အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

(ဋဋ) တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်း ဦးစီးဌာနမှူးရုံးများ၏ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ရန်။

(ဌဌ) သဘာဝ ဘေးအန္တရာယ်များကြောင့် လူ့အသက်၊ အိုးအိမ် ပစ္စည်းများ ဆုံးရှုံးမှု လျော့နည်းအောင် ကြိုတင်စီမံ ဆောင်ရွက်ပေးရန်။

(ဍဍ) သဘာဝ ဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသော ဘေးသင့် ပြည်သူများအား လတ်တလော သက်သာချောင်ချိမှု ရရှိစေရေးအတွက် အထောက်အပံ့ပေးရန်။

(ဎဎ) သဘာဝဘေး အန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့ နေရသော ဘေးသင့် ပြည်သူများအား ကောင်းမွန်သည့် လူနေမှု ဘဝပြန်လည် ရရှိစေရေးအတွက် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ပေးရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်-

(ကက)လူမှုဝန်ထမ်း ဦးစီးဌာနအနေဖြင့် ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးမှုပြုစု ပျိုးထောင်ရေးဆိုင်ရာ ဒေသတွင်း နီးနှောဖလှယ်ပွဲများကို မော်လမြိုင် မြို့နှင့် တောင်ကြီးမြို့တို့တွင် ဆောင်ရွက်မည်။

(ခခ) မိခင်ဝိုင်းများကို တီးတိန်မြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့တွင် ဖွဲ့စည်း ဆောင်ရွက်မည်။

(ဂဂ) မိခင်ဝိုင်းခေါင်းဆောင်များနှင့် ပံ့ပိုးကူညီသူများအား မိဘရပ်ရွာ အသိ ပညာပေး သင်တန်းများအား လွိုင်ကော်မြို့၊ လားရှိုးမြို့၊ မြစ်ကြီးနား မြို့နှင့် နေပြည်တော်တို့တွင် ဖွင့်လှစ် ဆောင်ရွက်မည်။

(ဃဃ)အသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်းများရှိ ဆရာမများအား လစာငွေကို တိုးမြှင့်ထောက်ပံ့မည်။

(ငင) ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များ အတွက် ကလေး(၁၀၀)ဆံ့ ကလေးပြုစုရေးဌာန (၁)အား ပုသိမ်မြို့တွင် ဖွင့်လှစ်မည်။

(စစ) အသက် (၃-၅)နှစ် အရွယ် ကလေးများအတွက် မူလတန်းကြို ကျောင်း (၄) ကျောင်းကို မြိတ်မြို့၊ ဗန်းမော်မြို့၊ ဖျာပုံမြို့၊ တာချီလိတ်မြို့တို့တွင် တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒကို သက်ဆိုင်ဆက်စပ်သည့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အစိုးရအဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ (၁၃-၆-၂၀၁၂)မှ စတင်၍ ရေးဆွဲ ဆောင်ရွက်မည်။

(ဆဆ)ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းအား ညွှန်ကြားရေးမှူး အဆင့်ဖြင့် တိုးချဲ့ ဖွင့်လှစ် ဆောင်ရွက်မည်။

(ဇဇ) ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ကြီး)၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန် ပြည်နယ်နှင့် နေပြည်တော် ကောင်စီနယ်မြေတို့တွင် တိုင်းဒေသကြီး နှင့်ပြည်နယ် လူမှုဝန်ထမ်းရုံး(၇)ရုံးအား ညွှန်ကြားရေးမှူး အဆင့်ဖြင့် ဖွဲ့စည်းပုံ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်မည်။

(ဈဈ) ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ရှမ်းပြည်နယ်(လားရှိုး)နှင့် ပုဂံ/ညောင်ဦး တို့တွင် တွဲဖက် ပြည်နယ်/တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး (၃)ရုံး အား ဒုတိယ ညွှန်ကြားရေးမှူး အဆင့်ဖြင့် ဖွဲ့စည်းပုံ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်မည်။

(ညည)နေပြည်တော်ခရိုင်၊ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်တို့တွင် ခရိုင်အဆင့် လူမှုဝန်ထမ်းရုံး (၃)ရုံးအား ဒုတိယညွှန်ကြားရေးမှူး အဆင့်ဖြင့် အသစ်ဖွင့်လှစ် ဆောင်ရွက်မည်။

(ဠဠ) ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းအား ဒုတိယညွှန်ကြားရေးမှူး အဆင့်ဖြင့် တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်မည်။

(ဋဋ) လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ဌာနငယ်၊ သင်တန်းကျောင်း (ကလေး ပြုစုရေး ၊ မူးယစ်/ပြန်ထူ၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ လူငယ်သင်တန်းကျောင်း) များအား လက်ထောက်ညွှန်ကြားရေးမှူး အဆင့်ဖြင့် ဖွဲ့စည်းပုံ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်မည်။

(ဍဍ) မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းစဉ်များအား မြို့နယ် (၂၀)တွင် ဆက်လက် ဆောင်ရွက်မည်။

(ဎဎ) စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ တည်ထောင် ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများ၊ စေတနာညကျောင်းများ၊ လူငယ်ရိပ်သာများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာများနှင့် လူမှုဂရုဏာစောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် ဖွင့်လှစ်ထားသော မရမ်းချောင်းပရဟိတဂေဟာ လူမှုစောင့်ရှောက်ရေးလုပ်ငန်းတို့အား ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အဆင့်တိုးမြှင့်ထောက်ပံ့ ပေးနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်သွားမည်။

(ဏဏ)သင်တန်းကျောင်းများရှိ ကလေးသူငယ်များအား ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသက်မွေး ဝမ်းကျောင်းပညာများ သင်ကြားပေးမည်။

(တတ)အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း (၁)ကျောင်းအား ဧရာဝတီ တိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် တိုးချဲ့ဖွင့်လှစ်မည်။

(ထထ)အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၏အတွေ့အကြုံ ဖလှယ်မှု အစီအစဉ် အစည်းအဝေးအား နေပြည်တော်တွင် ကျင်းပဆောင်ရွက်မည်။

(ဒဒ) ရပ်ရွာအခြေပြု အိမ်တွင်းမှု သင်တန်းများအား ရန်ကုန်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့၊တောင်ငူမြို့၊ ပုသိမ်မြို့ နှင့် မြစ်ကြီးနားမြို့ တို့တွင် (၅) ကြိမ်စီ ဖွင့်လှစ် ပို့ချမည်။

(ဓဓ) အမျိုးသမီး သင်တန်းကျောင်းများရှိ ဝန်ထမ်းများ မိမိတို့ သင်တန်းကျောင်းများရှိ သင်တန်းသူများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရေးအတွက် စိတ်လူမှု ဆက်ဆံရေး သင်တန်း (၂)ကြိမ် ဖွင့်လှစ် ဆောင်ရွက်မည်။

(နန) အမျိုးသမီးကျောင်းများမှ ပြင်ပနေ သင်တန်းသူများအတွက် နောက်ဆက်တွဲ စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိသားစုနှင့် ပြန်လည် ပေါင်းစည်းပေးခြင်းနှင့် လူမှုရေးစောင့်ရှောက်မှု ပေးခြင်းများ ဆောင်ရွက်မည်။

(ပပ) ကျား၊ မ တန်းတူညီမျှမှု ဆိုင်ရာ သဘောတရားနှင့် အမျိုးသမီး အခွင့်အရေးများအသိပညာပေးမှု အစီအစဉ်များအား ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် သင်တန်း(၄)ကြိမ် ကျင်းပ ဆောင်ရွက်မည်။

(ဖဖ) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်း၊ မိဘရပ်ထံ ပြန်လည် အပ်နှံပေးခြင်း၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေး ဆိုင်ရာ အစည်းအဝေးနှင့် လူကုန်ကူးမှုဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်း (၁)ကြိမ်ကို ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပ ဆောင်ရွက်မည်။

(ဗဗ) ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့နှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တို့တွင် သက်ကြီး ရွယ်အိုများအတွက် နေ့ပိုင်းပြုစု စောင့်ရှောက်ရေးစင်တာ (၂) ခု တိုးချဲ့ ဖွင့်လှစ် ဆောင်ရွက်မည်။

(ဘဘ)အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း စီမံကိန်း အဆင့် (၄) (၂၀၁၂-၂၀၁၅)အား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များနှင့် သက်ကြီးရွယ်အိုဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များအား တိုးချဲ့ ဆောင်ရွက်မည်။

(မမ) မသန်စွမ်းသက်ငယ် သင်တန်းကျောင်း(၁)ကျောင်းအား မန္တလေးမြို့တွင် အသစ် တိုးချဲ့ ဖွင့်လှစ်မည်။

(ယယ)မသန်စွမ်း သက်ကြီးသင်တန်းကျောင်း(၁) ကျောင်းအား မန္တလေးမြို့တွင် အသစ် တိုးချဲ့ဖွင့်လှစ်မည်။

(ရရ) ရပ်ရွာအခြေပြု မသန်စွမ်းသူများ ပြန်လည် ထူထောင်ရေး စီမံကိန်းလုပ်ငန်းများအား ကြီးကြပ် ဆောင်ရွက်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းပြုလုပ်မည်။

(လလ)ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး ဝန်ထမ်းများအား သင်တန်းပေးမည်။

(ဝဝ) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အသိပညာပေး သင်တန်း(၁၄)ကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်မည်။

(သသ)အမျိုးသားအဆင့် လုပ်ငန်းစဉ်(၂၀၁၃-၂၀၁၈) ရေးဆွဲခြင်းနှင့် ကော်မတီ ဖွဲ့စည်းရန် အစည်းအဝေး (၄)ကြိမ် ကျင်းပမည်။

(ဟဟ)၂၀၁၃ ခုနှစ်တွင် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ဥပဒေအား အတည်ပြုပေးပါက ထုတ်ဝေနိုင်ရေး ဆောင်ရွက်မည်။

(ဠဠ) မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ စာအုပ်များ ပုံနှိပ် ဖြန့်ဝေမည်။

(အအ)ရန်ကုန် တိုင်းဒေသကြီး၊ ကြည့်မြင်တိုင် မြို့နယ်ရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် တွဲဖက်ထားရှိသည့် အခြေခံပညာ မူလတန်းကျောင်းအား အလယ်တန်းကျောင်း အဆင့် တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်မည်။

-- မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိမန္တလေး နားမကြားသော ကလေးများကျောင်းတွင် အခြေခံပညာ အလယ်တန်းကျောင်း (၁) ကျောင်းအသစ် ဖွင့်လှစ်ဆောင်ရွက်မည်။

-- နားမကြားသူများအတွက် လက်သင်္ကေတပြ ဘာသာစကား အသိပညာပေးသင်တန်း (၁၄)ကြိမ်အား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သင်ကြားပေးမည်။

-- လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အသိပညာပေး သင်တန်း(၂) ကြိမ် သင်ကြား ပေးမည်။

-- ပညာရေး ဝန်ထမ်းများအတွက် အထူးသင်တန်း (၂)ကြိမ် ဖွင့်လှစ်ဆောင်ရွက်မည်။

-- မသန်စွမ်း အနုပညာပွဲတော် ကျင်းပရန် စီစဉ်ခြင်းနှင့် ကျင်းပဆောင်ရွက်မည်။

-- လက်သင်္ကေတပြ ဘာသာစကား စီမံချက်အပိုင်း(၂) (၂၀၁၁-၂၀၁၄) အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် ပူးပေါင်း၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လက်သင်္ကေတပြ ဘာသာစကားပြန်များအား လေ့ကျင့်သင်တန်းပေးမည်။

-- မသန်စွမ်းကျောင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ဆန်းစစ်ညှိနှိုင်းသုံးသပ် ဆွေးနွေးမှု ဆောင်ရွက်မည်။

-- အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ လေ့ကျင့် ပေးမည်။

-- မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် ကနဦး အစီရင်ခံစာ တင်ပြရန် လုပ်ငန်းများ ဆောင်ရွက် မည်။

-- မသန်စွမ်းသူများအတွက် သဘာဝဘေးအန္တရာယ် အသိပညာပေး သင်တန်း ဖွင့်လှစ်မည်။

-- မျက်မမြင် အကြောပြင်ပညာ သင်ရိုးညွှန်းတမ်း ပြုစုရန်အတွက် ဆွေးနွေးပွဲ (၆) ကြိမ် ကျင်းပမည်။

-- နွေရာသီမျက်မမြင် အကြောပြင် အခြေခံ သင်တန်း ဖွင့်လှစ်ခြင်းနှင့် မျက်မမြင် အကြောပြင် နီးနှော ဖလှယ်ပွဲကျင်းပမည်။

-- စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်လှစ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေး တာဝန်ပေးအပ်ခြင်း သင်တန်း (၁၀) ကြိမ် ဖွင့်လှစ်မည်။

-- ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး အဖြစ် ကျေးရွာအုပ်စု အတွင်းရှိ မူးယစ်ဆေး သုံးစွဲသူများကို အဆိုပါ ကျေးရွာအုပ်စု များ၌ ဆေးဖြတ် ကုသခြင်း နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်မည်။

-- အာဆီယံ အစည်းအဝေးများ အတွက် ကြိုတင်ညှိနှိုင်း အစည်း အဝေး (၃) ကြိမ် ကျင်းပမည်။

-- ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ် ကာလအတွင်း အစည်းအဝေးများ (၁၀) ကြိမ် ကျင်းပမည်။

-- လူမှုဝန်ထမ်းဦးစီးဌာန၏ ယခုခွင့်ပြု ဖွဲ့စည်းပုံအင်အားမှာ ၂၅၁၅ ဦး ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခန့်ပြီးအင်အား ၂၂၀၉ ဦး ပြည့်မီရန် လျာထား ခန့်အပ် ဆောင်ရွက်မည်။

-- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီများ၊ လုပ်ငန်း ကော်မတီနှင့် ကော်မတီအဆင့်ဆင့် အစည်းအဝေးများအား (၁၄) ကြိမ်စီ ကျင်းပမည်။

-- မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၀၆-၂၀၁၅ ဘဏ္ဍာနှစ်အား ပြန်လည် သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်မည်။

-- အမျိုးသမီးများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်နှင့် မသန်စွမ်းသူများ အခွင့် အရေးများဆိုင်ရာ ရှေ့လုပ်ငန်းစဉ် အစီအစဉ်များရေးဆွဲ ချမှတ် နိုင်ရေးအတွက် ညှိနှိုင်း အစည်းအဝေးများ ကျင်းပမည်။

-- အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ် တားဆီး ထိန်းသိမ်းရေး နည်းပြသင်တန်း (၄)ကြိမ်၊

မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး နည်းပြသင်တန်း (၆)ကြိမ်၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ် အသိပညာပေး ဟောပြောပွဲများ ပြည်နယ်/ တိုင်းဒေသကြီး (၇)ခုတွင် ကျင်းပမည်။

-- ဌာနတွင်းဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာသင်တန်း များဖြစ်သော ကွန်ပျူတာ ပထမအဆင့် သင်တန်း (၃)ကြိမ်၊ ဒုတိယ အဆင့်သင်တန်း(၂)ကြိမ်၊ ရုံးလုပ်ငန်းနှင့် လူမှုဂန်ထမ်းလုပ်ငန်း ဘာသာရပ်ဆိုင်ရာ သင်တန်း (၅)ကြိမ် ဖွင့်လှစ်မည်။

-- စေတနာ့လူမှုဝန်ထမ်းသမားများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆိုင်ရာ သင်တန်းများ၊ ရပ်ရွာအခြေပြု လူမှုဝန်ထမ်း လုပ်ငန်းများ ဆိုင်ရာ အသိပညာပေး သင်တန်းများ ဖွင့်လှစ်မည်။

-- ၁၉၉၃ ခုနှစ် ကလေးသူငယ် ဥပဒေအား ပြန်လည်ပြင်ဆင် အသစ် ရေးဆွဲခြင်းနှင့်အမျိုးသမီး အခွင့်အရေးများ ကာကွယ် စောင့်ရှောက် ခြင်း ဆိုင်ရာ ဥပဒေ ရေးဆွဲမည်။

-- ရွှေဘိုခရိုင်ရုံးတွင် (၁)ထပ် သံကူကွန်ကရစ်ရုံး အဆောက်အဦ (၁)လုံး ဆောက်လုပ်ခြင်း၊ (၂)ခန်းတွဲ(၁)ထပ် သံကူကွန်ကရစ် ဝန်ထမ်း အိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ မြိတ်မြို့ တွင် မူလတန်းကြိုကျောင်း ကျောင်းဆောင် (၁)လုံးနှင့် (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ထားဝယ်မြို့တွင် (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ တွင်မူလတန်းကြို ကျောင်းဆောင်(၁)လုံးနှင့် (၂)ခန်းတွဲ ဝန်ထမ်း အိမ်ရာ (၁)လုံးဆောက်လုပ်ခြင်း၊ ပဲခူး(အရှေ့)မူလတန်းကြိုကျောင်း တိုးချဲ့ သံကူကွန်ကရစ် (၁)ထပ်ဆောင် (၁)လုံးဆောက်လုပ်ခြင်း၊ မန္တလေးတိုင်းရုံး (၁)ထပ် သံကူကွန်ကရစ်ရုံး အဆောက်အဦဆောက် ခြင်း၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံးဆောက်ခြင်း၊ (၂)ခန်းတွဲ (၁)ထပ် သံကူကွန်ကရစ် ဝန်ထမ်းအိမ်ရာဆောက်ခြင်း၊ မန္တလေးမြို့ တွင် သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ

အဆောက်အဦတစ်လုံး ဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲ ဂန်ထမ်း အိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ မန္တလေးတိုင်း ဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး နားမကြားကျောင်းတွင် အခြေခံ ပညာအလယ်တန်းကျောင်း (၂)ထပ် စာသင်ဆောင် ဆောက်လုပ် ခြင်း၊ စားရိပ်သာ(၁)ခု ဆောက်လုပ်ခြင်း၊ ဧည့်တွေ့ဆောင်နှင့် လုံခြုံရေးဂိတ်တဲ ဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲ ဂန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ လက်ထောက်တိုင်းရုံး (ပုဂံ/ညောင်ဦး) (၂)ခန်းတွဲ (၁)ထပ် သံကူကွန်ကရစ် ဝန်ထမ်း အိမ်ရာ (၁)လုံး ဆောက်ခြင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် မူလတန်းကြို ကျောင်းဆောင်(၁)လုံးနှင့် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ မန္တလေးမြို့တွင် မသန်စွမ်း သက်ငယ် သင်တန်း ကျောင်း၊ ကျောင်းဆောင်(၁)လုံး ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာ (၁)လုံးနှင့် စားဖိုဆောင်(၁)လုံး ဆောက်လုပ်ခြင်း၊ မွန်ပြည်နယ်၊ သထုံခရိုင်ရုံး (၁)ထပ် သံကူကွန်ကရစ်ရုံး အဆောက်အဦ ဆောက်လုပ်ခြင်း၊ မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး(၁)ထပ် သံကူ ကွန်ကရစ် ရုံးအဆောက်အဦ ဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲ ဝန်ထမ်း အိမ်ရာ ဆောက်လုပ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင် မြို့နယ်၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် အခြေခံပညာ အလယ်တန်းကျောင်း (၂)ထပ် စာသင်ဆောင် (၁)လုံးဆောက်လုပ် ခြင်း၊ စားရိပ်သာ(၁)ခု ဆောက်လုပ်ခြင်း၊ ဧည့်တွေ့ဆောင်နှင့် လုံခြုံရေးဂိတ်တဲ ဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲ ဂန်ထမ်း အိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ လှိုင်သာယာအမှတ်(၂)မူကြို မြေဖို့ခြင်း လုပ်ငန်း၊ အမှတ်(၆)မူကြို စာသင်ဆောင်အောက်ထပ်(၂)ခန်းအား ပြင်ဆင်ခြင်း၊ အဆောက်အဦ သွပ်မိုးအသစ် ပြန်လည် တပ်ဆင်ခြင်း၊ နားမကြားကျောင်း (၂)ထပ်သံကူကွန်ကရစ် ဆင်ဝင် အပါအဝင် ဆောက်လုပ်ခြင်း၊ (၂)ခန်းတွဲ(၁)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်ခြင်း၊ မီးဖိုဆောင်နှင့် စားရိပ်သာ(၁)ထပ် ဆောက်လုပ်ခြင်း၊

မြေဖို့ခြင်း လုပ်ငန်း၊ ချိန်းလင့်ခ်ြစည်းရိုးကာရံခြင်း၊ လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်း(၂)ထပ် သံကူကွန်ကရစ်ဆင်ဝင်အပါအဝင် ဆောက်လုပ်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်း၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့တွင် မူလတန်းကြို ကျောင်းဆောင်(၁)လုံးနှင့် (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁) လုံး ဆောက်လုပ်ခြင်း၊ လွိုင်လင်မြို့တွင် မူလတန်းကြို ကျောင်းဆောင် (၁)လုံးနှင့် (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ တောင်ကြီး လူမှုဝန်ထမ်းရုံး(၁)ထပ် သံကူကွန်ကရစ်ရုံး အဆောက်အဦ ဆောက်လုပ်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ကလေးပြုစုရေးဌာန အဆောက်အဦ (၁)လုံး ဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ မြောင်းမြခရိုင်၊ လူမှုဝန်ထမ်းရုံး (၁)ထပ် သံကူကွန်ကရစ်ရုံး အဆောက်အဦ ဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်း၊ တိုးချဲ့မီးဖိုဆောင် (၁)လုံး ဆောက်လုပ်ခြင်း၊ ဖျာပုံခရိုင်လူမှုဝန်ထမ်းရုံး(၁)ထပ် သံကူကွန်ကရစ် ရုံးအဆောက်အဦ ဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ ဖျာပုံအိမ်တွင်းမှု သင်တန်းကျောင်း အဆောက်အဦ (၂)ထပ် သံကူကွန်ကရစ် ဆင်ဝင်ပါ ဆောက်လုပ်ခြင်း၊ မီးဖိုဆောင်နှင့် စားရိပ်သာ(၁)ထပ် ဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ဧည့်တွေ့ဆောင်နှင့် လုံခြုံရေးဂိတ် ဆောက်လုပ်ခြင်း၊ ဖျာပုံမူကြိုကျောင်းဆောင်(၁)လုံးဆောက်လုပ်ခြင်း၊ မီးဖိုဆောင် (၁)လုံးဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်းစသည့် ဖြည့်စွက်လုပ်ငန်း(၇၈)ခု အပါအဝင် ပြုပြင်မွမ်းမံခြင်း လုပ်ငန်း(၁၁)ခု၊ စုစုပေါင်း (၈၉)ခု ဆောင်ရွက်သွားပါမည်။

-- ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အနေဖြင့် လက်ရှိ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံသည်(၅၉၁)ဦး ဖြစ်သော်လည်း ကန့်သတ် အင်အား (၃)ပုံ(၂)ပုံ ပြည့်မီစေရေးအတွက် ၂၀၁၃-၂၀၁၄

ဘဏ္ဍာနှစ်တွင် (၃၆၂)ဦး ခန့်ထားနိုင်ရန် လျာထား တွက်ချက်ထားခဲ့ပါသည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမို ဖြစ်ပွားလာသည့်အတွက် သဘာဝဘေး လျော့ပါးရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရန် တို့အတွက် ဦးစီးဌာန၏ ဖွဲ့စည်းပုံကို တိုးချဲ့ ပြင်ဆင် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရာတွင် ဦးစီးဌာနရုံးချုပ်၌ ယခင် ညွှန်ကြားရေးမှူး (၄)ဦး၊ ဌာနခွဲ(၄)ခုဖြင့် ဆောင်ရွက်လျက်ရှိရာမှ ညွှန်ကြားရေးမှူး (၅)ဦး၊ ဌာနခွဲ(၅)ခု တို့ဖြင့် ဖွဲ့စည်းပုံကို တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားမည် ။

-- တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများတွင်လည်း ညွှန်ကြားရေးမှူးအဆင့်ဖြင့် ဖွဲ့စည်းပုံ တိုးချဲ့ ဖွင့်လှစ် ဆောင်ရွက်သွားမည်။

-- တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ခရိုင်များကို ဒုတိယညွှန်ကြားရေးမှူး အဆင့်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်၍ တည်ဆောက် ဖွင့်လှစ်ပြီး ခရိုင်ရုံးများ ဖြစ်သည့် ပြည်၊ ကျောက်ဖြူ၊ လားရှိုး၊ ကျိုင်းတုံ၊ မြိတ်၊ လပွတ္တာ၊ ဟသ်ာတ၊ ဇန်းမော်၊ မောင်တော၊ မြောင်းမြ၊ ဖျာပုံ၊ မော်လိုက်၊ ကျောက်မဲ၊ ကော့သောင်း၊ သထုံခရိုင်များတွင် ဒုတိယ ညွှန်ကြားရေးမှူး အဆင့်ဖြင့် ဖွဲ့စည်းပုံ တိုးချဲ့ ဖွင့်လှစ် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

-- တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ နှစ်စဉ်သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သော မြို့နယ်များ၌ လက်ထောက်ညွှန်ကြားရေးမှူး အဆင့်ဖြင့် ဖွဲ့စည်းပုံ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်သွားမည် ။

-- သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြား ပို့ချနိုင်ရန်အတွက် သင်တန်းကျောင်း တစ်ခု ဖွင့်လှစ်နိုင်ရေး ညွှန်ကြားရေးမှူး အဆင့်ဖြင့် ဖွဲ့စည်းပုံ ထပ်မံတိုးချဲ့ ဖွင့်လှစ် ဆောင်ရွက် သွားမည်။

-- သဘာဝဘေးအန္တရာယ်ကိုစောင့်ကြည့် လေ့လာနိုင်မည့် သဘာဝ ဘေး စောင့်ကြည့် လေ့လာရေးဌာနကိုလည်း ညွှန်ကြားရေးမှူးအဆင့်ဖြင့် ဖွဲ့စည်းပုံ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်သွားမည် ။

-- နေပြည်တော်ကောင်စီ နယ်မြေအတွင်း နေပြည်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးကို ညွှန်ကြားရေးမှူးအဆင့်ဖြင့် တိုးချဲ့ ဖွင့်လှစ်ဆောင်ရွက်သွားမည်။

-- ၂၀၁၄ ခုနှစ်၊ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် သဘာဝဘေး စီမံခန့်ခွဲရေးနှင့် ဆက်စပ်သောအစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်အစည်းအဝေး(၂)ကြိမ် ကျင်းပပါမည်။

-- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အတည်ပြုပြီးဖြစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ လိုအပ်သည့် နည်းဥပဒေနှင့်စည်းမျဉ်းများ ရေးဆွဲ၊ ထုတ်ပြန်၊ ကျင့်သုံးခြင်းများကို နှစ်အလိုက် ဆောင်ရွက် သွားပါမည်။

-- မြန်မာနိုင်ငံသဘာဝ ဘေးလျော့ပါးရေး လုပ်ငန်းစီမံချက်ပါ ဦးစားပေး စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို ကာလပိုင်းအလိုက် ဆန်းစစ်၍ မြန်မာနိုင်ငံ သဘာဝ ဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေးအဖွဲ့သို့ အစီရင်ခံ တင်ပြသွားပါမည်။

-- သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေး စီမံချက်များကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်အတွက် နေပြည်တော်တွင် အစည်းအဝေး(၂)ကြိမ် ကျင်းပသွားပါမည်။

-- ၂၀၀၉ ခုနှစ်တွင် ထုတ်ပြန်ထားသည့် တည်မြဲအမိန့် စာအုပ်အား နောက်ဆုံး အခြေအနေနှင့် ကိုက်ညီအောင်ရေးဆွဲ ဆောင်ရွက်သွားပါမည်။

-- သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု အလုပ်ရုံ ဆွေးနွေးပွဲများကို တိုင်းဒေသကြီး(၄)ခုနှင့် ပြည်နယ် (၂)ခုတွင် (၁)ကြိမ်စီ ပြုလုပ်မည် ဖြစ်ပြီး၊ ရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းကို အသုံးပြု၍ နည်းပြ သင်တန်းကို နေပြည်တော်နှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး ဆိုင်ရာ အသိပညာပေး သင်တန်းကို တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခုတွင် (၁)ကြိမ်စီ ပြုလုပ်သွားပါမည်။

-- သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရမှုများနှင့် ဆုံးရှုံးနိုင်မှုများ ကို ဖော်ထုတ်ရန် ဆန်းစစ်အကဲဖြတ်ချက် ချမှတ်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲ (၃)ကြိမ်နှင့် ၎င်းနှင့်သက်ဆိုင်သော နည်းပြသင်တန်း (၇) ကြိမ်အား ဘေးအန္တရာယ် ကျရောက် လွယ်သော တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွင့်လှစ်သွားခြင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်းများ တွင် သဘာဝဘေး အန္တရာယ်ကြောင့် ဆုံးရှုံးနိုင်မှု ဆန်းစစ်အကဲဖြတ် ချက်ကို ထည့်သွင်းနိုင်ရန်အတွက် အလုပ်ရုံ ဆွေးနွေးပွဲ (၂)ကြိမ် နေပြည်တော်တွင် ဆောင်ရွက် သွားပါမည်။

-- အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနေ့ အထိမ်း အမှတ် အခမ်းအနားကို နှစ်စဉ်ကျင်းပခြင်းနှင့် တနင်္သာရီတိုင်းဒေသ ကြီးနှင့် မွန်ပြည်နယ်တို့တွင် ရပ်ရွာလူထုနှင့်အတူ ဘေးအန္တရာယ် တုံ့ပြန်ရေး ဇာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက် သွားပါမည်။

-- ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကိစ္စများနှင့် ပတ်သက်၍ ပြည်သူလူထု အသိ ပညာပေးမှုဆိုင်ရာ စာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင် များ၊ ပိုစတာများ ပုံနှိပ်ထုတ်ဝေ ဖြန့်ချီခြင်း၊ အသိပညာပေး ရေဒီယို ဇာတ်လမ်းများ၊ ရုပ်မြင်သံကြား အစီအစဉ်များ ရိုက်ကူးထုတ်လွှင့် ခြင်းတို့ ဆောင်ရွက်သွားပါမည်။

-- သဘာဝ ဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့များသည် မန္တလေး တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီး များသို့ ကွင်းဆင်း၍ စီမံချက်များကို ဆန်းစစ် အကြံပြုခြင်းတို့ ဆောင်ရွက် သွားမည်ဖြစ်ပြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ဘိုကလေး

မြို့နယ်တွင် မုန်တိုင်းဘေး၊ ပြင်စလူမြို့နယ်တွင် ဆူနာမီဘေးတို့နှင့် ပတ်သက်၍ လေ့လာပြီး သုတေသန စာတမ်းများ ရေးသား ပြုစုခြင်း တို့ ဆောင်ရွက် သွားပါမည်။

-- မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်မှုအစီအစဉ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်တွင်း/ပြည်ပ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် သွားပါမည်။

-- သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာ ဒေသတွင်း ဆက်သွယ်မှု ကွန်ယက်ထူထောင်ရေးနှင့် အသိပညာ ဖလှယ်ရေးအတွက် ဝက်(ဘ်)ဆိုက်တစ်ခု ပေါ်ထွန်းလာစေရေးနှင့် ပံ့မှန်ပြင်ဆင် ဖြည့်စွက်မှုကို နှစ်စဉ် ဆောင်ရွက်သွားပါမည်။

-- အာဆီယံလူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာန အတွက် ရန်ပုံငွေ တစ်နှစ်လျှင်အမေရိကန် ဒေါ်လာ (၃၀၀၀၀)နှုန်းနှင့် အာဆီယံ သဘာဝဘေး စီမံခန့်ခွဲရေးနှင့် အရေးပေါ်ကယ်ဆယ်ရေး ရန်ပုံငွေအတွက် အမေရိကန်ဒေါ်လာ(၂၀၀၀၀)ကို (၃)နှစ် ဆက်တိုက် ရန်ပုံငွေ ထည့်ဝင်ရေး ဆောင်ရွက်သွားပါမည်။

-- အမျိုးသားအဆင့်ယိုဂိုမူဘောင် ဦးစားပေး လုပ်ငန်းစဉ်များ အကောင် အထည်ဖော် ဆောင်ရွက်မှု အစီရင်ခံစာကို ပြုစု၍ ကုလသမဂ္ဂ သဘာဝ ဘေးအန္တရာယ် လျော့ပါးရေး အပြည်ပြည် ဆိုင်ရာ မဟာဗျူဟာ သို့ ပေးပို့သွားပါမည်။

-- အာဆီယံလူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာနနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲရေး လုပ်ငန်းများ နီးစပ်စွာ တုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် အရေးပေါ်လုပ်ငန်း ဆောင်ရွက်မှု ထူထောင်ရေး အလှူရှင် ရှာဖွေ၍ ဆောင်ရွက်သွားပါမည်။

-- အရေးပေါ် ကယ်ဆယ်ရေးပစ္စည်း (၈)မျိုး၊ ရေသန့်၊ ခေါက်ဆွဲ ခြောက်များနှင့် ပြန်လည် ထူထောင်ရေးအတွက် သွပ်၊ မိုးကာလိပ်၊ မိုးကာတဲများ ကြိုတင်ဂယ်ယူ စုဆောင်းခြင်း ဆောင်ရွက်သွား ပါမည်။

-- သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ပျက်စီးအိမ်တစ်လုံးလျှင် ကျပ်(၅၀၀၀၀၀)နှုန်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်းလျှင် ကျပ်(၆၀၀၀၀၀) နှုန်း၊ ဆန်တစ်ပြည်လျှင် ကျပ်(၈၀၀) နှုန်း တို့ဖြင့်လည်းကောင်း၊ မြဝတီ ပြန်လည် လက်ခံရေးစခန်းနှင့် ရေမျော လုပ်သားများအတွက် ခရီးစရိတ် တစ်ဦးလျှင် ကျပ်(၅၀၀၀) နှုန်း၊ စားစရိတ် နေ့စဉ်တစ်ဦးလျှင် ကျပ်(၁၅၀၀) နှုန်း တို့ဖြင့် ထောက်ပံ့ဆောင်ရွက်သွားပါမည်။

-- သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် အလျင်အမြန် တုံ့ပြန်ရေး လုပ်ငန်းများဆောင်ရွက်ရန် အတွက် နေပြည်တော်တိုင်းရုံး(၁)ရုံး၊ ခရိုင်ရုံး(၂)ရုံးနှင့် သိုလှောင်ရုံ(၂)ခု၊ နှစ်ထပ်တိုင်းရုံး(၁)ရုံး၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး၊ (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ(၃)လုံး၊ (၂)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကျောင်း ဖွင့်လှစ်ရန် သင်တန်းခန်းမ၊ ကျောင်းအုပ်ချုပ်မှုုရုံး၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် ဖြည့်စွက်လုပ်ငန်း(၂၄)ခု ဆောင်ရွက်သွားပါမည်။

၁၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍာပါ စီမံခန့်ခွဲရေးကဏ္ဍာများနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

**(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

(၁) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)အခါအားလျော်စွာ ပေါ်ပေါက်လာမည့် ကော်မရှင် လုပ်ငန်းများနှင့် လွှတ်တော် အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်နေသော မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရေး အတွက် ကြီးကြပ် ဆောင်ရွက်ပေးရသော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲအသီးသီးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ

ကော်မရှင် ရုံးအဖွဲ့များက ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ခခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး လက်အောက်ခံ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင် အဖွဲ့ခွဲ (၁၄) ခု၊ နေပြည်တော်/ခရိုင် ကော်မရှင်အဖွဲ့ခွဲ (၆၇) ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ကော်မရှင် အဖွဲ့ခွဲ (၆) ခု၏ ဖွဲ့စည်းပုံ ခွင့်ပြုချက် ရရှိပြီး ဖြစ်ပါသည်။ ဖွဲ့စည်းပုံ ခွင့်ပြုချက်အရ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင် အဖွဲ့ခွဲ (၁၄) ခု၊ နေပြည်တော်/ခရိုင်ကော်မရှင် အဖွဲ့ခွဲ (၆၇) ခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ကော်မရှင်အဖွဲ့ခွဲ (၆) ခုအား ရုံးအင်္ဂါရပ်နှင့်အညီ ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်မည်။

**(ခ) လွှတ်တော်ရုံး**

(၁)မူဝါဒ များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)အာဏာသုံးရပ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူကို ဦးထိပ်ထား၍ ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေများ ပြဋ္ဌာန်းရေး၊

(ခခ) ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာတွင် လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ မထားပဲ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊

(၂)ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ရရှိအောင် ဆောင်ရွက်ရန်။

(ခခ) လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို ဖော်ဆောင်ရန်။

(ဂဂ) လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားရေးအတွက် ဆောင်ရွက်ရန်။

(ဃဃ)ပြည်ထောင်စုအဆင့် အဖွဲ့အစည်း အချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန်။

(၃)လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်သူလူထုကို အပြည့်အဝ ကာကွယ်စောင့်ရှောက်သော ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ ခေတ်နှင့်မလျော်ညီတော့သည့်ဥပဒေများကိုပယ်ဖျက်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းဆောင်ရွက်မည်။

(ခခ) ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များအား အဆိုများ၊ မေးခွန်းများအဖြစ်ဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေး မဏ္ဍိုင်တို့ကို အားပေးဆောင်ရွက်မည်။

(ဂဂ) နိုင်ငံတော်၏ အခွန်အကောက်၊ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်သော ဆုံးဖြတ်ချက်များ ရရှိနိုင်ရေးအတွက် ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်မည်။

(ဃဃ)လွှတ်တော်များ၏ ဆောင်ရွက်ချက်များကို ပြည်သူများနှင့် နိုင်ငံတကာမှ လျင်မြန်စွာ သိရှိနိုင်စေရန် ဆောင်ရွက်မည်။

(ငင) နိုင်ငံတကာ လွှတ်တော်များ၏ ဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပြီး မိမိတို့လွှတ်တော်၏ လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်မည်။

(စစ) လွှတ်တော်ရုံး၏ စီမံကိန်း ငွေလုံးငွေရင်း ရန်ပုံငွေတွင် ပါရှိသော ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအား မြို့နယ်မဲဆန္ဒနယ်မြေများအလိုက် မြို့နယ်များတွင်ရှိကြသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များ၏ ကိုယ်စားလှယ်များက ဒေသခံ ပြည်သူလူထုများ၏ ဆန္ဒနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

**(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

(၁) မူဝါဒ များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(ခခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(ဂဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိရေး၊

(ဃဃ)ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေရေး၊

(ငင) ဥပဒေကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး၊

(စစ) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊

(ဆဆ)ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ရေး၊

(၂) ရည်မှန်းချက် များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရန်။

(ခခ) ပြည်သူအများက ယုံကြည် ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး ဆောင်ရွက်ရန်။

(ဂဂ) အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ် ဆောင်ရွက်ရန်။

(ဃဃ)တရားရုံးများ၏ ဂုဏ်သိက္ခာ မြှင့်တင်ရေး ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)အကျင့်သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံသော တရားသူကြီးကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အဘက်ဘက်မှ လေ့ကျင့်ပျိုးထောင်ပေးရေး ဆောင်ရွက်မည်။

(ခခ) သတင်းနှင့်နည်းပညာကို အသုံးပြု၍ တရားစီရင်ရေးလုပ်ငန်းနှင့် တရားစီရင်ရေးနှင့် ဆက်နွယ်သော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းရပ်များကို ထိရောက်လျှင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဂဂ) တရားရုံးအင်္ဂါရပ်နှင့်အညီ နိုင်ငံတကာစံချိန်မီ တရားရုံး အဆောက်အဦများ တည်ဆောက်ရန် ဆောင်ရွက်မည်။

(ဃဃ)တရားရေးဝန်ထမ်းများနှင့် တရားရုံးဝန်ထမ်းများ သက်သာချောင်ချိ ရေးအတွက် ဦးစားပေးလျက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် ဆောင်ရွက်မည်။

**(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စု စာရင်းစစ်ချုပ်သည် နိုင်ငံတော်၏ အရအသုံးစာရင်းကို စစ်ဆေး၍ နိုင်ငံတော်သမ္မတသို့ တင်ပြသည်နှင့်တပြိုင်တည်း ပြည်ထောင်စု လွှတ်တော် သို့ အစီရင်ခံတင်ပြရေး၊

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရ အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့အတွက် ငွေကြေး ကိုင်တွယ်ထိန်းသိမ်းမှုနှင့် စာရင်းပြုစု ထိန်းသိမ်းမှု မှန်ကန်ခြင်း ရှိ/မရှိ၊ စာရင်းထားသိုပုံ နည်းစနစ် သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသောစနစ်နှင့်အညီ ကျင့်သုံးခြင်းရှိ/မရှိနှင့် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို စစ်ဆေး၍ ပွင့်လင်း ထင်သာ မြင်သာစွာဖြင့် အစီရင်ခံ တင်ပြ ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် နှစ်ပတ်လည် စစ်ဆေးရေးစီမံချက်၊ သုံးလပတ်စစ်ဆေးရေး စီမံချက် များ ရေးဆွဲ၍ စစ်ဆေးရေး လုပ်ငန်းများကို မူဝါဒ၊ ရည်မှန်းချက်နှင့် အညီ ဆောင်ရွက်လျက်ရှိပြီး လစဉ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာ၊ နှစ်စဉ်လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာများဖြင့် စိစစ်သုံးသပ် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

(ခခ) အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်အား အရှိန်အဟုန်မြှင့် တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၂၄၆) အရ လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၈-၁၀-၂၀၁၀ ရက်နေ့တွင် ဥပဒေအမှတ် (၂၄/၂၀၁၀)ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့မှ ၆-၁၀-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အနေဖြင့် တပ်မတော်/ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များမှအပ ဝင်ပေါက် ရာထူးအဆင့် အရာထမ်းများအား စုဆောင်း ရွေးချယ်ပေးခြင်း၊ နိုင်ငံ့ ဝန်ထမ်းများအား ထိရောက်စွာ လေ့ကျင့်ပေးခြင်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)(၃၀-၃-၂၀၁၁) ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်၌ နိုင်ငံတော် သမ္မတကြီးမှ ‘ကျွန်တော်တို့နိုင်ငံကိုခေတ်မီတဲ့၊ ဖွံ့ဖြိုးတဲ့၊ တိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာမှာ ထူးချွန်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ အများကြီးလိုအပ်မှာဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတော်ကို တာဝန်ယူ ဆောင်ရွက်ကြရမယ့် မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံ လုံးရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံကျ တဲ့လိုအပ်ချက် ဖြစ်ပါတယ်၊ ဒါကြောင့်ကျွန်တော်တို့အနေနဲ့ ပညာရေး ကဏ္ဍကို နိုင်ငံတကာ အဆင့်မီ မြင့်မားလာအောင် တိုးတက်မြှင့်တင် ဆောင်ရွက်ပေးသွားမှာဖြစ်သလို လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း အလေးထား အားပေးဆောင်ရွက်သွားရမှာဘဲ ဖြစ်ပါတယ်’ ဟု လမ်းညွှန်ထားရှိပြီးဖြစ်ရာ ပြည်ထောင်စုရာထူးဝန်

အဖွဲ့အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအတွက် တပ်မတော်/မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှအပ အရည်အချင်းပြည့်ဝသော ဝင်ပေါက်ရာထူးအဆင့် အရာထမ်းများအား စုဆောင်းရွေးချယ်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား ထိရောက်စွာ လေ့ကျင့်ပေးခြင်းများကို ချမှတ်ထားရှိသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ထောက်ကူ ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်၍ အတည်ပြု ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု လွှတ်တော်သို့တင်ပြခြင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ထုတ်ပြန်နိုင်ရေးအတွက် မူကြမ်း ရေးသားပြုစုကာ ဖော်ပြပါအဖွဲ့အစည်းများသို့ အဆင့်ဆင့် တင်ပြ လမ်းညွှန်မှု ခံယူဆောင်ရွက်ခြင်း၊ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ ခွင့်ပြုချက်ရယူပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ပုံမှန်/အထူး သင်တန်းများ နှစ်စဉ်ဖွင့်လှစ်နိုင်ရေးစီမံ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးရာ မူဝါဒကော်မတီ၊ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး (၁၁/၂၀၁၁)နှင့် (၂၁/၂၀၁၂)တို့မှ သဘောတူ ခွင့်ပြုချက်နှင့်အညီ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို မလေးရှားနိုင်ငံထံမှ လွှဲပြောင်းရယူကာ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင်(၁၇) ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီးနှင့် ဆက်စပ် အစည်းအဝေးများ စုစုပေါင်း (၄)ကြိမ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပ ပေးရန်ရှိခြင်း၊ အရည်အချင်း ပြည့်ဝသော ဝင်ပေါက်ရာထူးအဆင့် အရာထမ်းများအား စုဆောင်း

ရွေးချယ်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်မှု အရည်အသွေး မြင့်မားလာစေရန်အတွက် ဗဟိုဝန်ထမ်း တက္ကသိုလ်များ၌ ပုံမှန်/ အထူး သင်တန်းများ ဖွင့်လှစ်၍ ထိရောက်စွာ လေ့ကျင့်ပေးခြင်း၊ ဆာသာကာဝါ ငြိမ်းချမ်းရေး ကော်ပိုရေးရှင်း၊ ကိုးရီးယား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၊ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေး သင်တန်းဌာန တို့ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်တွင်း၌ အလုပ်ရုံ ဆွေးနွေးပွဲ များ ကျင်းပပြုလုပ်ပေးခြင်း၊ ပြည်တွင်း/ပြည်ပ သင်တန်းများ၊ ဆွေးနွေးပွဲများသို့ စေလွှတ်တက်ရောက်စေခြင်း စသည်တို့ကို မူဝါဒ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနှင့်ဒေသတွင်း နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံ များ၌ ကျင့်သုံးလျက်ရှိသော နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်း ဥပဒေ၊ လုပ်ငန်းစဉ်များနှင့် မိမိနိုင်ငံ၏ ဝန်ထမ်းများနှင့် စပ်လျဉ်း၍ လေ့လာသုတေသနပြုခြင်း၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း များကို နိုင်ငံတော် သမ္မတရုံးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးတို့၏ လမ်းညွှန် ခွင့်ပြုချက်ဖြင့် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည်။

**(စ)ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး**

(၁)မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ပေးထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင် ရာတွင် ပြီးမြောက် အောင်မြင်စေရန်အတွက် ပြည်ထောင်စုရာထူးဝန် အဖွဲ့က လမ်းညွှန် သည့်အတိုင်း နိုင်ငံ့ ဝန်ထမ်းများ ရွေးချယ်ခြင်းနှင့် လေ့ကျင့်ခြင်း ကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)နိုင်ငံတော်၏ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ဝန်ထမ်းကောင်းများ ရွေးချယ်ခန့်ထားနိုင်ရေးနှင့် ဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရန် လေ့ကျင့်သင်တန်းများပေးရေး ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို တာဝန်ခံ ဆောင်ရွက်ရန်။

(ခခ) အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို တာဝန်ခံ ဆောင်ရွက်ရန်။

(ဂဂ) "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်းများအားလုံး အကျင့်စာရိတ္တကောင်းမွန်ပြီး စဉ်ဆက်မပြတ် သင်ယူလျက်ရှိသော ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်တည်နေစေရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ နိုင်ငံ့ဝန်ထမ်းများ အဖွဲ့အစည်း၌ အရာထမ်းအဆင့် ဝင်ပေါက်ရာထူး လစ်လပ် နေရာများကို ပြင်ပမှ ဘွဲ့ရပုဂ္ဂိုလ်များအား ရွေးချယ်ခန့်ထားရန် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက အဆိုပြုညှိနှိုင်းသည့်အခါ နိုင်ငံတော်အတွက် အရည်အချင်း ပြည့်ဝသော ဝန်ထမ်းကောင်းများ ရရှိနိုင်စေရန် ကြော်ငြာခေါ်ယူ စိစစ်ရွေးချယ် ဆောင်ရွက်မည်။

(ခခ) နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ၌ အရာထမ်းအဆင့် ဝင်ပေါက်ရာထူးသို့ အောက်တစ်ဆင့်နိမ့် ရာထူးမှ ဝန်ထမ်းများကို ရာထူးတိုးမြှင့်ပေးရန်အဆိုပြု ညှိနှိုင်းသည့်အခါ ရာထူးတိုးမြှင့်ပေးသည့်လုပ်ငန်းစဉ်သည် တည်ဆဲ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ-မရှိ စိစစ်သဘောတူညီ ချက်ပေးမည်။

(ဂဂ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ ရာထူးအဆင့်အလိုက် အခြေခံသင်တန်း၊ အလယ်အလတ် အဆင့်သင်တန်းနှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးရန်အတွက် ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များအကြား ပေါင်းစပ်ညှိနှိုင်းမည်။

(ဃဃ)အာဆီယံဆိုင်ရာ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့ကြီးတွင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရန် အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ထူထောင်ထားသည့် အာဆီယံ လူ့စွမ်းအား ဗဟို ဌာန၏ လုပ်ငန်းများ ကို တာဝန်ယူ စီမံ ဆောင်ရွက်မည်။

(ငင) အာဆီယံနိုင်ငံ့ ဝန်ထမ်းဆိုင်ရာအဖွဲ့ကြီးနှင့် ပတ်သက်သောလုပ်ငန်းများကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆက်သွယ်ဆောင်ရွက်မည်။

(စစ) ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့ ဆက်သွယ်ဆောင်ရွက်သည့် လုပ်ငန်းများကိုတာဝန်ယူစီမံခန့်ခွဲ လုပ်ဆောင်မည်။

(ဆဆ)ဦးစီးဌာနတစ်ခုခ္ဓရှိရမည့် လူအင်အား၊ ကျွမ်းကျင်မှုနှင့် ရုပ်ဝတ္ထုပစ္စည်းများ ပြည့်စုံစွာ ရရှိရေးအတွက် စီမံခန့်ခွဲလုပ်ဆောင်မည်။

(ဇဇ) ပြောင်းလဲတိုးတက်လျက်ရှိသော သတင်းအချက်အလက် နည်းပညာကို အခြေခံ၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့် လုပ်ဆောင်နိုင်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး စီမံခန့်ခွဲ လုပ်ဆောင်ပေးခြင်းတို့အတွက် သာမန်အသုံးစရိတ်များနှင့် ငွေလုံး ငွေရင်း အသုံးစရိတ်များ ကျခံ သုံးစွဲနိုင်မည်။

**(ဆ)ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)**

(၁)မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ (၂၄၆)အရလည်းကောင်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ၂၈-၁၀-၂၀၁၀ ရက်နေ့တွင် ဥပဒေ အမှတ် (၂၄/၂၀၁၀)ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ

ပါ ပြဋ္ဌာန်းချက်များ အရလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ၆-၁၀-၂၀၁၁ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အနေဖြင့် တပ်မတော်/ပြည်သူ့ရဲ ဝန်ထမ်းများမှအပ ဝင်ပေါက်ရာထူး အဆင့် အရာထမ်းများအား စုဆောင်းရွေးချယ်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား ထိရောက်စွာ လေ့ကျင့်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လမ်းညွှန် မူဝါဒချမှတ်ထားရှိသည်နှင့်အညီ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး)သည် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးသည့် တာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၂)ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးတာဝန်များကို ထမ်းဆောင်ရာတွင် မိမိတို့ အခန်းကဏ္ဍအလိုက် လုပ်ငန်းများကို သေချာစွာ နားလည်သဘောပေါက်လျက် အံဝင်ခွင်ကျ ပါဝင် ဆောင်ရွက်နိုင်ပြီး ပြည်သူတို့အား အလုပ်အကျွေးပြုမည့် ဝန်ထမ်းများဖြစ်လာစေရန်။

(ခခ) နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ရန်။

(ဂဂ) စီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့ပြဿနာရပ်များကို စုပေါင်းဆွေးနွေးခြင်းဖြင့် အဖြေရှာရန်နှင့် အတွေ့အကြုံများကို နှီးနှောဖလှယ်ခြင်းဖြင့် လုပ်ငန်း ဆောင်ရွက်မှု အရည်အသွေးများ တိုးတက်လာစေရန်။

(ဃဃ)လုပ်ငန်းပညာရပ်နှင့် စီမံခန့်ခွဲမှုပညာရပ်များကို သုတေသန ပြုလုပ်ပေးခြင်းဖြင့် စာတမ်းများ၊ ကျမ်းများ ပြုစုဖြန့်ချိခြင်းဖြင့် ပညာရပ်များ တိုးတက်ဖွံ့ဖြိုးစေရန်။

(၃)လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)အထက်ဖော်ပြပါ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မူဝါဒနှင့်အညီ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး)၏ ရည်မှန်းချက်များကို

အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သင်တန်းများ လျာထား သတ်မှတ်ခြင်း၊ သင်တန်းများ လက်ခံဖွင့်လှစ်ခြင်း၊ စနစ်တကျ လေ့ကျင့်ပေးခြင်းနှင့် လေ့ကျင့်ရေးအတွက် ဝန်ထမ်းအင်အား၊ ငွေကြေးအင်အားများကို စနစ်တကျ စီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

**(၈)ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လမ်းညွှန်ချက်အရ တပ်မတော်/ပြည်သူ့ရဲ ဝန်ထမ်းများမှအပ နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းအရည်အသွေး တိုးတက် မြင့်မားလာစေရေးအတွက် ထိရောက်စွာ လေ့ကျင့် သင်ကြားပေးရေး၊

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး တာဝန်များကို ထမ်းဆောင်ရာတွင် မိမိတို့၏ အခန်းကဏ္ဍအလိုက် လုပ်ငန်းများကို သေချာစွာ နားလည်သဘောပေါက်လျက် အံဝင်ခွင်ကျ ပါဝင်ထမ်းရွက်နိုင်ပြီး ပြည်သူတို့အား အလုပ်အကျွေးပြုမည့်ဝန်ထမ်းများ ဖြစ်လာစေရန်၊ စီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့ပြဿနာများကို စုပေါင်း ဆွေးနွေးခြင်းဖြင့် အဖြေရှာရန်နှင့် အတွေ့အကြုံများကို နှီးနှောဖလှယ်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးများ တိုးတက်လာစေရန်၊ လုပ်ငန်းပညာရပ်နှင့် စီမံခန့်ခွဲမှုပညာရပ်များကို သုတေသန ပြုလုပ်ခြင်းနှင့် စာတမ်းများ၊ ကျမ်းများ ပြုစုဖြန့်ချိခြင်းဖြင့် ယင်းပညာရပ်များကို တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စီမံခန့်ခွဲရေးအဆင့်နှင့် ပညာရှင်အဆင့် ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးခြင်း၊ အလယ်အလတ်တန်း စီမံခန့်ခွဲသူများ

အတွက် မွမ်းမံသင်တန်းများပေးခြင်း၊ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအတွက်လည်းကောင်း၊ အဆင့်မြင့် စီမံခန့်ခွဲသူများအတွက်လည်းကောင်း၊ စီမံခန့်ခွဲရေး ဆိုင်ရာကိစ္စရပ်များအတွက် ညှိနှိုင်းဆွေးနွေးပွဲများကို တာဝန်ယူ ကျင်းပပေးရန်၊ ဝန်ထမ်းများအား စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ် များကို လေ့ကျင့်ပညာပေးရေးနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ် ခြင်းစသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည်။

**(ဈ)ဝန်ထမ်းရေးရာဦးစီးဌာန**

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၄၆)အရလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီမှ ၂၈-၁၀-၂၀၁၀ ရက်နေ့တွင် ဥပဒေအမှတ် (၂၄/၂၀၁၀) ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များ အရလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ၆-၁၀-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၁/၂၀၁၁)ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ နည်းဥပဒေပါ ပြဋ္ဌာန်း ချက်များအရလည်းကောင်း ဝန်ထမ်းဆိုင်ရာကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ စံနှုန်း သတ်မှတ်ရေးနှင့် မူဝါဒ လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ပြည်ထောင်စု ရာထူးဝန် အဖွဲ့သို့ အထောက်အကူပြုခြင်း၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုတေသန ပြုလုပ်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)တည်ဆဲ ဝန်ထမ်းဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း များ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စီမံ ခန့်ခွဲရန်၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များနှင့် ဝန်ထမ်း အဖွဲ့အစည်းများ

တွင် ဖွင့်လှစ်သည့် ဌာနဆိုင်ရာသင်တန်းများ၌ ဝန်ထမ်းသမိုင်း၊ ဝန်ထမ်းများ၏ တာဝန်နှင့်ရပိုင်ခွင့်များဆိုင်ရာ စည်းမျဉ်းများ၊ ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေး၊ ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ နည်းဥပဒေ များနှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု ဘာသာရပ်များကို ဆွေးနွေး ပို့ချရန်၊ ဝန်ထမ်းပြစ်ဒဏ် မှတ်တမ်းများပြုစုပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြနိုင်ရေးဆောင်ရွက်ရန် နှင့် မှတ်တမ်းတင်ထားရှိရန်၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းအဖွဲ့အစည်းများမှ မေးမြန်းချက်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ပြန်ကြား ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ ထုတ် ပြန်နိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့၏ သဘောတူ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ အတည်ပြု ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးအတွက် မူကြမ်းရေးသား ပြုစုကာ ဖော်ပြပါ အဖွဲ့အစည်းများသို့ အဆင့်ဆင့်တင်ပြ လမ်းညွှန်မှု ခံယူ ဆောင်ရွက်မည်။

(ခခ) အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၌ ကျင့်သုံးလျက်ရှိသော နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းစဉ်များနှင့် မိမိနိုင်ငံ၏ ဝန်ထမ်းများနှင့် စပ်လျဉ်း၍ လေ့လာ သုတေသနပြုခြင်း၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်း စည်းကမ်းများကို နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးတို့၏ လမ်းညွှန် ခွင့်ပြုချက်ဖြင့် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်

ခြင်း၊ ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကိုပြုစုပြီး ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြနိုင်ရေး ဆောင်ရွက်ရန်နှင့် မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်း ထားရှိခြင်း၊ ဝန်ထမ်းဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များနှင့် စပ်လျဉ်း၍ တည်ဆဲ ပြဋ္ဌာန်းချက်များအား ဌာနဆိုင်ရာ သင်တန်းများတွင် ပို့ချပေးခြင်းတို့ ဆောင်ရွက်မည်။

(ဂဂ) ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုင်ငံ့ဝန်ထမ်းများ အသိအမြင်ဗဟုသုတ ကြွယ်ဝစေရန်အလို့ငှာ ဝန်ထမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းပြည်ပ အထွေထွေဗဟုသုတများ ရရှိစေရန် နိုင်ငံ့ဝန်ထမ်း ဂျာနယ်ကို ( ၆ ) လ တစ်ကြိမ် ထုတ်ဝေမည်။

**(ည)ပြည်ထဲရေး**

(၁) မူဝါဒများမှာအောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ထဲရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက် တာဝန်သည် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် ရေး၊

(ခခ) အဆိုပါ အဓိက ရည်မှန်းချက်တာဝန်တို့ကို ကျေပွန်စွာထမ်းဆောင် နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနသည် စွမ်းရည်(၄)ရပ်ဖြစ်သည့် လုပ်ငန်းစွမ်းရည်၊ လုံခြုံရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်တို့တွင် ထက်မြက်နေရေး၊

( ဂဂ ) ထိုကဲ့သို့ စွမ်းရည်ထက်မြက်နေစေရန် ဝန်ကြီးဌာနနှင့် ကွပ်ကဲမှု အောက် တပ်ဖွဲ့/ဦးစီးဌာနများသည် စံ(၅)ရပ်ဖြစ်သည့် စိတ်ဓါတ် ကောင်းမွန်မှု၊ စည်းကမ်း ကောင်းမွန်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံး ညီညွတ်မှုနှင့် စွမ်းရည် ပြည့်ဝမှုတို့ အစဉ်ရရှိနေစေရေး ဦးတည် ဆောင်ရွက်ရေး၊

(ဃဃ)လုပ်ငန်း တာဂန်များကို ဆောင်ရွက် လုပ်ကိုင် ကြရာတွင် အမြင် (၅)မြင် ဖြစ်သည့် နိုင်ငံရေးအမြင်၊ စစ်ရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နှင့် နိုင်ငံတကာအမြင်တို့ဖြင့် လုပ်ဆောင်ရေး၊

( ငင ) ဝန်ထမ်းတိုင်း/တပ်ဖွဲ့ဝင်တိုင်းသည် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည် ဆိုသည့်အချက်များနှင့် ပြည့်စုံရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(ကက) ပြည်ထဲရေးဝန်ကြီးဌာန

- နိုင်ငံတော်လုံခြုံရန်။
- တရားဥပဒေစိုးမိုးရန်။
- ရပ်ရွာအေးချမ်းသာယာရန်။
- ပြည်သူ့အကျိုးပြုဆောင်ရွက်ရန်။

(ခခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့

- ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရန်။
- တရားဥပဒေစိုးမိုးရန်။
- မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရန်။
- ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်ရန်။

(ဂဂ) အထွေထွေအုပ်ချုပ်ရေး

- တရားဥပဒေစိုးမိုးရန်။
- ရပ်ရွာအေးချမ်းသာယာရန်။
- ဒေသဖွံ့ဖြိုးရန်။
- ပြည်သူ့အကျိုးပြုဆောင်ရွက်ရန်။

(ဃဃ)အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

- စီးပွားရေးဆိုင်ရာပြစ်မှုများ စုံစမ်းဖော်ထုတ်အရေးယူရန်။
- အဂတိလိုက်စားမှုများအား စုံစမ်းဖော်ထုတ်အရေးယူရန်။
- နိုင်ငံတော်လုံခြုံရေးသတင်းများ စုဆောင်းတင်ပြရန်။
- ပြည်သူ့အကျိုးပြုဆောင်ရွက်ရန်။

(ငင) အကျဉ်းဦးစီးဌာန

- လုံခြုံစွာထိန်းသိမ်းရန်။
- အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရန်။
- ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရန်။

- ပြည်သူ့အကျိုးပြုဆောင်ရွက်ရန်။

(စစ) မီးသတ်ဦးစီးဌာန

- မီးဘေးလုံခြုံရန်။
- သဘာဝဘေးအန္တရာယ်ကာကွယ်ရန်။
- ရှာဖွေကယ်ဆယ်ရန်။
- ပြည်သူအကျိုးပြုဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်-

(ကက) ပြည်ထဲရေးဝန်ကြီးဌာန

- လုံခြုံရေးကိစ္စရပ်များ တိုးတက်ကောင်းမွန်ရမည်။ အုပ်ချုပ်မှုစနစ်မှန်ကန်ရမည်။ လုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားရမည်။ စိတ်ဓါတ်ကောင်းမွန်တိုးတက်မြင့်မားရမည်။ လေ့ကျင့်မှုမပြတ် ဆောင်ရွက်ရမည်။ ပြည်သူ့အကျိုးပြုဆောင်ရွက်ရမည်။
- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်း ပေါ်ပေါက်ရေးအတွက် အစိုးရအုပ်ချုပ်ရေး ဝန်ဆောင်မှုလုပ်ငန်း ဖြစ်ရမည်။
- ပြည်သူ့အုပ်ချုပ်ရေး ဝန်ဆောင်မှုဖြစ်ရေးကို ဦးတည်၍ ဘာသာရပ်ကျွမ်းကျင်မှု၊ ခေတ်မီနည်း ပညာများနှင့် အထောက်အကူပြုမည်။
- ခိုင်မာသောအုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးနှင့် အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာ လည်ပတ်ရမည်။

(ခခ)မြန်မာနိုင်ငံရဲတပ်ဖွဲ့

- ပြည်တွင်းလုံခြုံရေး ဆောင်ရွက်ရန်၊ နိုင်ငံတော် ကာကွယ်ရေးအရန် အင်အားစုအဖြစ် လုံခြုံရေးတာဝန် ထမ်းဆောင်ရန်၊ မူးယစ်ဆေးဝါး ချုပ်ငြိမ်းရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်း ဆောင်ရွက်ရန်၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊ လူ၊ လက်နက်၊ သတင်း လုံခြုံရေးအတွက် အသိပညာ ပေးရန်၊ အရေးကြုံက အသင့်ဖြစ်စေရန် မိသားစုဝင်များအတွက် အခြေခံစစ်ပညာသင်တန်း ဖွင့်လှစ်

ပေးရန်၊ မိတ်ဖက်အဖွဲ့အစည်းများအား စည်းရုံး သိမ်းသွင်းပြီး အခြေခံစစ်ပညာများ သင်ကြားပေးရန်၊ စစ်စည်းရုံးမှုကို (၂၄)နာရီ အတွင်း အသင့်ဖြစ်ရေး လေ့ကျင့်ရန်၊ ပြည်သူ့စွမ်းအားစုပါဝင် သည့် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစု တည်ဆောက်ရန် ဆောင်ရွက်မည်။

- မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲများ၊ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို စာသင်ကျောင်းများ၊ နယ်မြေများအတွင်း ပိုမိုကျယ်ပြန့်စွာ လှုပ်ရှားဆောင်ရွက်၍ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နှင်းရေးတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောမှုများကို လူထု အတွင်း တိုးမြှင့်ဆောင်ရွက်မည်။
- ပြစ်မှု ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မည်။ ပြစ်မှုစုံစမ်း ဖော်ထုတ်ရေး ဆောင်ရွက်မည်။ ပြစ်မှုတရားစွဲတင်ရေး ဆောင်ရွက်မည်။ အမှုလက်ကျန်များ လျော့နည်းပပျောက်ရေး အလေးထား ဆောင်ရွက်မည်။ ရဲလုပ်ငန်းနှင့်အညီ ရဲစခန်းမှူး များက အမှုများကို တန်းစီ စစ်ဆေးခြင်း၊ အထက်အဆင့်ဆင့်မှ ပုံမှန် စစ်ဆေး ကြပ်မတ်ခြင်း ဆောင်ရွက်မည်။
- တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်မည်။ (အရာရှိ/အခြားအဆင့်)၊
- ရဲတပ်ဖွဲ့ဌာနချုပ်ရုံး တိုးချဲ့ဖွဲ့စည်းရမည်။ ဦးစီးဆိုင်ရာရုံးဌာန များ တိုးချဲ့ဖွဲ့စည်းမည်။ ရေးဆိုင်ရာရုံးဌာနများ တိုးချဲ့ဖွဲ့စည်း မည်။ ထောက်ဆိုင်ရာရုံးဌာနများ တိုးချဲ့ဖွဲ့စည်းမည်။
- ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး/ရဲတပ်ရင်းစု ကွပ်ကဲမှုရုံးများ၊ ရဲတပ်ရင်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များ၊ မှုခင်း တပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ မူးယစ်အထူးတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းမည်။ အထူးတပ်ဖွဲ့များ ဖွဲ့စည်းရေးအနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး

ရဲတပ်ဖွဲ့၊ တန်ပြန်အကြမ်းဖက် ရဲတပ်ဖွဲ့၊ ရေနံမြေရဲတပ်ဖွဲ့ တိုးချဲ့ဖွဲ့စည်းမည်။

- ပြောင်းလဲလာသော နိုင်ငံတကာ စံချိန်စံညွှန်း နှင့်အညီ အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့များအား အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များကို ပြောင်းလဲ တပ်ဆင်ပေးမည်။
- ရဲဆက်သွယ်ရေးတပ်ဖွဲ့များ၊ အလုပ်ရုံများဖွဲ့စည်းမည်။
- ရဲအင်ဂျင်နီယာတပ်ဖွဲ့များ၊ အလုပ်ရုံများဖွဲ့စည်းမည်။
- ရဲဆေးတပ်ဖွဲ့များ ဖွဲ့စည်းမည်။
- ရဲစခန်းများ တိုးချဲ့ဖွဲ့စည်းမည်။
- ရဲစခန်းမှူးများအား ရာထူးအဆင့် မြှင့်တင်ခန့်ထားမည်။
- ရဲစခန်းအဆင့်များ ပြုပြင်ပြောင်းလဲ ဖွဲ့စည်းမည်။
- ရဲတပ်ဖွဲ့ လေ့ကျင့်ရေးဌာနကြီး၊ သိပ္ပံနည်းပညာနှင့် သုတေသနဌာနကြီး၊ ရဲအရာရှိ အတတ်သင်ကျောင်း၊ ရဲအရာရှိ လေ့ကျင့်ရေးကျောင်းနှင့် ရဲလေ့ကျင့်ရေး သင်တန်းကျောင်းများတွင် တိုးချဲ့ဖွဲ့စည်းမည်။
- မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသည့် အုပ်ချုပ်စနစ်သစ်နှင့်အညီ မြို့ရွာများလုံခြုံရေး၊ မြို့ပြလူမှု အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံ စီမံကိန်း၊ လမ်းတံတားဆက်သွယ်ရေး အဆောက်အဦများ၊ လေကြောင်း၊ ရေကြောင်း၊ ရထား စသည့် ပို့ဆောင်ရေးကဏ္ဍများ၊ မြန်မာနိုင်ငံ၏ ကမ်းရိုးတမ်းများ၊ မြစ်ကြောင်းများလုံခြုံရေး၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း/လေဆိပ်များနှင့် ပြည်တွင်းဆိပ်ကမ်း/လေဆိပ်များ လုံခြုံရေး၊ ကမ်းရိုးတမ်းနှင့် မြစ်ကြောင်းတစ်လျှောက် သွားလာနေသည့် လှေ၊ သင်္ဘောများ လုံခြုံရေး၊ ဆိပ်ကမ်း/လေယာဉ်ကွင်းနယ်မြေများ လုံခြုံရေး တို့အတွက် ရေကြောင်းရဲတပ်ဖွဲ့နှင့် လေကြောင်းရဲတပ်ဖွဲ့ တို့ကို အသစ်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်မည်။

- ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလှည့်ခရီးသွားများနှင့် နိုင်ငံခြားသားဧည့်သည်များ၏ လုံခြုံရေးအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ကို အသစ်ဖွဲ့စည်း ဆောင်ရွက်မည်။
- မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို တစ်ပြေးညီ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို ဖောက်လုပ် ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ အဆိုပါ အမြန်လမ်းမကြီးတစ်လျှောက် လုံခြုံရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ ကွပ်ကဲမှုရုံး အသစ်ဖွဲ့စည်းခြင်းနှင့် (က)အဆင့် ရဲစခန်း (၁၄)ခု တို့အား အသစ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်မည်။
- ဖွံ့ဖြိုးတိုးတက်လာသော လူဦးရေနှင့် စီးပွားရေးအခြေအနေများအရ မှုခင်းဖြစ်ပွားမှုများအား ကာကွယ်တားဆီး ထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးများ တစ်ပြေးညီ ဖွဲ့စည်းခြင်း၊ ခရိုင် ရဲတပ်ဖွဲ့မှူးရုံးများအား ဒုတိယရဲမှူးကြီးအဆင့်ဖြင့် တစ်ပြေးညီဖွဲ့စည်းခြင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးများ အသစ် တိုးချဲ့ခြင်း၊ မြို့မ ရဲစခန်းများအား (က) အဆင့်ဖြင့် ထားရှိခြင်း၊ လုံခြုံရေးရဲကင်းများနှင့် ရဲကင်းများအား အဆင့်တိုးမြှင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ရဲစခန်းများအား မြို့မ၊ နယ်မြေ၊ ရဲကင်းစခန်းအဖြစ် အမည်ပြောင်းလဲ၍ အင်အား ပြင်ဆင်ခြင်းများ ဆောင်ရွက်မည်။
- လုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို တိုးမြှင့်ထမ်းဆောင် လာရသည်နှင့်အမျှ လုံခြုံရေးကို အဓိက ထမ်းဆောင်ရန်အတွက် ယခင် ရဲတပ်ရင်း (၁၆)ရင်း ရှိခဲ့ရာမှ ရဲတပ်ရင်း(၃၄)ရင်းအထိ တိုးချဲ့ ဖွဲ့စည်းခြင်းကို ဆောင်ရွက်မည်။

- အဆိုပါရဲတပ်ရင်းများကို ကွပ်ကဲကြပ်မတ်နိုင်ရန်အတွက် ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး (၃)ရုံးနှင့် ရဲတပ်ရင်းစု ကွပ်ကဲမှုရုံး (၉)ရုံး တို့ကို တိုးချဲ့ ဖွဲ့စည်းမည်။
- ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းပိုင်း ကျွမ်းကျင်မှုရှိစေရန်နှင့် လေ့ကျင့်သား ပြည့်ဝစေရန်အတွက် ရဲလေ့ကျင့်ရေးဌာနကြီးနှင့် ရဲလေ့ကျင့်ရေး သင်တန်းကျောင်း (၇)ကျောင်းတို့ကို တိုးချဲ့ ဖွဲ့စည်း ဆောင်ရွက်မည်။
- တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များအတွင်း တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ရဲလုပ်ငန်းစနစ် ပီပြင်စွာ အကောင်အထည်ဖော်နိုင်စေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များ၏ မူလဖွဲ့စည်းပုံများကို ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်မည်။
- မြို့နယ်ရဲတပ်ဖွဲ့မှူးများအား ရဲမှူးအဆင့်ဖြင့်လည်းကောင်း၊ လက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးများအား ဒုမြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ် လည်းကောင်း ရာထူးအဆင့် တိုးမြှင့်ပြင်ဆင် ဖွဲ့စည်းခြင်းကို ဆောင်ရွက်မည်။
- နယ်မြေလိုအပ်ချက် အပေါ်မူတည်၍ မူလကရဲစခန်းအဆင့် သတ်မှတ်ချက် (၅)မျိုး ရှိခဲ့ရာမှ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့မရဲစခန်း၊ နယ်မြေရဲစခန်းများနှင့် ရဲကင်းစခန်း (၃)မျိုးဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်မည်။
- နိုင်ငံတော်စီမံကိန်း လုပ်ငန်းကြီးများဖြစ်သော ရေနံသဘာဝဓါတ်ငွေ့ ပိုက်လိုင်းများ လုံခြုံရေးအတွက် ရေနံမြေရဲတပ်ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်မည်။
- ခေတ်မီဖွံ့ဖြိုးတိုးတက် လာသည့်နှင့်အမျှ လူဦးရေးတိုးပွားလာခြင်း၊ မြို့ပြနှင့် ကျေးလက်များဖွံ့ဖြိုးစည်ပင်လာခြင်း၊ ကားလမ်း/ရထားလမ်းများ တိုးချဲ့ ဖောက်လုပ်လာခြင်းတို့ကြောင့် လမ်းပန်း

ဆက်သွယ်မှု ကောင်းမွန်လာပြီး မော်တော်ယာဉ်/ရထားများကို အသုံးပြု၍ ခရီးသွားလာမှုများ၊ ကုန်စည်ကူးသန်းရောင်းဝယ် သွားလာမှုများ ပိုမိုများပြားလာသဖြင့် မော်တော်ယာဉ် မတော်တဆ ဖြစ်မှုများနှင့် ရထား/ရထားလမ်းများ လုံခြုံမှုအပြည့် အဝရရှိစေရေးတို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ရထားရဲတပ်ဖွဲ့တို့ကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်မည်။

- မြို့ရွာများ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် စည်ပင်သာယာရဲတပ်ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်မည်။
- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လုံခြုံမှုအပြည့်အဝ ရရှိစေရေးအတွက် လည်းကောင်း၊ ၂၀၁၄ခုနှစ်အတွင်း တာဝန်ယူဆောင်ရွက်ရမည့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတော်အနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ထိတွေ့ဆက်ဆံလာရသည်နှင့်အမျှ လုပ်ငန်းတာဝန်များ ပိုမိုများပြားလာသည့်အပြင်လုပ်ငန်းများကို အချိန်မီ တိကျ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကြီးကြပ်မှု အောက်တွင်ရှိသော မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့တို့အား ပြင်ဆင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်မည်။
- နိုင်ငံအချင်းချင်း ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊ တရားမဝင် လူကုန်ကူးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့၊ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်နိုင်ရေးအတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက် လှမ်းရေးတပ်ဖွဲ့တို့ကို ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်မည်။

- မူးယစ်ဆေးဝါးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် အတွက် မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ရဲတပ်ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်မည်။
- ခေတ်မီတိုးတက်လာသော ဆက်သွယ်ရေး လုပ်ငန်းများကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင်လည်း ခေတ်မီ တိုးတက်သော ဆက်သွယ်ရေးနှင့် နည်းပညာဌာန အသစ်တိုးချဲ့ပြင်ဆင် ဆောင်ရွက်မည်။
- မြန်မာနိုင်ငံရဲတပ်ဖွဲ့အား စည်းကမ်းကျနသော၊ အမိန့်နာခံတတ် သော တပ်ဖွဲ့ဝင်များဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် စည်းကမ်း ထိန်းသိမ်းရေးရဲတပ်ဖွဲ့ အသစ်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်မည်။
- မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ရဲတပ်ဖွဲ့ ဝင်အဖြစ် စိတ်ပါဝင်စားပြီး တာဝန်ထမ်းဆောင်လို သောသူများ အား ဝင်ရောက်နိုင်စေရန်အတွက် ရဲတပ်သားသစ် စုဆောင်းရေး ရဲတပ်ဖွဲ့ အသစ် တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်မည်။
- နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ခုနှစ်) အရ တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခုသာရှိသဖြင့် တွဲဘက်တိုင်း/ ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး (၃)ရုံးအား ဖျက်သိမ်း၍ ပြည်နယ် ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူးရုံး (လားရှိုး၊ ကျိုင်းတုံ) ဖွဲ့စည်းပုံ ပြင်ဆင် ဖွဲ့စည်းမည်။
- ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ၃၅၄၊ ပုဒ်မခွဲ(ခ)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့် အခွင့်အရေး

များကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့် အညီသုံးစွဲဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းမည်။

- ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒ။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)အရ နည်းလမ်းတကျ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းမည်။
- ပြည်သူ့အကျိုးပြုဝန်ဆောင်မှုကာကွယ်ရေးအက်ဥပဒေ။ ၎င်းဥပဒေ သည် ၁၉၄၇ခုနှစ်၊ ပြည်သူပိုင် ပစ္စည်းကာကွယ်ရေး အက်ဥပဒေအဖြစ် အရေးယူဆောင်ရွက် နိုင်သဖြင့် ဆက်လက်အသုံးပြုရန် မလိုအပ်တော့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပယ်ဖျက်မည်။
- နိုင်ငံတော်၏တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ။ ၎င်းဥပဒေ သည်အမျိုးသားညီလာခံနှင့် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲတို့ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်၍ နိုင်ငံတော်တာဝန်အား အစိုးရအဖွဲ့သစ်သို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်သဖြင့် ပယ်ဖျက်မည်။
- မှုခင်းကျဆင်းရေးအတွက် တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပညာပေးမည်။
- မှုခင်းကျဆင်းရေးအတွက် ပြည်သူလူထုကို လေ့ကျင့်ပညာပေးမည်။
- တပ်ဖွဲ့ဝင်များအား ကျွမ်းကျင်မှုနှင့် အရည်အသွေးမြှင့်မားလာစေရန် ဌာနတွင်း/ပြင်ပ၌ သင်တန်းများ စေလွှတ် တက်ရောက်စေခြင်း၊ လေ့လာရေးခရီး စေလွှတ်ခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း တို့ပြုလုပ် မည်။
- ရဲတပ်ဖွဲ့ဝင်များ၏ လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်သိက္ခာနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ ကလေးသူငယ်များဆိုင်ရာ ဥပဒေ

လုပ်ထုံးလုပ်နည်းဆိုင်ရာများနှင့် ပတ်သက်သည့် အသိပညာပေးမှုများကို တပ်ဖွဲ့ဝင်အဆင့်အတန်း အားလုံးအကြား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့အလိုက် ကျယ်ပြန့်စွာ ဆောင်ရွက်မည်။

- တရားဥပဒေစိုးမိုးရေးနှင့် ဆက်စပ်သည့်ဌာနပေါင်းစုံပါဝင်သော ရဲလုပ် ငန်း အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲများကို တပ်ဖွဲ့၊ ဌာနများအလိုက် ကျယ်ပြန့်စွာ ပြုလုပ်မည်။
- အိမ်ရာများတွင် အီလက်ထရောနစ် စောင့်ကြည့်ကိရိယာများ တပ်ဆင် အသုံးပြု၍ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်မည်။
- စည်ပင်သာယာရေးကော်မတီဝင်များနှင့်ပေါင်းစပ်၍ ယာဉ်ရပ်နားရန် နေရာများလုံခြုံမှု၊ အိမ်ရာများလုံခြုံမှုအတွက် အထောက်အကူပြု ဒီဇိုင်းများ ပြင်ဆင်တိုးမြှင့်ပေးမည်။
- တိုးချဲ့ဆောင်ရွက်မည့် မြို့ပြစီမံကိန်းများတွင် လုံခြုံမှုနှင့်မှုခင်း ကြိုတင်ကာကွယ်မှု အထောက်အကူပြု ဒီဇိုင်းပုံစံများပြင်ဆင် တည်ဆောက်ရေးကို မြို့ပြမြေယာစီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။
- ခေတ်မီအီလက်ထရောနစ် နည်းပညာပစ္စည်းများ တပ်ဆင်သုံးစွဲရေး၊ ဖက်စ်၊ ကွန်ပျူတာ၊ အီးမေးလ်၊ အင်တာနက် နက်ဝက်ခ် ထူထောင်ခြင်း၊ အင်တာနက်ကွန်ယက်အတွင်းသို့ ဝင်ရောက်ခြင်း၊ ခေတ်မီအဆင့်မြှင့်သုံး မှုခင်းဖေါ်ထုတ်ခြင်း (သိပ္ပံပစ္စည်းများ)၊ ကင်မရာ၊ ဗွီဒီယိုပစ္စည်းနှင့် အသံဖမ်းစက်ပစ္စည်းများ တပ်ဆင်ခြင်းများ ဆောင်ရွက်မည်။
- ရုံး/ဌာနများနှင့် ဝန်ထမ်းအိမ်ယာအဆောက်အဦများ ဌာနပိုင်မြေ အမည်ပေါက် ဆောင်ရွက်ခြင်း၊ တယ်လီဖုန်း တပ်ဆင်သုံးစွဲခြင်း၊ လျှပ်စစ်မီး/ရေရရှိရေး ဆောင်ရွက်ခြင်း၊ စာရေးကိရိယာများ ထောက်ပံ့ခြင်း၊ ပရိဘောဂနှင့် ရုံးသုံးပစ္စည်းကိရိယာများ ထောက်ပံ့ခြင်း၊ ရဲဂတ်တန်ဆာများ ထုတ်ပေးခြင်း၊ လက်နက်

ခဲယမ်းများ ဖြည့်တင်းပေးခြင်း၊ ယာဉ်များပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တပ်ဆင်ခြင်းများ ဆောင်ရွက်မည်။

- တပ်ဖွဲ့ဝင်များအား စိတ်ဓါတ်ရေးရာ မြင့်မားတက်ကြွစေရေး ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာန အချင်းချင်း စည်းလုံးညီညွတ်ရေး နိုင်ငံတော်၏ မူဝါဒနှင့် အညီ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ရဲတပ်ဖွဲ့ဝင် တစ်ဦးလျှင်ပြည်သူ(၅)ဦး စည်းရုံးရေး၊ ပြည်သူ အားကိုးယုံကြည်သော ရဲတပ်ဖွဲ့ ဖြစ်ပေါ်လာရေး၊ ရဲနှင့်ပြည်သူ ခိုင်မာစွာပေါင်းစည်း၍ နိုင်ငံတော် ကာကွယ်ရေးအတွက် ကြီးမား သော အင်အားထုတစ်ရပ် ဖြစ်ပေါ်လာရေး ဆောင်ရွက်မည်။
- တပ်ဖွဲ့ဝင်နှင့် မိသားစုများအား ပါတီနိုင်ငံရေးကင်းရှင်းစေရေး ထိန်းသိမ်း ကြပ်မတ်မည်။
- ဥပဒေချိုးဖေါက်မှုမရှိစေရေး အသိပညာပေးရန်၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်မည်။
- မိသားစုစည်းကမ်းထိန်းသိမ်းရေး ဆွေးနွေးပွဲများ ပုံမှန်ကျင်းပ မည်။
- လူထုအားဥပဒေဘောင်အတွင်း စည်းကမ်းနှင့်အညီ နေထိုင် တတ်စေရေး ပညာပေးစည်းရုံးမည်။
- ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လူကုန်ကူး မှု တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေးတို့နှင့် စပ်လျဉ်းသည့် အသိပညာပေး ဟောပြောပွဲ များကို သက်ဆိုင်ရာ တပ်ဖွဲ့များနှင့် နယ်မြေခံရဲတပ်ဖွဲ့များ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ယာဉ်လုပ်ငန်း အဖွဲ့အစည်းများ၊ အသင်းအဖွဲ့အစည်းများနှင့်အတူ လူထုအတွင်း ကျယ်ပြန့်စွာထိုးဖောက်ဆောင်ရွက်မည်။
- ကျန်းမာရေး အသိပညာပေးခေါင်းစဉ်နှင့် ဘာသာရပ်များကို ဆွေးနွေးပွဲ၌ ထည့်သွင်းရန်၊ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုများ

အတွက် ဆေးရုံ/ဆေးခန်းများ ဖွင့်လှစ်ပေးရန်၊ ဝေးလံခေါင်းပါးသော ဒေသရှိ တပ်ဖွဲ့ဝင် မိသားစုများအတွက် ဆေးဝါးထောက်ပံ့မှုများကို တိုးမြှင့် ဆောင်ရွက်ရန်၊ ပြင်ပကျန်းမာရေးအသိပညာပေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

- တပ်ဖွဲ့ဝင်မိသားစုများ၏ ပညာရည်ထူးချွန်ထက်မြက် လာစေရေး ပံ့ပိုးဆောင်ရွက်ရန်၊ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များအား နိုင်ငံတကာ အဆင့်မီ ပညာရည် မြင့်မားလာစေရေး ဆောင်ရွက်ရန်၊ နွမ်းပါးသည့် တပ်ဖွဲ့ဝင်မိသားစုများအား ရဲဘော်စိတ်ဖြင့် အဖက်ဖက်မှ ဝိုင်းဝန်းပံ့ပိုး စောင့်ရှောက်ရန်၊ မိသားစုများအား လူမှုရေး၊ဘာသာရေးကိစ္စများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်စေရန်၊ မိသားစုများစိတ်ဓါတ်မြင့်မားစေရန် ပျော်ပွဲရွှင်ပွဲများ၊ အသိပညာပေး လုပ်ငန်းများ စီမံချက်ချမှတ် ဆောင်ရွက်မည်။
- ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိကြီးများ စွမ်းရည်မြှင့်တင်ရေးသင်တန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးသင်တန်း၊ စခန်းမှူး သင်တန်း၊ တိုက်ပွဲဝင် စည်းရုံးရေး (အရာရှိ) သင်တန်း၊ စုံထောက် (အရာရှိ) သင်တန်းများ၊ မူးယစ်(အရာရှိ) သင်တန်းများ၊ အမှုစစ်(အရာရှိ) သင်တန်းများ၊ နယ်ထိန်း(အရာရှိ)သင်တန်းများ၊ လုံခြုံရေးနှင့် ထောက်လှမ်းရေး (အရာရှိ) သင်တန်း၊ လုံခြုံရေးနှင့် ထောက်လှမ်းရေး (အခြားအဆင့်) သင်တန်း၊ သိုင်းသင်တန်းများ (အမျိုးသား)၊ သိုင်း သင်တန်းများ (အမျိုးသမီး)၊ အထူးစစ်ကြောရေး (အရာရှိ)သင်တန်း၊ ကမ္ဘာလှည့်ခရီးသည် လုံခြုံစောင့်ရှောက်ရေးသင်တန်း၊ နည်းပညာအရာရှိ မွမ်းမံသင်တန်း၊ ကျွမ်းကျင်သူများမွမ်းမံသင်တန်း၊ နည်းပြ မွမ်းမံသင်တန်း၊ တိုက်ပွဲဝင်မွမ်းမံသင်တန်း၊ အရာခံ/အကြပ်ကြီးသင်တန်း၊ အကြပ်ငယ်သင်တန်း၊ တိုက်စည်း အကြပ်/

တပ်သားသင်တန်း၊ အရာရှိ(ဒုရဲအုပ်လောင်း)သင်တန်း၊ ရဲတပ်သား သစ် သင်တန်းများ ဖွင့်မည်။

- ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံအောင် ကာကွယ် ဆောင်ရွက်မည်။
- မြို့၊ ရပ်ကွက်များအတွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မည်။
- ပြည်သူလူထုနှင့် ပူးပေါင်း၍ ရဲလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ လူထုအတွင်း မူခင်းနှင့်ဥပဒေဗဟုသုတများ ကျယ်ပြန့်စွာရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည်။
- ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ပီပြင်စွာ ဖြစ်ပေါ်လာစေရေး၊ ကျယ်ပြန့်စွာ အောင်မြင်ရေးအတွက် နယ်မြေ ရဲခစန်းအလိုက် ရဲနှင့်ပြည်သူ ဆက်ဆံမှု ပိုမိုကောင်းမွန်စေရေး အတွက် ရပ်မိရပ်ဖများအားရဲစခန်း တာဝန်ရှိသူများမှ ပိုမိုတွေ့ဆုံ ဆွေးနွေးမည်။

**(ဂဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော် လုံခြုံရေး ကို အဓိက တာဝန်ယူဆောင်ရွက်ရသည့် ဌာန မဟုတ်သော်လည်း နယ်မြေဒေသအသီးသီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင် အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမှူး (တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ အတွင်းရေးမှူး) တာဝန်များကို တာဝန်ယူဆောင်ရွက်ရသော အုပ်ချုပ်ရေး ဝန်ထမ်းများဖြစ်သောကြောင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေး ကိစ္စများတွင် မိမိတာဝန်ယူ ဆောင်ရွက်ရသော နယ်မြေ အတွင်း လုံခြုံရေးဆိုင်ရာ စီမံချက်များရေးဆွဲ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားပါမည်။
- ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီ တန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများအရ စီတန်းလှည့်လည်

ခွင့်ပြုမိန့်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ထုတ်ပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ထုတ်ပေးခြင်း၊ ငြင်းဆန်ခြင်း ပြုရသဖြင့် အတည်ပြုခွင့်ပြုရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အပေါ် ဆင်ခြင် သုံးသပ်၍ အတည်ပြုပေးခြင်း ဆောင်ရွက်သွားပါမည်။

- ထို့အပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေး ပျက်ပြားစေမည့် လုပ်ရပ်များအား တားမြစ်သည့် အမိန့်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ထုတ်ပြန်ရပါသည်။ ပုဒ်မ ၁၂၇၊ ၁၂၈ တို့အရ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် အမိန့်ပေးခြင်း၊ ယင်းသို့ အမိန့်ပေးသော်လည်း လူစုခွဲမည့် အခြေအနေမရှိလျှင် လူစုခွဲရေးအတွက်ဖြစ်စေ၊ ပါဝင်သူများအား တရားဥပဒေအရ အရေးယူနိုင်ရန်ဖမ်းဆီးရေးအတွက် ဖြစ်စေ၊ ရဲတပ်ဖွဲ့အင်အားကို အသုံးပြုဆောင်ရွက်ခြင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လူစုခွဲ၍မရနိုင်လျှင် တပ်မတော်အင်အားကို တောင်းခံ၍ လူစုခွဲခြင်းကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အုပ်ချုပ်ရေးမှူး အဆင့်ဆင့်မှ ဆောင်ရွက်ရန် အပ်နှင်းထားပါသည်။ အဆိုပါအမိန့်များ ထုတ်ပြန်ရာတွင်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပါမည်။
- နယ်စပ်ဒေသများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းတို့ ပပျောက်စေရန် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည်တို့ဖြင့်

ပေါင်းစပ်၍ ပူးပေါင်း အဖွဲ့များတွင် ပါဝင် ဆောင်ရွက်သွားပါမည်။

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရုံးချုပ်(၁)ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး (၁၄)ရုံး၊ နေပြည်တော် (၁)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (၁)ရုံး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရုံး(၅)ရုံး၊ ခရိုင်ရုံး(၇၂)ရုံး၊ မြို့နယ်ရုံး (၃၃၀)ရုံး၊ မြို့နယ်ခွဲရုံး (၈၄)ရုံးတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ဌာန၏လုပ်ငန်းများ အောင်မြင်ရေး ဝန်ထမ်းများ စိတ်ဓာတ် တိုးတက် မြင့်မားရေးတို့သည် အုပ်ချုပ်မှုစနစ် မှန်ကန်ရေးအပေါ်တွင် မူတည်နေပါသည်။ အုပ်ချုပ်မှုစနစ်မှန်ကန်ရေးအတွက် ဆောင်ရွက်သွားပါမည်။
- ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း ဆောင်ရွက်ရာတွင် မူဝါဒ လုပ်ထုံးလုပ်နည်းများအတိုင်း အရည်အချင်းရှိသူများကိုသာခန့်ထားခြင်း၊ ရာထူးတိုးပေးခြင်း ဆောင်ရွက်သွားပါမည်။
- ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဌာန၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေ သုံးစွဲခြင်းတို့တွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရန် အဆင့်ဆင့်သော စီမံခန့်ခွဲရေး ကော်မတီများ၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်သွားပါမည်။
- နယ်စပ်ဒေသ ပုံမှန်အုပ်ချုပ်ရေးစနစ်ထူထောင်ရေး ကြီးကြပ်မှုကော်မတီတွင် ဌာနအနေဖြင့် အဓိကဆောင်ရွက်ရသောကြောင့် မြို့နယ်ခွဲများ ဖွဲ့စည်းခြင်း၊ မြို့နယ်ခွဲများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာန (၁၁)ခုတို့အား ကြီးကြပ်၍ လုပ်ငန်းများလည်ပတ်ရန်တို့ကို ဆောင်ရွက်သွားပါမည်။
- ဌာနမှ ကျင့်သုံးသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲသွားပါမည်။

- ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်။ ၁ ဖြင့် ၂၄-၂-၂၀၁၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ ပုဒ်မ ၃၆(ခ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနမှ ၆-၇-၂၀၁၂ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ယင်းဥပဒေနှင့် နည်းဥပဒေများကို ကျင့်သုံး ဆောင်ရွက်ပါမည်။
- တိုင်းဒေသကြီး / ပြည်နယ်/ ခရိုင်/ မြို့နယ်/ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးရုံးများ၏ ရုံးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် ထိန်းသိမ်းကြပ်မတ်လျက်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရုံးချုပ်ဖွဲ့စည်းပုံအပြင် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံနိုင်ရေးအတွက် နိုင်ငံတကာရေးရာ ဌာနကို အသစ်ဖွဲ့စည်း ဆောင်ရွက်ပါမည်။
- ဟိုပန်ခရိုင်၊ မက်မန်းခရိုင်၊ ဟားခါးခရိုင်၊ မြောက်ဦးခရိုင်၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်တို့အား အသစ်ဖွဲ့စည်းခြင်းများ ဆောင်ရွက်ပါမည်။
- နေပြည်တော်ကောင်စီရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)ဦး၊ ဒုတိယညွှန်ကြားရေးမှူး(၁)ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (၂)ဦး၊ ဦးစီးအရာရှိ(၂)ဦး၊ စုစုပေါင်း အရာထမ်း (၆)ဦး၊ အမှုထမ်း (၉၆)ဦး ထပ်မံတိုးချဲ့ခွင့်ပြုမိန့် ရရှိခဲ့ပါသည်။ နေပြည်တော်ကောင်စီ၏ လက်ရှိ ဖွဲ့စည်းပုံအင်အားမှာ အရာထမ်း (၁၆)ဦး၊ အမှုထမ်း (၁၈၈)ဦး၊ စုစုပေါင်း (၂၀၄)ဦး ဖြစ်လာပါမည်။
- အုပ်ချုပ်ရေးလုပ်ငန်းများကိုတာဝန်ယူ ဆောင်ရွက်လျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးများရှိ အုပ်ချုပ် ရေးမှူးများကို တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူး လုပ်ငန်းတာဝန်များအပြင် သက်ဆိုင်ရာ အစိုးရအဖွဲ့၏

အတွင်းရေးမှူး လုပ်ငန်းတာဝန်ကိုလည်းကောင်း၊ လွှတ်တော်၏ ရုံးလုပ်ငန်း တာဝန်များကိုလည်းကောင်း၊ တာဝန်ပေး ဆောင်ရွက် စေရာတွင် မူလအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းတာဝန် များအပြင် အစိုးရအဖွဲ့နှင့် လွှတ်တော်၏ လုပ်ငန်းများကိုပါ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူး အဆင့်သို့ တိုးမြှင့်ခန့် ထားပြီး ဒုတိယတိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမှူး ရာထူးကို ညွှန်ကြားရေးမှူး အဆင့်ဖြင့် တိုးချဲ့ခန့်အပ် တာဝန်ပေးခြင်း များကို ဆောင်ရွက်ပါမည်။

- တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်အုပ်ချုပ်ရေးမှူး ရုံးများကို အဆင့်ခွဲခြားခြင်းမပြုဘဲ ခရိုင်အုပ်ချုပ်ရေးမှူး ရာထူးများကို ဒုတိယညွှန်ကြားရေးမှူး အဆင့်အဖြစ်လည်းကောင်း၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ရာထူးအား လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အဖြစ် လည်းကောင်း တိုးမြှင့်ဖွဲ့စည်း ဆောင်ရွက်ပါမည်။
- မြို့နယ်အုပ်ချုပ်ရေးမှူးများအား ယခင်ဦးစီးအရာရှိ အဆင့်မှ လက်ထောက်ညွှန်ကြားရေးမှူး အဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း များကို ဆောင်ရွက်ပါမည်။
- ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင်လည်း ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူးရာထူးအား ယခင် ဒုတိယဦးစီးမှူး အဆင့်မှ ဦးစီးအရာရှိအဆင့်သို့ တိုးမြှင့် ခန့်ထားခြင်းများ ဆောင်ရွက်ပါမည်။
- ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းရည် တိုးတက်မြင့်မားစေရေး အတွက် အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ ဖွဲ့စည်းပုံတွင် ဌာန တစ်ခုအဖြစ် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းပါမည်။
- နယ်မြေဒေသ လိုအပ်ချက်များအရ ထိရောက်သော အုပ်ချုပ်မှု စနစ် ရရှိစေရေးအတွက် ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် အတွင်း

လားရှိုးနှင့် ကျိုင်းတုံတို့တွင် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး အဆင့် တိုးချဲ့ဖွဲ့စည်းပြီး ဒုတိယ ပြည်နယ် အုပ်ချုပ်ရေးမှူးများကို ညွှန်ကြားရေးမှူး အဆင့်တိုးမြှင့် ခန့်အပ်ခြင်းများ ဆောင်ရွက်ပါမည်။

- ကျေးရွာအုပ်စုများအား မြို့နယ်ခွဲအဆင့်သို့ တိုးမြှင့် ဆောင်ရွက်ရာတွင်ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်အတွင်း ဆမီးကျေးရွာအုပ်စုအား ဆမီးမြို့နယ်ခွဲအဖြစ်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ လေရှီးမြို့နယ်အတွင်း ဆွမ္မရာကျေးရွာအုပ်စုအား ဆွမ္မရာမြို့နယ်ခွဲ အဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့် ဖွဲ့စည်းခြင်းများ ဆောင်ရွက်ပါမည်။
- ရပ်ကွက်/ကျေးရွာ အုပ်စုများအား မြို့အဆင့်သို့ တိုးမြှင့် ဆောင်ရွက်ရာတွင် ဟင်္သာတခရိုင်အတွင်း ဘတ်ရဲကျေးရွာအုပ်စုအား ဘတ်ရဲမြို့အဖြစ်သို့ လည်းကောင်း၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်အတွင်း အထောင်ကျေးရွာအုပ်စုအား အထောင်မြို့အဖြစ်သို့ အဆင့်တိုးမြှင့် ဖွဲ့စည်းခြင်းများ ဆောင်ရွက်ပါမည်။
- ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး (လားရှိုး)နှင့် ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး(ကျိုင်းတုံ) တို့၏ ဖွဲ့စည်းပုံမှာ အရာထမ်း (၅)ဦး၊ အမှုထမ်း (၃၆)ဦး၊ စုစုပေါင်း (၄၁)ဦးဖြင့် တိုးချဲ့ဖွဲ့စည်းခွင့် ရရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမှာစာ တင်ပြပါမည်။
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး နေရာတွင် ဒုတိယညွှန်ကြားရေးမှူး ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထား ခွင့်ပြုရေးအတွက် အရာထမ်း(၅)ဦး ဖွဲ့စည်းပုံ ရရှိရေးအတွက် စီမံကိန်းနှင့် ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့သို့ တင်ပြထားပါမည်။
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး နေရာတွင် ညွှန်ကြားရေးမှူးရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထား

ခွင့်ပြုရေးအတွက် အရာထမ်း(၁)ဦး ဖွဲ့စည်းပုံရရှိရေးအတွက် စီမံကိန်းနှင့် ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့သို့ တင်ပြထားပါသည်။

- နေပြည်တော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် လောက်ကိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတို့၏ ဝန်ထမ်းဖွဲ့စည်းပုံ အင်အားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဖွဲ့စည်းပုံ အင်အားမှ လျှော့ချပါမည်။
- နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရေးအတွက် အင်္ဂလိပ်စာ နှင့် သတင်းနှင့် အချက်အလက်နည်း ပညာများတွင် ဝန်ထမ်း များ ကျွမ်းကျင်မှုရှိလာစေရေး၊ ဌာနတွင်းသင်တန်းများ ဖွင့်လှစ် ခြင်း၊ အခြားဝန်ကြီးဌာနမှ ဖွင့်လှစ်သောသင်တန်းများသို့ စေလွှတ်ခြင်း၊ ပြည်တွင်းရှိ ပုဂ္ဂလိကသင်တန်းများသို့ စေလွှတ် ခြင်း၊ ပြည်ပနိုင်ငံများသို့ စေလွှတ်ခြင်းများ ဆောင်ရွက်သွားပါ မည်။
- မိမိဌာန လုပ်ငန်းများ ကျွမ်းကျင်စေရေးအတွက် ဌာနတွင်းတွင် လုပ်ငန်းခွင်ဝင်သင်တန်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ် ပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်၍ အတွေ့အကြုံ ဖလှယ်ခြင်း၊ (၆)လ တစ်ကြိမ်အရည်အချင်းစစ် စာမေးပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သွားပါမည်။
- ထူးချွန် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းဖြင့် လုပ်ရည်ကိုင်ရည် မြင့်မားလာ အောင်လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်သွားပါမည်။
- ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့် သင်ကြားပေးသည့် အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း အား လိုအပ်မည့် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ နည်းပြများအား သင်ကြားပေးရမည့် ဘာသာရပ် အလိုက် ကျွမ်းကျင်မှုရှိစေရန် ဆောင်ရွက်ခြင်း၊ ခေတ်မီ သင်ရိုး ညွှန်းတမ်းများ ရေးဆွဲသင်ကြားခြင်း၊ အဆောက်အဦနှင့် အခြေခံ လိုအပ်ချက်များ၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်း

တို့ကို ဆောင်ရွက်ပြီး သင်တန်းကျောင်း၏ အဆင့်ကို မြှင့်တင်ပေးခြင်းများ ဆောင်ရွက်သွားပါမည်။

- ဝန်ထမ်းများအား ရာထူးအဆင့် တိုးမြှင့်ပေးရာတွင် ရာထူးအဆင့်အလိုက် တက်ရောက်ပြီးစီးရမည့်သင်တန်း အမျိုးအစားများကို သတ်မှတ်ထားရှိရာ သင်တန်းဆင်း အရည်အချင်းကိုလည်း ထည့်သွင်းစဉ်းစားခြင်းများဆောင်ရွက်မည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ရုံးချုပ်(၁)ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် ရုံး(၁၄) ရုံး၊ နေပြည်တော် (၁)ရုံး၊ ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရတိုင်း (၁)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရုံး (၅)ရုံး၊ ခရိုင်ရုံး(၇၂)ရုံး၊ မြို့နယ် ရုံး (၃၃၀)ရုံး၊ မြို့နယ်ခွဲရုံး (၈၄)ရုံးတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ဌာန၏လုပ်ငန်းများအတွက် အောင်မြင်ရေး ဝန်ထမ်းများစိတ်ဓာတ် တိုးတက် မြင့်မားရေးတို့သည် အုပ်ချုပ်မှုစနစ် မှန်ကန်စေရန် ဆောင်ရွက်ပါမည်။
- အုပ်ချုပ်ရေးအရာရှိများကို လေ့ကျင့်သင်ကြားပေးရာတွင် ကနဦး သင်တန်းပေးခြင်း၊ လုပ်ငန်းခွင်လက်တွေ့ လေ့ကျင့်ပေးခြင်း၊ ဆောင်ရွက်နေသော အမှုတွဲများကို ကြည့်ရှုခြင်း၊ ဌာနဆိုင်ရာ စာမေးပွဲများ ဖြေဆိုစေခြင်းတို့ရှိခဲ့ရာ ယင်းအတိုင်းပင် လေ့ကျင့် ပေးခြင်းများ ဆောင်ရွက်သွားပါမည်။
- ဌာနတွင်း ဝန်ထမ်းများအား ဉာဏ်သစ်လောင်းသည့် အနေဖြင့် ဌာနတွင်း ဆွေးနွေးပွဲများ၊ ပြည်တွင်း/ပြည်ပ အလုပ်ရုံ ဆွေးနွေးပွဲ များ၊ လေ့လာရေးခရီးများ စေလွှတ်ခြင်းများ ဆောင်ရွက် သွားပါမည်။
- ပြည်သူများနှင့် တိုက်ရိုက်ဆက်ဆံရသော အောက်ခြေဝန်ထမ်း များနှင့် ၎င်းတို့ကို ကြီးကြပ်အုပ်ချုပ်ရသော အရာထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက် မှန်ကန်စေရေး ပျိုးထောင်ပေးပါမည်။
- တာဝန်ယူ တာဝန်ခံသည့် အလေ့အကျင့်ကို ပျိုးထောင်ပေးပါမည်။

- မိမိတာဝန်ယူရသော လုပ်ငန်းနှင့်ဌာနကို တန်ဖိုးထားသည့်စိတ် ဖြစ်ပေါ်လာစေရန်အတွက် ဆွေးနွေးပညာပေးခြင်းများကို ပြုလုပ်သွားပါမည်။
- ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအပေါ် အသိအမှတ်ပြု၍ ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးပါမည်။
- ဝန်ထမ်းများ စွမ်းရည် မြင့်မားစေရန်အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ရေးကို ဆောင်ရွက်နိုင်ရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းကို ၂၀၀၃ခုနှစ်၊ ဇူလိုင် (၇)ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် လေ့ကျင့်ရေးနှင့် သုတေသနဌာနလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ လေ့ကျင့်ရေး စီမံချက်များ ရေးဆွဲပြီး ရာထူးအဆင့်အလိုက် သင်တန်းများ အောက်ပါအတိုင်း ဖွင့်လှစ်/စေလွှတ်ပါမည်။
- စီမံ(၁) လုပ်ငန်းခွင် ဝင်သင်တန်း၊ စီမံ(၂)သင်တန်း၊ စီမံ(၂) မွမ်းမံသင်တန်း၊ စီမံ(၄) သင်တန်းများ ဖွင့်လှစ်ပါမည်။
- အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ အရာထမ်းငယ် အခြေခံသင်တန်း၊ အရာထမ်းလောင်း သင်တန်း၊ အရာထမ်း သင်တန်းများ ဖွင့်လှစ်ပါမည်။
- စာရေးဝန်ထမ်း အခြေခံသင်တန်း၊ စာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့်သင်တန်း၊ အခြားသင်တန်းများဖွင့်လှစ်ခြင်း၊ ပြည်တွင်း အလုပ်ရုံ ဆွေးနွေးပွဲနှင့် အခြားဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများ၊ ပြည်ပနိုင်ငံသင်တန်း၊ ဆွေးနွေးပွဲ၊ လေ့လာရေးများ စေလွှတ်ပါမည်။
- စီမံ(၁) လုပ်ငန်းခွင်ဝင်သင်တန်း၊ စီမံ(၂) သင်တန်း၊ စီမံ(၂) သင် လုပ်ငန်းစွမ်းရည်မြင့်သင်တန်း၊ စီမံ(၄)သင်တန်း၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး စီမံ(၄) သင်တန်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး စီမံ(၂)သင်တန်း၊ နည်းပြသင်တန်း၊ အင်္ဂလိပ်စာ

အခြေခံသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်း၊ အစိုးရဌာန အချင်းချင်းလုပ်ငန်း ကိစ္စရပ်များကို အွန်လိုင်းမှ ဆက်သွယ် ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းများ ဆောင်ရွက်သွားပါမည်။

- မြို့နယ်အုပ်ချုပ်ရေးမှူးများသည် မိမိတာဝန်ယူ ဆောင်ရွက်ရသည့် နယ်မြေအတွင်း အများပြည်သူအတွက် အဓိက လိုအပ်သည့် ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရွေးချယ်၍ တင်ပြဆောင်ရွက် သွားပါမည်။
- ရန်ပုံငွေခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းများအား သတ်မှတ်ချိန် အမီ ရာနှုန်းပြည့် ပြီးစီးရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက် သွားပါမည်။
- ဌာန၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အများပြည်သူ အကျိုးကိုမထိခိုက်စေရေး တည်ဆဲဥပဒေများနှင့်အညီဆောင်ရွက် သွားပါမည်။
- နိုင်ငံတော်စီမံကိန်းဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအောင်မြင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားပါမည်။
- ပြည်တွင်းပြည်ပ အထောက်အပံ့များဖြင့် ဆောင်ရွက်သော လုပ်ငန်းများတွင်လည်း အများပြည်သူ အပြည့်အဝ အကျိုးခံစား ခွင့် ရရှိရေး ပူးပေါင်းဆောင်ရွက်သွားပါမည်။
- အခြေခံအုပ်ချုပ်ရေး အဖွဲ့အစည်းဖြစ်သည့် ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများအား စွမ်းရည် မြင့်မားရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူဘောင်အတွင်း မှ ဆောင်ရွက်နိုင်ရေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးမှ အနီးကပ် ကြီးကြပ် ဆောင်ရွက်သွားပါမည်။

(ဃဃ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

- ပြည်တွင်း၌ ပျံ့သန်းလျက်ရှိသည့် လေယာဉ်ခရီးစဉ်များတွင် မသမာသူများက လေယာဉ် အပိုင်စီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း

တို့မှ ကာကွယ်ရန်၊ လေဆိပ် လုံခြုံရေးနှင့် လေကြောင်းဖြင့် ဥပဒေ အရ တားဆီးထားသည့် ပစ္စည်းများကို ခိုးဝှက်သယ်ယူမှု မပြုနိုင် ရန်အတွက် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း ကာကွယ်ခြင်း များ ဆောင်ရွက်ပါမည်။

- ရေကြောင်း၊ ကုန်းကြောင်းမှယာဉ်များဖြင့် ဖောက်ခွဲ ဖျက်ဆီးရေး ကိရိ ယာများ၊ လက်နက်များနှင့် ဥပဒေအရတားဆီးထားသည့် ပစ္စည်းများ ခိုးဝှက် သယ်ယူမှု မပြုနိုင်ရန်အတွက် အခြား အဖွဲ့အစည်းများနှင့် ပူးပေါင်း ကာကွယ်ခြင်းများ ဆောင်ရွက် ပါမည်။
- ကျောက်မျက်ရတနာပြပွဲ အပါအဝင် နိုင်ငံတော်အဆင့် ပွဲတော် များ ပြုလုပ်သည့်အခါများတွင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထောက်လှမ်းရေး အကာအကွယ်ပြုလုပ်ပေးခြင်း များ ဆောင်ရွက်ပါမည်။
- နိုင်ငံတော်လုံခြုံရေးအတွက် မြေပေါ်မြေအောက် အဖျက် သမားများနှင့် ဆန့်ကျင်ဘက်အင်အားစုများ၏ လှုပ်ရှားမှု သတင်း များကို စုဆောင်း တင်ပြခြင်းများ ဆောင်ရွက်ပါမည်။
- အရေးကြီးပုဂ္ဂိုလ် လုံခြုံရေးကိစ္စများကို အခြားအဖွဲ့အစည်းဝင် ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။
- အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတွင် လက်ရှိဖွဲ့စည်းပုံအရ အရာထမ်း(၂၀၂) ဦး အမှုထမ်း(၁၅၂၉)ဦး၊ စုစုပေါင်း (၁၇၃၁) ဦးဖြင့် တာဝန်များ ထမ်းဆောင်လျက်ရှိပြီး ရာထူးအဆင့် အလိုက် အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖွဲ့စည်းဆောင်ရွက် ပါမည်။
- အုပ်ချုပ်မှုယန္တရား ကောင်းမွန်စေရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ရေးနှင့် သန့်ရှင်းသော အစိုးရ ဖြစ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အုပ်ချုပ်ရေးနှင့် တရားဥပဒေ

စိုးမိုးရေးဆိုင်ရာ ဝန်ထမ်းများအား အုပ်ချုပ်မှုစနစ် တည့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး ဦးစားပေး ဆောင်ရွက်ပါမည်။

- လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ရေးနှင့် သန့်ရှင်းသော အစိုးရတို့ဖြစ်ပေါ်လာစေရန် လာဘ်ပေးလာဘ်ယူမှုများကို ကင်းရှင်းအောင် ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏ အကူအညီကို ရယူဆောင်ရွက်သွားရန် အထူးလိုအပ်ပါသည်။ ပြည်သူများ အနေဖြင့် အစိုးရရုံး ဌာနများနှင့် ဆက်သွယ် ဆက်ဆံကြရာတွင်လည်းကောင်း၊ ရုံးဌာန ဝန်ထမ်းများ အနေဖြင့်လည်း ဝန်ထမ်းအချင်းချင်း၊ ဌာနအချင်းချင်း ဆက်သွယ်ဆက်ဆံကြရာတွင်လည်းကောင်း၊ လုပ်ငန်း အဆင်ပြေ ချောမွေ့စေရေး အတွက် ငွေကြေး(သို့မဟုတ်)ပစ္စည်း တောင်းဆို ပေးကမ်းနေကြရခြင်းများ ရှိနေသေးပါသည်။ လာဘ်ပေးလာဘ်ယူမှုသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် လက်ခံ၍မရနိုင်သည့် ဆိုးရွားသော အကျင့်စရိုက်ဖြစ်သည့်အပြင် တိုင်းပြည်နှင့် လူမျိုးဂုဏ်သိက္ခာကိုပါ ထိခိုက်စေသည့်အတွက် ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အဓိကထိရောက်စွာ တိုက်ဖျက်ဆောင်ရွက်သွားမည်။
- နိုင်ငံတော်အနေဖြင့် တည်ဆဲဖြစ်သည့် ၁၉၄၈ ခုနှစ်အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေကို ခေတ်ကာလနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအဖြစ် လက်ရှိ လွှတ်တော်တွင် အသစ်ပြင်ဆင် ရေးဆွဲလျက်ရှိပါသည်။ အဆိုပါ လာဘ်ပေးလာဘ်ယူမှုများအား ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားရန် ပြည်သူများအနေဖြင့် တိုင်ကြားလိုသည့် အကြောင်းအရာများကို အထောက်အထား အချက်အလက် ပြည့်စုံစွာဖြင့် တိကျမှန်ကန်စွာဖော်ပြပြီး အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြား

ရေးမှူးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအဖွဲ့မှူးတို့ထံသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ဖော်ပြထားသည့် သတင်းထုတ်ပြန် ကြေညာချက်ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့ထုတ် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာ၌ အတိအလင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

- စိစစ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အပြီးပြန်အလုပ်လုပ်ရန်နှင့် လေ့လာရန် နိုင်ငံခြားသို့ သွားရောက်မည့်သူများ၏ နောက်ကြောင်းစိစစ်ခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများတွင် ခန့်ထားမည့်ပုဂ္ဂိုလ်များ၏ နောက်ကြောင်းစိစစ်ခြင်း၊ စာပေပုံနှိပ် ထုတ်ဝေခွင့် လျှောက်ထားသူများ၏ နောက်ကြောင်းစိစစ်ခြင်း၊ သံဃာတော်များ ဘွဲ့တံဆိပ်တော် ဆက်ကပ်ရေး၊ လူပုဂ္ဂိုလ်များ ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်အပ်နှင်းရေး စိစစ်ခြင်းကိစ္စများ ဆောင်ရွက်ပါမည်။
- အမေရိကန်ဒေါ်လာငွေ၊ ယူရိုငွေကြေး လဲလှယ်သုံးစွဲမှုများနှင့် ပတ်သက်၍ နေ့စဉ် ဖြစ်ပေါ်နေသော ငွေကြေး လဲလှယ်မှု ဈေးနှုန်းများ၊ နေ့စဉ်ဖြစ်ပေါ်နေသော ရွှေ၊ ရေနံ၊ ဓါတ်ဆီ၊ ဒီဇယ်ဆီတို့၏ နေ့စဉ် ပေါက်ဈေးနှုန်းများကို လေ့လာစုံစမ်း တင်ပြခြင်းများ ဆောင်ရွက်ပါမည်။
- ငွေရေးကြေးရေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပတရားမဝင် ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ငွေရေးကြေးရေး အက်ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်ပါမည်။
- လက်ရှိ သုံးစွဲလျက်ရှိသော ပြည်တွင်းသုံးငွေနှင့် ပြည်ပငွေကြေးများ အတုပြုခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်တွယ် အသုံးပြုခြင်းကိစ္စများ သတင်းပေါ်ပေါက်ပါက ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက်သူများကို တည်ဆဲဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ် အရေးယူ ဆောင်ရွက်ပါမည်။
- စီးပွားရေးအမည်ခံ အသင်းအဖွဲ့များအနေဖြင့် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ အစုရှယ်ယာများခေါ်ယူခြင်း၊ လုပ်ငန်းများ

အကြောင်းပြ၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသော အတိုးနှုန်းထက် ကျော်လွန်စွာ အကျိုးအမြတ်များကို မက်လုံးပေး တရားမဝင် ခွဲဝေပေးခြင်း ကိစ္စရပ်များအား ဗဟိုဘဏ်၏ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ပါမည်။

- တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးများကို လွှဲပြောင်းခြင်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဝယ်ယူပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းစသည့် ငွေကြေးမသမာမှုများ၊ ငွေကြေးခဝါချမှုများ ပြုလုပ်ဆောင်ရွက်ခြင်းကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်ပါမည်။
- ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ဘဏ်လုပ်ငန်းတစ်ရပ်ရပ်ကို ငွေကြေးများ ရင်းနှီးမြှုပ်နှံ၍ တရားမဝင် ဆောင်ရွက်ခြင်း၊ ဗဟိုဘဏ်မှ သတ်မှတ်ငွေ လဲလှယ်နှုန်းများကို ကျော်လွန်၍ ငွေကြေး လဲလှယ်ခြင်း စသည့်ကိစ္စရပ်များအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ပါမည်။
- ဝန်ထမ်းများ လုပ်ငန်းစွမ်းရည် တိုးတက်မြင့်မားစေရေးအတွက် ဌာနတွင်း မွမ်းမံသင်တန်းများကို ရာထူးအဆင့်အလိုက် သင်တန်းများ ခွဲခြား၍ တက်ရောက်စေပါမည်။
- ထို့ပြင် ပြည်တွင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖွင့်လှစ်သည့် ဒုတိယရဲအုပ်လောင်း သင်တန်း၊ စုံထောက်(အရာရှိ) သင်တန်း၊ မွမ်းမံသင်တန်းများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ ဖွင့်လှစ်သည့် သင်တန်းများ၊ ပြည်ထောင် စုစာရင်းစစ်ချုပ်ရုံးမှ ဖွင့်လှစ်သည့် သင်တန်းများသို့ ဝန်ထမ်းများအား အလှည့်ကျ တက်ရောက်စေခြင်းဖြင့် လုပ်ငန်းစွမ်းရည် တိုးတက်မြင့်မားရန် ဆောင်ရွက်ပါမည်။
- အလားတူ ပြည်ပနိုင်ငံများတွင် ဖွင့်လှစ်ပို့ချသည့် မဟာမဲခေါင်ဒေသအတွင်း နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှု တိုက်ဖျက်ရေးပိုမိုအား ကောင်းလာစေရေး အလုပ်ရုံဆွေးနွေးပွဲ၊ နိုင်ငံတကာ

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာအာဏာပိုင်များအဖွဲ့၏ ဆဋ္ဌမ အကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် အထွေထွေအစည်းအဝေး၊ အရေးပေါ် ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်သော အလုပ်ရုံ ဆွေးနွေးပွဲစသည်ဖြင့် ပြည်ပအတွေ့အကြုံ ရရှိရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲများသို့ ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် အခြား အဖွဲ့အစည်းဝင်များနှင့်အတူ တက်ရောက်စေပါမည်။

- လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်မပျက် လေ့ကျင့်မှုအဖြစ် အတွေ့အကြုံရှိသူများနှင့် ပူးတွဲ၍ လုပ်ငန်း တာဝန်များထမ်းဆောင်ရင်း ဆောင်ရန်ရှောင်ရန် အချက်များ၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ ကိုလည်း သင်ကြားပေးပြီး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။
- ဝန်ထမ်းများ စိတ်ဓါတ်ကောင်းမွန် တိုးတက်စေရေးအတွက် ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးကာ ကြိုးစား၍ တာဝန်ထမ်းဆောင် သူများကို တစ်ဆင့်မြင့် ရာထူးများ တိုးပေးသကဲ့သို့ စည်းကမ်း ဖောက်ဖျက်သူများကိုလည်း ပြစ်မှုကျူးလွန်မှုအပေါ် မူတည်၍ အပြစ်ပေးအရေးယူမှုများ ပြုလုပ်ပါမည်။
- ဝန်ထမ်းများ စိတ်ဓါတ်မြင့်မားရေး၊ ကြိုးစားဆောင်ရွက်စေရေး အတွက် အပတ်စဉ် စုံညီ ဆွေးနွေးပွဲများတွင် ဆောင်ရန် ရှောင်ရန် အချက်များနှင့် ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစေရန်အတွက် ချပြရှင်းလင်း ဆွေးနွေးမှုများ ပြုလုပ်ပါမည်။
- ဝန်ထမ်းများ စိတ်ဓါတ်မြင့်မားစေရေးအတွက် ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်ရှိ အခြားတပ်ဖွဲ့ဝင်များနည်းတူ တူညီဝတ်စုံများ၊ ရာထူး အဆင့်တံဆိပ်များ ပြောင်းလဲ တပ်ဆင်ပါမည်။
- ဝန်ထမ်းများ၏ မိသားစုရေးရာ ကိစ္စရပ်များ၊ အခက်အခဲများ ကို ကြီးကြပ်သူ အဆင့်ဆင့်မှ စာနာထောက်ထား လေ့လာပြီး ကူညီဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက ပြောင်းရွှေ့ပေးခြင်းများ

ပြုလုပ်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ စိတ်ဓါတ်ရေးရာ တိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြု ဆောင်ရွက်ပါမည်။

- ဦးစီးဌာန၏ အဓိကလုပ်ငန်းကြီး(၄) ရပ်ဖြစ်သည့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း၊ ဥပဒေအကြံပေးခြင်းလုပ်ငန်း၊ တရားစွဲတင်ပို့ခြင်းနှင့်တရားရုံး အမှုလိုက်ပါခြင်းလုပ်ငန်း၊ သတင်းထောက်လှမ်း စုဆောင်းတင်ပြခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အတွေ့အကြုံရှိ ဝါရင့်အရာရှိများမှ ဝန်ထမ်းငယ်များအား လုပ်ငန်းခွင်အတွင်း အနီးကပ်ကြီးကြပ်၍ စဉ်ဆက်မပြတ် သင်ကြားပို့ချခြင်းဖြင့် လေ့ကျင့်မှုများပြုလုပ် ပေးပါမည်။
- အမှုစစ်လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်သည့် နည်းတူစီမံခန့်ခွဲရေး လုပ်ငန်းများအပါအဝင် အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းများသို့လည်း သက်ဆိုင်ရာ ရာထူးအဆင့်အလိုက် တက်ရောက်လေ့ကျင့်မှုများ ဆောင်ရွက်ပေးပါမည်။
- မိမိဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့တိုင်းဒေသကြီး/ပြည်နယ် ရုံးများအလိုက် အခါကြီး ရက်ကြီးနေ့ရက်များ၊ ရုံးပိတ်ရက်များတွင် ပြည်သူ့ဆေးရုံများ၊ သာသနာရေးအဆောက်အဦများသို့ သွားရောက်၍ သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ပါမည်။
- ဦးစီးဌာနများမှဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာပြည်သူ့ ဆေးရုံများတွင် သွေးလိုအပ်နေသော လူနာများအတွက် သွေးလှူဒါန်းခြင်း ကိစ္စများ ဆောင်ရွက်ပါမည်။
- မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ ရုံးစိုက်ရာ ဒေသအနီးရှိမူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ကျောင်းသူများအတွက် ဦးစီးဌာန၏နှစ်ပတ်လည်နေ့နှင့် အခါကြီးရက်ကြီး နေ့ရက်များတွင် ပညာ

သင်ကြားရေး အထောက်အကူပြု စာအုပ်စာတမ်းများနှင့် အလှူငွေများကို လှူဒါန်းခြင်းများ ဆောင်ရွက်ပါမည်။

(cc) **အကျဉ်းဦးစီးဌာန**

- အကျဉ်းထောင်ဝင်ဆံ့နိုင်မှုအတွက် အကျဉ်းသားအင်အား များပြားလာမှုအပေါ် ဖြန့်ခွဲထားရှိနိုင်ရေးအတွက် နေရာလိုအပ်ချက်အရ "က" အဆင့် မော်လမြိုင်အကျဉ်းထောင်အား မူလနေရာဟောင်းမှ နေရာသစ်သို့ ပြောင်းရွှေ့ တည်ဆောက်သွားမည် ။
- အကျဉ်းဦးစီးဌာန ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ဖွဲ့စည်းထားသော အကျဉ်းထောင်/စခန်းများကို မြို့ပြအနေအထား၊ လူဦးရေ သိပ်သည်းမှု၊ အကျဉ်းထောင် အနေအထား စသည်တို့အပေါ် မူတည်၍ အဆင့်ပြောင်းလဲ တိုးချဲ့ဖွဲ့စည်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ သာယာဝတီ အကျဉ်းထောင်ကို "က"အဆင့် မှ ဗဟိုအဆင့်သို့လည်းကောင်း၊ ရွှေဘို အကျဉ်းထောင်ကို "ခ"အဆင့်မှ "က"အဆင့်သို့လည်းကောင်း၊ သံတွဲ အကျဉ်းထောင်ကို "ခ" အဆင့် မှ "က"အဆင့်သို့ လည်းကောင်း၊ ဖျာပုံအကျဉ်းထောင်ကို "ဃ"အဆင့်မှ "ခ"အဆင့်သို့ တိုးမြှင့်ပြီး၊ ပူတာအို အကျဉ်းထောင်ကို "က"အဆင့်မှ "ဃ"အဆင့်သို့ လျှော့ချပြင်ဆင် ဆောင်ရွက်သွားမည်။ ဖွဲ့စည်းပုံတွင် ခွင့်ပြုထားသော မိုးညှင်း အကျဉ်းထောင်ကိုလည်း "က"အဆင့် အကျဉ်းထောင်အဖြစ် တည်ဆောက်ဖွင့်လှစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျောက်ဖြူ အကျဉ်းထောင်ကိုလည်း အဆောက်အဦများ တိုးချဲ့ဆောက်လုပ်သွားမည်။ ထို့အပြင် သာယာဂတီအကျဉ်းထောင် အတွက် ၁၁ ကေဗွီအေ ဓါတ်အားလိုင်းအား အစားထိုးလဲလှယ်ခြင်း၊ တောင်ငူ (၄)မိုင် ကျောက်ထုတ်စခန်းနှင့် အောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးစခန်းတို့တွင် (၆)ခန်းတွဲ ဂန်ထမ်းနေအိမ် ဆောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ အခြား အကျဉ်းထောင်တို့တွင် ပျက်စီးယိုယွင်းနေသော အဆောက်အဦများ

နှင့် ဂန်ထမ်းလိုင်းများအား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်။

- အကျဉ်းဦးစီးဌာန ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ စခန်းများအနေဖြင့် မြို့ပြနေရာ ဒေသရှိ လူဦးရေ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့အရ ပြင်ဆင်ဖွဲ့စည်းရန်အတွက် ဇင်းကျိုက် ကျောက်ထုတ်စခန်းကို "ခ"အဆင့်မှ "က"အဆင့်သို့လည်းကောင်း၊ ဘဲလင်း အမျိုးသား ကျောက်ထုတ်စခန်းကို "က" အဆင့်မှ "ခ" အဆင့်သို့ လည်းကောင်း အဆင့်ပြောင်းလဲသတ်မှတ်ရန် တင်ပြဆောင်ရွက်သွားမည်။
- အကျဉ်းဦးစီးဌာနတွင် လက်ရှိအသုံးပြုနေသော ဥပဒေ၊ နည်းဥပဒေတို့မှာ ၁၈၉၄ ခုနှစ်တွင် ရေးဆွဲခဲ့သည့် ဥပဒေ၊ နည်းဥပဒေများဖြစ်၍ နှစ်ပေါင်း(၁၀၀)ကျော် ကြာမြင့်စွာ အသုံးပြုခဲ့ပြီးဖြစ်သဖြင့် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ဆီလျော်မှုရှိစေရန်အတွက် အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရေးဆွဲလျက် ရှိပါသည်။ ယင်းသို့ရေးဆွဲရာတွင် ကုလသမဂ္ဂမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အကျဉ်းသားများ ထိန်းသိမ်းရာတွင် အနိမ့်ဆုံးထားရှိရမည့် စံနှုန်းများကို အခြေခံ၍လည်းကောင်း၊ အခြား ပြည်တွင်း/ ပြည်ပမှ ပညာရှင်များ၏ အကြံပြုချက်များကို အခြေခံ၍ လည်းကောင်း၊ လက်တွေ့လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော အဆင့်မြင့် အရာရှိများနှင့် အငြိမ်းစားယူသွားကြသော အရာရှိကြီးများ၏ အကြံဉာဏ်များ၊ ဥပဒေပညာရှင်များ၏ အကြံဉာဏ်များ ထည့်သွင်းပေါင်းစပ်၍ အသစ်ပြန်လည် ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ဂန်ထမ်းများကိုလည်း အကျဉ်းသား၊ အချုပ်သားများ ထိန်းသိမ်းစောင့်ကြပ်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရာထူးအဆင့်အလိုက် တက်ရောက်သင့်သည့် သင်တန်းများအား ဖွင့်လှစ်ပို့ချမည်။

- အကျဉ်းသားများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် နေထိုင်မှုအပိုင်းတွင် နွေးထွေးသော၊ လေဝင်လေထွက် ကောင်းသော၊ အလင်းရောင်လုံလောက်သော အိပ်ဆောင်များတွင် သတ်မှတ်ထားသည့် နေရာအကျယ်အဝန်းအလိုက် ထားရှိခြင်း၊ လုံလောက်သော သုံးရေများ စီစဉ်ပေးခြင်း၊ သောက်ရေအတွက် အကျဉ်းထောင်များအတွင်း ရေသန့်စက်ရုံများ တည်ဆောက်တပ်ဆင် ပေးခြင်း၊ အာဟာရပြည့်ဝ၍ ကောင်းမွန်သော အစားအစာများအား သန့်ရှင်းလပ်ဆပ်စွာ စားသုံးနိုင်အောင် စီစဉ်ပေးခြင်း၊ မိလ္လာစနစ် ကိုလည်း ရေလောင်းမိလ္လာစနစ်သို့ ပြောင်းလဲပေးခြင်း၊ အညစ် အကြေးနှင့် အနံ့အသက်များ ကင်းစင်အောင် ဆောင်ရွက်ပေးခြင်း၊ ပြင်ပလူ့ဘောင်အဖွဲ့အစည်း၏ အခြေအနေများကို မျက်ခြေမပြတ် စေရန်အတွက် ရုပ်မြင်သံကြားစက်များ တပ်ဆင်ပေးခြင်း၊ သတင်းစာ၊ ဂျာနယ်နှင့်စာအုပ်စာတမ်းများ ဖတ်ရှုနိုင်အောင် စီစဉ် ဆောင်ရွက်ပေးခြင်း စသည်တို့ကို တိုးမြှင့်လုပ်ကိုင် ဆောင်ရွက် ပေးမည်။
- အကျဉ်းသား၊ အချုပ်သားများ၏ ကျန်းမာရေးကိုအစဉ် ရှေ့ရှု၍ ကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ဆောင်ရွက်မှု လုပ်ငန်းများအဖြစ် ကျန်းမာရေး စစ်ဆေးခြင်း၊ ဆေးဖြန်းခြင်း၊ ကျန်းမာရေးပညာပေး ဟောပြောခြင်းများကို လုပ်ကိုင်ဆောင်ရွက် ပေးလျက်ရှိပါသည်။ မကျန်းမာသော အကျဉ်းသားများ၊ အချုပ်သား များကို အကျဉ်းထောင်ဆေးရုံများတွင် စမ်းသပ်ကုသပေးခြင်း၊ ပြင်ပပြည်သူ့ဆေးရုံများရှိ သမားတော်များ၊ အထူးကုများနှင့်ပြသရန် လိုအပ်ပါက ပြသပေးခြင်း၊ အကျဉ်းထောင်သို့လည်း ပင့်ဖိတ်ပြသ ပေးခြင်း၊ ပြင်ပပြည်သူ့ဆေးရုံများသို့ တင်ပို့ကုသရမည့်လူနာများ အား တင်ပို့ကုသပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများဦးရေ ထပ်မံ

တိုးမြှင့်ခန့်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆေးဝါးများကိုလည်းနိုင်ငံတော် ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူခြင်း၊ အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေဖြင့်ဝယ်ယူခြင်း စသည်တို့ဖြင့် ဝယ်ယူကုသပေးလျက် ရှိပါသည်။ အခြားကျန်းမာရေး အဖွဲ့အစည်းများဖြစ်သည့် နယ်စည်းမထားအဖွဲ့၊ ပိုးတန့်ဆေး ထောက်ပံ့ရေးအဖွဲ့ တို့ကဲ့သို့သော လူမှုရေးအဖွဲ့အစည်းများမှ အိတ်ချ်ပိုင်ဗွီ/ အေအိုင်ဒီအက်စ် အကျဉ်းသားများအား နေ့စဉ်စမ်းသပ်စစ်ဆေးခြင်း၊ ပိုးတန့်ဆေးဝါးများ တိုက်ကျွေးခြင်း၊ နှစ်သိမ့်ပညာပေး ဆွေးနွေးမှုများကို စီစဉ်ဆောင်ရွက်ပေးမည်။

- ဘာသာတရားအဆုံးအမသည် လူ၏စိတ်ကို ထိန်းကျောင်းနိုင်သဖြင့် အကျဉ်းထောင်သို့ ရောက်ရှိလာသော အကျဉ်းသား၊ အချုပ်သားများအား မိမိတို့ ကိုးကွယ်ရာ ဘာသာအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခြင်း၊ ဝတ်ပြုကိုးကွယ်ရန် နေရာထိုင်ခင်းများ သတ်မှတ်စီစဉ်ပေးခြင်း၊ ဘာသာရေးပွဲတော်များအလိုက် ကျင်းပနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဘာသာရေးဆရာများကိုလည်း အခါအားလျော်စွာ ဝင်ရောက်ဟောပြောနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ယင်းတို့၏ အကျင့်စာရိတ္တများကို ပြောင်းလဲနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဗုဒ္ဓဘာသာဝင်များမှာ အများစုဖြစ်သဖြင့် အကျဉ်းထောင်များတွင် လစဉ် တရားစခန်း ဖွင့်လှစ်၍ ဝိပဿနာတရားများကို ရှုမှတ် ပွားများနိုင်အောင် ပြင်ပမှ ဆရာတော်ကြီးများ၊ ဓမ္မကထိကများ၊ လူပုဂ္ဂိုလ်များကို ပင့်ဖိတ်၍ စီစဉ် ဆောင်ရွက်မည်။
- အကျဉ်းသားများ ပြစ်မှုကျူးလွန်သည့် ဖြစ်စဉ်များကို လေ့လာသုံးသပ်ရာတွင် အသိဉာဏ်နည်းပါးမှု အသက်မွေးဝမ်းကျောင်း အတတ်ပညာနည်းပါးမှု၊ စာပေမတတ်မှုများကြောင့် ဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။ ယင်းတို့အနေဖြင့် အကျဉ်ထောင်သို့ ရောက်ရှိပြီး

ပြန်လည် လွတ်မြောက်သည့်အခါတွင် စာဖတ်တတ်သည့် အနေ အထားမျိုး ရောက်ရှိစေရေးအတွက် 'အ' သုံးလုံး သင်တန်းများကို စဉ်ဆက်မပြတ် သင်ကြားပို့ချပေးလျက်ရှိပါသည်။ ပြင်ပတွင် ကျောင်း တက်ဆဲဖြင့် ပြစ်ဒဏ်ကျခံရသူများအား အကျဉ်းထောင်အတွင်း နေထိုင်စဉ်ကာလအတွင်း ပညာရေးအဆက်ပြတ်မှု မဖြစ်စေရန် အတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အကျဉ်းထောင်အတွင်း အတန်းပညာများ ဆက်လက်သင်ကြားစေပြီး စာမေးပွဲများဖြေဆို နိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ အကျဉ်းထောင်မှ လွတ်မြောက်သည့်အခါတွင် အသက်မွေးမှု အတတ်ပညာ တစ်ရပ်ရပ် တတ်မြောက်ပြီး ကောင်းမွန်စွာ ဘဝရပ်တည်နိုင်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ စက်မှု လက်မှုနှင့် အခြားအတတ်ပညာများကိုလည်း သင်ကြားပို့ချ ပေးလျက်ရှိပါသည်။ အကျဉ်းသား၊ အကျဉ်းသူများကိုသာမက အကျဉ်းသူနှင့် ပါလာသော ကလေးငယ်များကိုလည်း မူကြို ကျောင်းများ ဖွင့်လှစ်၍ ပညာသင်ကြားပေးခြင်း ဆောင်ရွက် ပါမည်။

- အလဟဿ လေလွင့်ပြုန်းတီးနေသည့် အကျဉ်သားများ၏ လုပ်အားကို အခြေခံ၍ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ဖြစ်စေရန်နှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား အောင်မြင်အောင် လုပ်ဆောင်ရန်၊ စားသောက်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အပေါ် မှီခိုနေမှုအား အမှီအခိုကင်းသော ဘဝ ရောက်အောင် လုပ်ဆောင်သွားရန်၊ အကျဉ်းသားများ လုပ်အား ဖြင့် ကုန်ထုတ်လုပ်ရေး အဖွဲ့ရန်ပုံငွေ တိုးတက်မြင့်မားအောင် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ကို လုပ်ကိုင် ဆောင်ရွက်မည်။
- နိုင်ငံတော်စီမံကိန်းဝင် လုပ်ငန်းကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး များနှင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသော နယ်စပ်ဒေသ

များတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တည်ဆောက်ပြုပြင်ရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂန်ထမ်းများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အခြားဌာနဆိုင်ရာ လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အကျဉ်းသားများသည် တိုင်းရင်းသားများဖြစ်သဖြင့် ဂန်ထမ်းများအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံ၍ ဆက်ဆံထိန်းသိမ်း ဆောင်ရွက်ရန်၊ ဂန်ထမ်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေး စခန်းများ၏ ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကြံဉာဏ်များ ရယူဆောင်ရွက်ရန်၊ စခန်းများ၏အနီးရှိ ဆင်းရဲနွမ်းပါးသူများ၊ အိုမင်းမစွမ်းသူများကို ဝိုင်းကူလုပ်အားပေး ဆောင်ရွက်မည်။

- အကျဉ်းဦးစီးဌာနအနေဖြင့် ပဥ္စမကာလတို တတိယ (၅)နှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ခုနှစ်မှ အခြေခံ၍ ၂၀၁၅-၂၀၁၆ ခုနှစ်ထိ ကဏ္ဍအလိုက် တိုးတက်မှုရှိအောင် စီမံကိန်းမူဝါဒများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(စစ) **မီးသတ်ဦးစီးဌာန**

- မီးဘေးသတိမူရေး လုပ်ငန်းများ ဆောင်ရွက်မည်။
- မီးဘေးကြိုတင် ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်မည်။
- မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်မည်။
- သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှု လျော့နည်းစေခြင်း။ သက်ဆိုင်ရာ အဖွဲ့အစည်း/ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူပြုမည်။
- သဘာဝဘေး ကြိုတင်ပြင်ဆင်ခြင်း။ သက်ဆိုင်ရာ အဖွဲ့အစည်း/ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူပြုမည်။

- သဘာဝဘေးအလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခြင်း။ သဘာဝဘေး ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ ချက်ချင်း စေလွှတ်၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် အသင့်ပြင်ဆင် ထားရှိမည်။
- မူလအခြေအနေ ပြန်ရောက်လာစေရန် ဆောင်ရွက်ခြင်း။ သက်ဆိုင်ရာ အဖွဲ့အစည်း/ဌာနများ၏ လုပ်ငန်း ဆောင်ရွက်မှုများကို အထောက်အကူပြုခြင်းများ ဆောင်ရွက်မည်။
- ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ တိုးချဲ့ဖွဲ့စည်းမည်၊ စုဖွဲ့ လေ့ကျင့်မည်။
- ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များ ချမှတ်၍ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ အဆင့်လိုက် စေလွှတ်မည်။
- ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များအတွက် အသုံးအဆောင်များ၊ ပစ္စည်းကိရိယာများ၊ သယ်ယူ ပို့ဆောင်စရိတ်များ၊ ရိက္ခာငွေများ၊ ဆေးဝါးများ ရရှိရေး ဆောင်ရွက်မည်။
- အဆောက်အဦများ၊ ဘေးအန္တရာယ် ဖြစ်စေသော ပစ္စည်းများ၊ မီးဘေး လုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်အား လူတိုင်း လိုက်နာ ဆောင်ရွက်မည်။
- မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေအား ခေတ်နှင့် လျော်ညီစွာ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်မည်။
- တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ရေး (အရာရှိ/အခြားအဆင့်)။ လက်ရှိ မြန်မာနိုင်ငံ၏ လူဦးရေသန်း (၆၀)ပေါ် မူတည်၍ သန္နေမီးသတ် တပ်ဖွဲ့ဝင်အင်အားနှင့် ပြည်သူ၏ လက်ရှိ ဖွဲ့စည်းပုံအင်အား အချိုးမှာ (၁:၈၃၇၁) ဖြစ်ပြီး အင်အား (၇၁၆၇)ဦးသာ ရှိပါသည်။ တပ်ဖွဲ့ဝင် အင်အား (၁:၁၀၀၀) ဖြစ်စေရေးအတွက် အဆင့်လိုက် တိုးချဲ့ဖွဲ့စည်းသွားရန် လျာထားမည်။
- တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုရုံးများ တိုးချဲ့ဖွဲ့စည်းမည်။

- ခရိုင် မီးသတ်ဦးစီးဌာနရုံးများ တိုးချဲ့ ဖွဲ့စည်းမည်။
- မြို့နယ် မီးသတ်ဦးစီးဌာနရုံးများ တိုးချဲ့ ဖွဲ့စည်းမည်။
- ဗဟိုမီးသတ်စခန်းများ တိုးချဲ့ ဖွဲ့စည်းမည်။
- မြို့မမီးသတ်စခန်းများ တိုးချဲ့ဖွဲ့စည်းမည်။
- နယ်မြေမီးသတ်စခန်းများ တိုးချဲ့ဖွဲ့စည်းမည်။
- မီးသတ်ဦးစီးဌာန၏ရုံးချုပ်ဖွဲ့စည်းပုံအား ပြင်ဆင်ဖွဲ့စည်းမည်။
- တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးရုံးများ ပြင်ဆင်ဖွဲ့စည်းမည်။
- ဗဟိုမီးသတ်စခန်းများ ပြင်ဆင်ဖွဲ့စည်းမည်။
- မြို့မမီးသတ်စခန်းများ ပြင်ဆင်ဖွဲ့စည်းမည်။
- နယ်မြေ မီးသတ်စခန်းများ ပြင်ဆင်ဖွဲ့စည်းမည်။
- မီးသတ်ဦးစီးဌာနကို ခေတ်စနစ်နှင့် လိုက်လျော်ညီထွေမှု ရှိစေရန် အတွက် မီးသတ်တပ်ဖွဲ့၏ တာဝန်ချိန်ဝတ်စုံများနှင့် အဆင့်တံဆိပ်များ ရာထူးအခေါ်အဝေါ်များ ပြင်ဆင်ပြောင်းလဲ သတ်မှတ်မည်။
- မြို့နယ်အဆင့်အုပ်ချုပ်မှု မွမ်းမံသင်တန်း၊ မီးသတ်စခန်းမှူး သင်တန်း၊ အရာရှိ(မီးသတ်တပ်စုမှူးလောင်း)သင်တန်း၊ ရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်း၊ အခြေခံဆေးတပ်စုသင်တန်း၊ အသက်ကယ်နည်းစနစ် ကျွမ်းကျင်မှုသင်တန်း၊ ရေပြင်အသက်ကယ်ဆယ်ရေးသင်တန်း၊ လေယာဉ် မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေးသင်တန်း၊ ယာဉ်မောင်းသင်တန်း၊ စက်ပြင်သင်တန်း၊ အခြေခံမီးသတ်ပညာသင်တန်း၊ တန်းမြင့် မီးသတ်ပညာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာနှင့် ခေတ်မီမီးသတ်ပညာသင်တန်း၊ အင်တာနက်နှင့်အီးမေးလ်သင်တန်း၊ မီးသတ်ပညာနည်းပြသင်တန်း(အရာရှိ/အခြားအဆင့်)၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းတို့ ဖွင့်လှစ်သွားမည်။
- ဖက်စ် တပ်ဆင်ခြင်း၊ ကွန်ပျူတာတပ်ဆင်ခြင်း၊ အီးမေးလ် တပ်ဆင်ခြင်း၊ အင်တာနက် ဝက်(ဘ်)ဆိုဒ် ထူထောင်ခြင်း၊

အင်တာနက် ကွန်ယက်အတွင်းသို့ ဝင်ရောက်ခြင်း၊ ကြီးကြပ်မှု ကွပ်ကဲမှု ဗဟိုထိန်းချုပ် စနစ်ထူထောင်ခြင်းတို့ ဆောင်ရွက်မည်။

- ရုံး/ဌာနများနှင့် ဝန်ထမ်း အိမ်ရာအဆောက်အဦများ ဌာနပိုင်မြေအမည်ပေါက်ရေး ဆောင်ရွက်မည်။
- ယူနစ်အလိုက် မီးသတ်စခန်းများ၊ ဝန်ထမ်းနေအိမ်နှင့် အခြား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည်။
- နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် မီးသတ်ယာဉ်/စက်များအား နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာ ရန်ပုံငွေမှလည်းကောင်း၊ ပြည်တွင်း/ပြည်ပ အလှူရှင်များထံမှလည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး နည်းလမ်းဖြင့်လည်းကောင်း၊ ဒေသအာဏာပိုင်အဖွဲ့များ၏ စည်းရုံးဆောင်ရွက်မှုဖြင့်လည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ တီထွင်ထုတ်လုပ်ခြင်း စသည့် နည်းလမ်း (၅) သွယ်ဖြင့် ဖြည့်တင်းမည်။
- စခန်းယူနစ်အလိုက် သတ်မှတ်မီးသတ်ယာဉ် အရေအတွက် ပြည့်မီရေး ဖြည့်တင်းမည်။
- သက်တမ်းလွန် မီးသတ်ယာဉ်များအစားထိုး လဲလှယ်ခြင်း လုပ်ငန်း ဆောင်ရွက်မည်။
- တိုင်းဒေသကြီး/ပြည်နယ်၊ မြို့တော်များတွင် ရေဂါလန် (၅၀၀၀)ဆံ့ မီးသတ်ယာဉ်များ ဖြည့်တင်းရေး ဆောင်ရွက်မည်။
- မီးသတ်ယာဉ်မရှိသော မြို့နယ်ခွဲများအား သုံးဘီး ဆိုင်ကယ် မီးသတ်ယာဉ် ဖြည့်တင်းရေး ဆောင်ရွက်မည်။
- မီးသတ်ယာဉ်၊ သုံးဘီးဆိုင်ကယ် မီးသတ်ယာဉ်များ ထားရှိရန် မသင့်လျော်သော ဒေသများအတွက် ထော်လာဂျီ မီးသတ်ယာဉ် ဖြည့်တင်းရေး ဆောင်ရွက်မည်။
- အပေါ့စားမီးသတ်စက်များ ဖြည့်တင်းရေး ဆောင်ရွက်မည်။
- မီးသတ်ရေယာဉ်များ ဖြည့်တင်းရေး ဆောင်ရွက်မည်။

- အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံကြေး ထောက်ပံ့နိုင်ရေး ဆောင်ရွက်မည်။
- မြို့နယ်အဆင့်စခန်းများတွင်တယ်လီဖုန်းများတပ်ဆင်သုံးစွဲမည်။
- မြို့နယ်အဆင့်စခန်းများတွင် လျှပ်စစ်မီး/ရေရရှိရေး ဆောင်ရွက်မည်။
- ပရိဘောဂနှင့် ရုံးသုံးပစ္စည်းကိရိယာများ ဖြည့်တင်းမည်။
- မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ဖြည့်တင်းမည်။
- အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် အသက်ကယ်ပစ္စည်းများ ဖြည့်တင်းမည်။
- မီးသတ်ယာဉ်များ ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်မည်။
- လစဉ် စက်သုံးဆီများ ဖြည့်တင်းမည်။
- ကျန်းမာရေးအသိပညာပေး ခေါင်းစဉ်နှင့် ဘာသာရပ်များကို လစဉ် ဆန္ဒထုတ်ဖော် ဆွေးနွေးပွဲ၌ ထည့်သွင်းမည်။
- တပ်ဖွဲ့ဝင်များနှင့် မှီခိုသူမိသားစုများ ဆေးရုံတက် ကုသမှုခံယူရာ တွင် ထောက်ပံ့မည်။
- မိသားစုများအား လူမှုရေး၊ ဘာသာရေး ကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်စေမည်။
- အဆောင်နေတပ်ဖွဲ့ဝင် (လူပျို/အပျို)များ စားရိပ်သာဖြင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးမည်။
- တပ်ဖွဲ့ဝင်များ၏ သား/သမီးများအား နှစ်စဉ်ပညာသင်စရိတ်များ ထောက်ပံ့ပေးမည်။
- တပ်ဖွဲ့ဝင်များအား သာရေး/နာရေးကိစ္စများတွင် သတ်မှတ်နှုန်းထားဖြင့် ထောက်ပံ့မည်။
- တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် တပ်ဖွဲ့ဝင်နှင့် မိသားစုများအား စာသင်ဝိုင်း/ စာကျက်ဝိုင်းများ ပြုလုပ် ဆောင်ရွက်ပေးမည်။
- အရန် မီးသတ်တပ်ဖွဲ့ဝင် အင်အားတစ်နှစ်လျှင် (၁၁၅၅၀) တိုးချဲ့ဖွဲ့စည်းမည်။

- ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းမည်။
- စာသင်ကျောင်း အခြေပြု မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာ ပေးမည်။
- ဈေးများ မီးလောင်မှု လျော့နည်းရေးအတွက် အသိပညာပေးခြင်း၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းလေ့ကျင့်ခြင်း၊ မီးကင်းများ ချထားခြင်း၊ နေ့စဉ်သတိပေး နှိုးဆော်ခြင်းများဆောင်ရွက်မည်။
- ရပ်ရွာအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးမည်။
- မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အသိပညာပေး မည်။
- အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပညာပေးမည်။
- ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား လေ့ကျင့်ပညာပေးမည်။
- တပ်ဖွဲ့ဝင်များအား ကျွမ်းကျင်မှုနှင့်အရည်အသွေး မြင့်မားလာ စေရန် ဌာနအတွင်း/ပြင်ပသင်တန်းများ တက်ရောက်စေခြင်း၊ လေ့လာရေးခရီး စေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်း ဆောင်ရွက်မည်။
- နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင်များ၏ နည်းပညာများ၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာများ၊ မီးဘေး လုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များ လေ့လာ၍ သုတေသနပြုခြင်း၊ စာတမ်းများပြုစုခြင်း၊ ဘာသာပြန်ဆိုခြင်း၊ သင်ရိုးညွှန်းတမ်းပြုစုခြင်း များ မြှင့်တင် ဆောင်ရွက်မည်။
- ပြည်သူလူထု၏ အသက်အိုးအိမ် ပစ္စည်းများကို မီးဘေးလုံခြုံရေး ဆောင်ရွက်မည်။
- ပြည်သူလူထုအတွင်း မီးဘေးကာကွယ်ရေး အသိပညာများ ပိုမို စိမ့်ဝင် ပြန့်နှံ့စေရေး ဆောင်ရွက်သွားမည်။
- နိုင်ငံတော် အရန်အင်အားအဖြစ် လေ့ကျင့် ဖွဲ့စည်းတည်ဆောက် မည်။

**(ဋ)နယ်စပ်ရေးရာ**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက)နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊

(ခခ) နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂဂ) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး၊

(ဃဃ)ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစေရေး၊

(ငင) ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက)နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာရေး တို့ကို ထိန်းသိမ်းရန်။

(ခခ) နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုး တိုးတက်စေရန်။

(ဂဂ) တိုင်းရင်းသားလူငယ်များ၏ ဘဝနောင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကြောင်း ပညာရပ်များသင်ကြား ပေးရန်။

(ဃဃ)တိုင်းရင်းသား လူငယ်များ မိမိဒေသ၏ ဖွံ့ဖြိုးရေး တာဝန်များကို အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်စေရန်။

(ငင) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်။

(စစ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန် နှင့် ပြည်ထောင်စု စိတ်ဓာတ် တည်ဆောက်ရန်။

(ဆဆ)နယ်စပ်ဒေသများတွင် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားစေရန်။

(ဇဇ) မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်။

(ဈဈ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းစဉ်ကို ဝိုင်းဝန်း ဆောင်ရွက်ပေးရန်။

(ညည)နယ်စပ်ဒေသနှင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်။

(ဋဋ) မြို့ပြနှင့်ကျေးလက် လူမှုစီးပွား ဘဝ ကွာဟမှုကျဉ်းမြောင်းစေရန်။

(ဌဌ) မြန်မာ့ကျေးလက်ယဉ်ကျေးမှုကို ထိန်းသိမ်းရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက)နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထူးဖွံ့ဖြိုးရေးဒေသများ သတ်မှတ်မည်။

(ခခ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နှစ်တို နှစ်ရှည် စီမံကိန်းများ ရေးဆွဲမည်။

(ဂဂ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှအတည်ပြု ချမှတ်ပေး ထားသော နှစ်တိုနှစ်ရှည်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဃဃ)နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက လတ်တလော ဆောင်ရွက်ရန် ချမှတ်ပေးသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်မည်။

(ငင) နယ်စပ်ဒေသများ၏ လူမှုစီးပွားဘဝ အခြေခံ အဆောက်အအုံများ ဖြစ်သော လမ်း/တံတား လုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေး လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ လျှပ်စစ်ဓါတ်အားလုပ်ငန်း ပြည်သူ့ဆက်ဆံရေး လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများကို နှစ်အလိုက် စီမံကိန်းများဖြင့် တည်ထောင်ပေး မည်။

(စစ) နယ်စပ်ဒေသအသီးသီးတွင် နေထိုင်သော တိုင်းရင်းသားလူငယ်များကို အခြေခံပညာ အလယ်တန်းမှ အထက်တန်း အထိအခမဲ့ပညာ သင်ကြားပေးမည်။

(ဆဆ)အခြေခံပညာ အထက်တန်းအောင်မြင်သည့် တိုင်းရင်းသား လူငယ်များကိုပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ သင်ကြားပေးမည်။

(ဇဇ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အတူတကွ နေထိုင်ပညာရှာမှီးရင်း တိုင်းရင်းသား အချင်းချင်း ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ရင်းနှီးချစ်ကြည်စေပြီး ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲလာစေရန် ပြုစုပျိုးထောင်ပေးမည်။

(ဈဈ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အသိစိတ်ဓာတ်များ ကိန်းအောင်းစေရန် ပျိုးထောင်ပေးမည်။

(ညည)အဆင့်မြင့်ပညာရပ်များ တတ်မြောက်ပြီးချိန်တွင် ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ခန့်အပ်၍ မိမိဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်စေမည်။

(ဋဋ) နယ်စပ်ဒေသရှိ တိုင်းရင်းသူများကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာရပ်များ သင်ကြားပေးခြင်းနှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များဖြင့်ကိုယ်ပိုင် စီးပွားရေး ထူထောင်နိုင်သည်အထိ ပံ့ပိုး ဆောင်ရွက်ပေးမည်။

(ဌဌ) နယ်စပ်ဒေသများတွင် အသေးစား ကုန်ထုတ်လုပ်ငန်းများနှင့် အသေးစား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်မည်။

(ဍဍ) ဒေသတွင်း ကျွမ်းကျင်လုပ်သားများ ဖြစ်ထွန်းလာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ဆောင်ရွက်မည်။

(ဗဗ) နယ်စပ်ဒေသများတွင် စီးပွားဖြစ် ကုန်ထုတ်လုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ၊ လူမှုစီးပွားရေးအခြေအနေများ တိုးတက်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်။

(ဏဏ)နယ်စပ်ဒေသများတွင် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

(တတ)ဘိန်းစိုက်ပျိုးခြင်းအစား စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ပေးမည်။

(ထထ)နယ်ခြားနယ်နိမိတ် ကျောက်တိုင်များ၊ အထိမ်းအမှတ်များကို ထိန်းသိမ်း စောင့်ရှောက်မည်။

(ဒဒ) မြို့ပြနှင့်ကျေးလက် လူမှုစီးပွားဘဝ ကွာဟမှု ကျဉ်းမြောင်းစေရေးအတွက် မဟာဗျူဟာ အစီအမံများ ချမှတ် ဆောင်ရွက်ပေးမည်။

(ဓဓ) ကျေးရွာချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပေးမည်။

(နန) ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးမည်။

(ပပ) ကျေးလက် မီးလင်းရေးဆောင်ရွက်ပေးမည်။

(ဖဖ) ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးမည်။

(ဗဗ) ကျေးလက်စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးမည်။

(ဘဘ) ကျေးလက်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ပေးမည်။

(မမ) ကျေးလက်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းမည်။

(ယယ)ကျေးလက်ပြည်သူများအတွက် အသေးစားချေးငွေ လုပ်ငန်းများ ဆောင်ရွက်ပေးမည်။

(၄) **နိုင်ငံခြားရေး**

(၁) မူဝါဒ များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒနှင့် အညီ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်း ဆက်ဆံရေးကိုရှေ့ရှုပြီး ဒေသတွင်းနှင့် အခြားနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန်နှင့် နိုင်ငံ တကာ နှင့် ဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်ပြီး နိုင်ငံတော်အကျိုး စီးပွား ဖြစ်ထွန်းစေရေး၊

(ခခ) ပြည်ပနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်း အာဆီယံနိုင်ငံ များ နှင့်သော်လည်းကောင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက် နိုင်ငံတော် ၏အကျိုးစီးပွားကို ထိရောက်စွာ အထောက်အကူပြု နိုင်ရန် သံတမန် နည်းလမ်းဖြင့် ညှိနှိုင်း ဆောင်ရွက်ရေး၊

(ဂဂ) ၂၀၁၅ခုနှစ်တွင် ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင် ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရေး၊

(ဃဃ)နိုင်ငံတော်၏ ဘဏ္ဍာငွေကို စနစ်တကျ အကျိုးရှိစွာ ခြိုးခြံချွေတာ သုံးစွဲရေး၊

(ငင) အိမ်နီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်ရေး နယ်နိမိတ် သတ်မှတ်ခြင်းများအား ဆောင်ရွက်ရန်နှင့် မိမိနိုင်ငံတော် ၏အကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ကာကွယ် စောင့်ရှောက်ရေး၊

(စစ) မြန်မာကို ကမ္ဘာက သိရှိနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက် များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)နိုင်ငံတကာ မျက်နှာစာတွင် ပြည်ပနိုင်ငံများနှင့် သံတမန် ဆက်ဆံရေး ကဏ္ဍ တိုးမြှင့်စေရေးအတွက် ပြည်ပနိုင်ငံများတွင် သံရုံးသစ်များ တိုးချဲ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်။

(ခခ) ပြည်ပနိုင်ငံများနှင့် သော်လည်းကောင်း၊ ဒေသတွင်း အာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ်စသော အဖွဲ့ဝင်နိုင်ငံများနှင့် သော်လည်း ကောင်း၊ ပိုမိုချစ်ကြည် ရင်းနှီးစွာ ဆက်ဆံပြီး နိုင်ငံတော်၏

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအသီးသီး ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်သွားရန်။

(ဂဂ) ပြည်ပနိုင်ငံများတွင် သံရုံးများ အသစ် ဆောက်လုပ်ခြင်းနှင့် ရှိပြီးသော နိုင်ငံပိုင် အဆောက်အဦများကို ရေရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ရန်။

(ဃဃ)ပြည်ပနိုင်ငံများရှိ နိုင်ငံသားများအကျိုးကို ကာကွယ် စောင့်ရှောက် ပေးရန်။

(ငင) နိုင်ငံပိုင် နယ်နိမိတ် မှတ်တိုင်များ မွမ်းမံခြင်း၊ အသစ်တိုးချဲ့ စိုက်ထူ ခြင်းလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ရန် နှင့် မြန်မာ့ရေပိုင်နက်မိုင် တိုးမြှင့် သတ်မှတ်နိုင်ရေးအတွက် တတ်ကျွမ်းသည့် ပညာရှင်များနှင့်ညှိနှိုင်းပြီး ပြေလည်စွာ ပူးပေါင်း လုပ်ဆောင်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက)ပြည်ပနိုင်ငံများတွင် ဖွင့်လှစ်ထားသော မြန်မာသံရုံး(၃၃)ရုံး၊ အဖွဲ့ရုံး (၃)ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး(၄)ရုံး၊ စုစုပေါင်း(၄၀)ရုံး ဖွင့်လှစ်ထား ရှိပြီး ဖြစ်ရာလာမည့် ပဥ္စမကာလတို ငါးနှစ်တွင် သံရုံး (၃)ရုံး တိုးချဲ့ ဖွင့်လှစ်မည်။

(ခခ) ပိုမိုကောင်းမွန်သော နိုင်ငံတကာဆက်ဆံရေးကို အထောက်အကူ ဖြစ်ရန်အတွက် မဖြစ်မနေ လိုအပ်လျက်ရှိသော နိုင်ငံခြားရေး ဝန်ကြီးဌာန ရုံးအဆောက်အဦသစ်အား နိုင်ငံခြားရေးဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် အညီ ပုံစံရေးဆွဲ တည်ဆောက်သွားမည်။

(ဂဂ) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ဆက်လက်အသုံးပြုရန် အန္တရာယ်ရှိနေသော တိုကျိုမြို့၊ မြန်မာသံရုံး အဆောက်အဦအား အသစ် ပြန်လည် တည်ဆောက်သွားမည်။

(ဃဃ)နယူးဒေလီမြို့ စစ်သံရုံးနှင့် ဝန်ထမ်းများ နေအိမ်ဆောက်လုပ်မည်။

(ငင) ကွာလာလမ်ပူမြို့၊ မြန်မာသံရုံး အဆောက်အဦဝယ်ယူမည်။

(စစ) ပါရီမြို့၊ မြန်မာသံရုံး အဆောက်အဦဝယ်ယူမည်။

(ဆဆ)ဆိုးလ်မြို့၊ မြန်မာသံရုံး အဆောက်အဦ လျှပ်စစ်မီးကြိုးလိုင်းများ လဲလှယ်ရန်နှင့် ရေပိုက်လိုင်းများ မွမ်းမံမည်။

(ဇဇ) လန်ဒန်မြို့၊ မြန်မာသံရုံးသံရုံး ဝန်ထမ်းနေအိမ်များ အကြီးစား မွမ်းမံမည်။

(ဈဈ) နယူးယောက်မြို့၊ အဖွဲ့ရုံး အဆောက်အဦအကြီးစားမွမ်းမံမည်။

(ညည)ဝါရှင်တန်မြို့၊ မြန်မာသံရုံး အဆောက်အဦ အကြီးစားမွမ်းမံမည်။

(ဋဋ) ဗီယင်ကျန်းမြို့၊ မြန်မာသံရုံး အဆောက်အဦ အကြီးစားမွမ်းမံမည်။

(ဌဌ) ဂျကာတာမြို့၊ မြန်မာသံရုံး အဆောက်အဦ အကြီးစားမွမ်းမံမည်။

(ဍဍ) ကင်ဘာရာမြို့၊ မြန်မာသံရုံး အဆောက်အဦ အကြီးစားမွမ်းမံမည်။

(ဎဎ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော အာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ်စသော အဖွဲ့အစည်းဝင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ရရှိရေး တိုးမြှင့် ဆောင်ရွက်မည်။

(ဏဏ)ပြည်ပနိုင်ငံများတွင် နိုင်ငံပိုင် အဆောက်အဦများ ဆောက်လုပ်ခြင်းဖြင့် ရေရှည်တွင် ကမ္ဘာနှင့်အဝှမ်း ကြီးမြင့်လာသော လူနေမှု စရိတ်အရ တိုးမြှင့်လာသော ရုံးခန်း၊ နေအိမ်ခန်း ငှားရမ်းခများကို သက်သာစေအောင် နိုင်ငံတော်၏ ဘဏ္ဍာကို ခြိုးခြံချွေတာသည့် အနေဖြင့် ကျစ်လစ်စွာ သုံးစွဲမည်။

(တတ)ပြည်ပနိုင်ငံများတွင် ရှိပြီးသော နိုင်ငံပိုင် အဆောက်အဦများကိုလည်း ရေရှည် တည်တံ့ခိုင်မြဲအောင် နှစ်စဉ်မွမ်းမံထိန်းသိမ်းမည်။

(ထထ)သံရုံးများတိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာပေးခြင်းတို့ဖြင့် မြန်မာကို နိုင်ငံတကာမှ သိရှိအောင် ဆောင်ရွက်မည်။

(ဒဒ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး နိုင်ငံတော်၏ ပိုင်နက် နယ်နိမိတ်အား မထိပါးစေရေးအတွက် နှစ်စဉ် နယ်နိမိတ် မှတ်တိုင်များ မွမ်းမံခြင်း၊ အသစ်စိုက်ထူခြင်းတို့ကို အလေးထား ဆောင်ရွက်မည်။

(ဓဓ) ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော နိုင်ငံသားများအား လိုအပ်သည့် အကူအညီ ထိရောက်စွာပေးမည်။

**(၃) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**

(၁) မူဝါဒ များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက)အရည်အသွေး ရှိသော စာရင်းအင်း ကိန်းဂဏန်းများ ဖြစ်ပေါ်စေရေး နှင့် စာရင်းအင်းစနစ် ပြုပြင်ရေး၊

(ခခ) အမျိုးသားစာရင်းစနစ် ၂၀၀၈ သို့ ကူးပြောင်းရာတွင် လိုအပ်သော စီးပွားရေး စစ်တမ်းများ ကောက်ယူနိုင်ရေးအတွက် ဖွဲ့စည်းပုံ အင်အား တိုးမြှင့်၍ စာရင်းဇယား၊ ကိန်းဂဏန်း မှန်ကန်ရေး လေ့ကျင့် ပြင်ဆင် ဆောင်ရွက်ရေး၊

(ဂဂ) အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တင်သွင်းနိုင်ရေး အတွက် ဆောင်ရွက်ရေး၊

(ဃဃ)နိုင်ငံတော်တွင် လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်ရန် အခြေခံ အဆောက် အအုံ ဖွံ့ဖြိုးမှုတွင် ပြည်ပ ငွေကြေးအကူအညီ၊ အထောက်အပံ့နှင့် ကျွမ်းကျင်မှု အကူအညီများ စုစည်းရရှိရေးအတွက် ပြည်ပအဖွဲ့ အစည်းများ၊ နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေး၊

(ငင) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျှော့နည်းရေး လုပ်ငန်းစဉ်နှင့် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် လုပ်ငန်းစီမံချက်များကို စိစစ်ဆောင်ရွက်ရေး၊

(စစ) အာဆီယံစီးပွားရေး ပေါင်းစည်းရေးအတွက် အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ရေး၊

(ဆဆ)နိုင်ငံတော် အစိုးရအဖွဲ့မှ ကိုးကားရန် လိုအပ်သော နိုင်ငံတော်မှ ခေတ် အဆက်ဆက် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု

ဆိုင်ရာ မှတ်တမ်းမှတ်ရာများအား အထောက်အကူပြုပေးခြင်းတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးမှ အားထားသည့် မော်ကွန်းတိုက်အဖြစ် ရပ်တည် ဆောင်ရွက်ရေး၊

(ဇဇ) နိုင်ငံတော်အနေဖြင့် ဆောင်ရွက်သောလုပ်ငန်း စီမံကိန်းများအား ဖြစ်နိုင်ချေရှိ /မရှိ၊ စီးပွားရေးရှုထောင့်မှ အကျိုးအမြတ်ရနိုင်မှု ရှိ/မရှိ စိစစ်ပေးရေး၊

(ဈဈ) အကောင်အထည်ဖော်ပြီးသော စီမံကိန်းများအား စိစစ် သုံးသပ်၍ အစိုးရ အဖွဲ့သို့ အစီရင်ခံ တင်ပြပေးရေး၊

(၂) ရည်မှန်းချက် များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက)အမျိုးသား ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

(ခခ) နိုင်ငံတော်နှင့် ဌာနဆိုင်ရာ၊ ပုဂ္ဂလိကအဖွဲ့အစည်း အသီးသီး၏ စီးပွားရေး၊ လူမှုရေး သတင်းအချက်အလက်များ၊ စာရင်းအင်းများကို မှန်မှန်ကန်ကန်စုစည်း၍ မှတ်တမ်း တင်ထိန်းသိမ်းပြီး နိုင်ငံတော်သို့ စိစစ် သုံးသပ် တင်ပြရန်။

(ဂဂ) ဂျီအမ်အက်စ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်း စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

(ဃဃ)၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေး သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပြင်ဆင် ဆောင်ရွက်ရန်။

(ငင) နှစ်နိုင်ငံအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ပေးရန်။

(စစ) နိုင်ငံတော်၏ လုပ်ငန်းစီမံကိန်းများအား စိစစ် သုံးသပ်ရန်။

(ဆဆ)နိုင်ငံတော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လွယ်ကူ ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအား အထောက်အကူပြုရန်။

(ဇဇ) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်စေရန်အတွက် ကုမ္ပဏီလုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများနှင့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ ထူထောင်မှုကို အားပေး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရန်။

(ဈဈ) ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလအတွင်း ပထမအကြိမ် မြန်မာဖွံ့ဖြိုးရေးပူးပေါင်း ဆောင်ရွက်မှု ဖိုရမ် ကျင်းပရန်။

(ညည)၂၀၁၃ ခုနှစ်၊ ဇွန်လအတွင်းကမ္ဘာ့ စီးပွားရေးဖိုရမ်ကျင်းပရန်။

(ဋဋ) လူမှုစီးပွားအညွှန်းကိန်းများကဏ္ဍပေါင်းစုံတွင်ထုတ်ပြန်နိုင်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကက)အမျိုးသားစီမံကိန်းရေးဆွဲရာ၌ လက်ရှိအသုံးပြုနေသော ၁၉၆၈ ခုနှစ်၊ အမျိုးသားစာရင်းအင်းစနစ် မှ ၂၀၀၈ ခုနှစ် အမျိုးသားစာရင်းအင်းစနစ်သို့ ပြောင်းလဲရေးအတွက် သင်တန်းများပေးခြင်း၊ ကောက်ယူရရှိသည့် ကိန်းဂဏန်းများကို ကွန်ပျူတာ ပရိုဂရမ်များဖြင့် စမ်းသပ် စာရင်းရေးသွင်းခြင်းများ ဆောင်ရွက်မည်။

(ခခ) ကဏ္ဍ စီမံကိန်းတာဝန်ယူသည့် ဝန်ကြီးဌာနများနှင့် ဒေသန္တရ စီမံကိန်း တာဝန်ယူသည့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ နိုင်ငံပိုင်၊ ပုဂ္ဂလိကနှင့် အသင်းအဖွဲ့များအတွက် ကောက်ယူထားသည့် စာရင်းများကို ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ရေးဆွဲမည်။

(ဂဂ) တိုးချဲ့ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံနှင့်အညီ လိုအပ်သည့် အိမ်ရာ၊ ရုံးခန်းများ ဆောက်လုပ်ရန်နှင့် ရုံးအသုံးအဆောင် ပစ္စည်းများ၊ မော်တော်ယာဉ်စသည့် ရုံးအသုံးအဆောင်များ ပံ့ပိုးမည်။

(ဃဃ)ဌာနဆိုင်ရာများနှင့် ဒေသန္တရဆိုင်ရာများမှ စာရင်းများ ရယူ စုစည်း ထုတ်ပြန်မည်။

(ငင) စာရင်းအင်းများ မှန်ကန်စေရေးအတွက် လိုအပ်မည့် စစ်တမ်းများ ကောက်ယူမည်။ လူမှုစီးပွားအညွှန်းကိန်းများ ကဏ္ဍပေါင်းစုံထုတ်ပြန်နိုင်ရေးအတွက် ဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည်။

(စစ) နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုကို စိစစ် ဆောင်ရွက်မည်။

(ဆဆ)စာရင်းအင်း ဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်မည်။

(ဇဇ) မော်ကွန်းဥပဒေအသစ် ရေးဆွဲရေး ဆောင်ရွက်မည်။

(ဈဈ) နိုင်ငံတော်၏ မှတ်တမ်းများ ထိန်းသိမ်းဆောင်ရွက်မည်။

**(ဃ)လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား**

(၁) မူဝါဒများ မှာအောက်ပါအတိုင်းဖြစ်ပါသည်။

(ကက)နိုင်ငံတော်တည်တံ့ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် "ကမ္ဘာတည် သရွေ့ မြန်မာနိုင်ငံတည်ရှိရမည်၊ ကမ္ဘာတည်သရွေ့ မြန်မာလူမျိုး တည်ရှိရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဤဝန်ကြီးဌာန၏ အဓိကလုပ်ငန်း တာဝန်(၃)ရပ် ဖြစ်သော လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်း၊ ပြည်သူ့အင်အား စာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်း စသည့်လုပ်ငန်းရပ်များအား မူဝါဒအဖြစ်သတ်မှတ်ဆောင်ရွက် သွားမည်ဖြစ်ပြီး ဝန်ထမ်းများမှ မျိုးချစ်စိတ်ဓါတ်ကိုအခြေခံ၍ ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ ခေတ်မီစနစ်ကျသည့် အဆင့်မြင့် နည်းပညာ အသုံးပြု၍ စွမ်းရည်ထက်မြက်သောလူ့စွမ်းအားအရင်းအမြစ်များအား အသုံးချဆောင်ရွက်သွားရေး၊

(ခခ) နိုင်ငံတော်စီမံကိန်းများအတွက် အထောက်အကူပြုစေမည့် ခိုင်မာတိကျသော လူဦးရေဆိုင်ရာ စာရင်းဇယားများအား ကောက်ယူထိန်းသိမ်း၍ ထိရောက် မှန်ကန်စွာ အသုံးပြုနိုင်စေရေး၊

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(ကက)ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်လာစေရေးအတွက် ရာထူးအဆင့်အလိုက် စွမ်းရည်မြှင့်တင်ရေး မွမ်းမံသင်တန်းများအား ဝန်ကြီးဌာန၏ အစီအမံများဖြင့် ဖွင့်လှစ်သွားရန်။

(ခခ) ဝန်ကြီးဌာန၏လုပ်ငန်းများကို အသွင်သဏ္ဍာန်နှင့် အနှစ်သာရ ပြောင်းလဲတိုးတက်ရေးနှင့် ပြည်သူအားအသွင်သစ်ဖြင့် ဆက်ဆံရေး စနစ်များအား လေ့ကျင့် ဆောင်ရွက်သွားရန်။

(ဂဂ) နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့ စံနှုန်းအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နယ်စပ်ဒေသဝင်ပေါက် (၂၆) ပေါက်တို့တွင် ခရီးသွား အထောက်အထားများအား စက်ဖြင့်ဖတ်ရှု စစ်ဆေးနိုင်သည့်စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရေးအတွက် လိုအပ်သည့် ကွန်ပျူတာနှင့် စက်ပစ္စည်းများကို တပ်ဆင်ဆောင်ရွက်သွားရန်။

(ဃဃ)ပြည်ဝင်/ပြည်ထွက် စနစ်များလွယ်ကူချောမွေ့စေရေးအတွက် ခေတ်မီနည်းပညာသုံး စက်ကိရိယာများ တပ်ဆင်ခြင်းနှင့် စွမ်းရည်ပြည့်ကျွမ်းကျင် ဝန်ထမ်းများ မွေးထုတ်ခြင်းအား အဆင့်ဆင့် စီမံချက်များ ချမှတ်၍ လေ့ကျင့် ဆောင်ရွက်သွားရန်။

(ငင) ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အရင်းအနှီးများ စီးဝင်လာနိုင်ရေးအတွက် လိုအပ်သောစနစ်များကို တစ်စထက်တစ်စ တိုးချဲ့ဆောင်ရွက်သွားရန်။

(စစ) ၂၀၁၃ ခုနှစ်၊ မတ်လ(၃၀)ရက်နေ့မှ ဧပြီလ(၁၀)ရက်နေ့အထိ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရန်။

(ဆဆ)၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့ရှိ လူဦးရေစာရင်း တွက်ချက်ရန်။

(ဇဇ) ၂၀၁၄ ခုနှစ်၊ မတ်လ(၃၀)ရက်နေ့မှ ဧပြီလ(၁၀)ရက်နေ့အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရန်။

(ဈဈ) လူဦးရေဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန်အတွက် လူဦးရေသတင်း အချက်အလက် ဗဟိုဌာန တစ်ခု ထူထောင်ရန်။

(ညည)လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေပြဋ္ဌာန်းရန်။

(ဋဋ) လူဦးရေဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဌဌ) လူဦးရေစာကြည့်တိုက်ကို စာကြည့်တိုက်အချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှ ဆက်သွယ်တိုးမြှင့် ဆောင်ရွက်သွားရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကက) လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း (ပြည်ဝင်စနစ်)

- ကနဦးအဆင့်အဖြစ် လုပ်ငန်းဗီဇာ ဖြင့် ဝင်ရောက်လာသူများအား ဆိုက် ရောက်ဗီဇာစနစ်နှင့် လွယ်ကူအောင် ဆောင်ရွက်သွားပါမည်။
- ပြည်ပခရီးသည်များ (အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်များ) အတွက် လွယ်ကူလျင်မြန်စွာ ဝင်ရောက်နိုင်စေရန် ပြည်ဝင်ခွင့် အွန်လိုင်းစနစ်ဖြင့် အစားထိုး ဆောင်ရွက်သွားပါမည်။
- နယ်စပ်အိမ်နီးချင်း (၅)နိုင်ငံအနက် နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုရန် ကျန်ရှိနေသော အိန္ဒိယနိုင်ငံနှင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေး ဆက်လက် ဆောင်ရွက်သွားပါမည်။
- ဂျီအမ်အက်စ်၊ အာဆီယံ၊ ဘင်းစတက်၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနည်းဗျူဟာ အဖွဲ့စသည့် ဒေသတွင်း အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများအား ပူးပေါင်း ဆောင်ရွက်သွားပါမည်။

- အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ခရီးသွားအထောက်အထားများအား စက်ဖြင့် ဖတ်ရှုစစ်ဆေးနိုင်သည့် စနစ်အားတိုးချဲ့တပ်ဆင် ဆောင်ရွက်သွားပါမည်။
- အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ဝင်ရောက်/ထွက်ခွါသော ခရီးသည်များ၏ အချက်အလက်များအား အချက်အလက်များ သိမ်းဆည်းသည့် ပရိုဂရမ်များဖြင့် သိမ်းဆည်းဆောင်ရွက်နိုင်ရေးနှင့် စက်ဖြင့်ဖတ်ရှု စစ်ဆေးနိုင်သော ခရီးသွား အထောက်အထားများ စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန် လိုအပ်မည့် ကွန်ပျူတာနှင့် စက်ပစ္စည်းများ ပြည့်ပြည့်ဝဝ တပ်ဆင်ဆောင်ရွက်သွားပါမည်။
- အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ် ဂင်ပေါက်/ထွက်ပေါက်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးရုံး၊ ဦးစီးရုံးချုပ်တို့နှင့် ဆက်သွယ်နိုင်သည့် ခေတ်မီစက်ကိရိယာများ တပ်ဆင်၍ အချိန်နှင့်တစ်ပြေးညီ သတင်းပို့စနစ် တည်ဆောက်ပြီး၊ နယ်စပ်ဒေသ ဂင်ထွက် သွားလာမှုများ ထိန်းချုပ်ရေး ကွန်ယက်စနစ် တည်ဆောက်ရေးအတွက် ဆောင်ရွက် သွားပါမည်။
- မြန်မာနိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်ခဲ့ပြီး နေခွင့် သက်တမ်းတိုးမြှင့်လိုသည့် နိုင်ငံခြားသားများအား နေခွင့် သက်တမ်းတိုးမြှင့်ပေးရာတွင် စက်ဖြင့်ဖတ်ရှုနိုင်သည့် ဗီဇာစနစ်အား တပ်ဆင် ဆောင်ရွက်သွားပါမည်။

(ခခ) နိုင်ငံခြားသားများ ထိန်းသိမ်းရေး

- နိုင်ငံတော်၏မူဝါဒနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံခြားသားများနှင့် ကမ္ဘာလှည့်ခရီးသည်များ စနစ်တကျ ရှိစေရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်နွယ်နေသော ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက်၊

လမ်းကြောင်းအလိုက် သတင်း အချက်အလက် နည်းပညာစနစ်ဖြင့် ဆက်သွယ် ဆောင်ရွက် သွားပါမည်။

- နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်း ပိုမိုအောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် နိုင်ငံခြားသားထိန်းသိမ်းရေး အဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်သွားပါမည်။
- မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် အကောင် အထည်ဖော်နိုင်ရေးအတွက် အမြဲနေထိုင်ခွင့် စနစ်ဆိုင်ရာ နည်းဥပဒေ (မူကြမ်း)ကို ရေးဆွဲလျက်ရှိရာ ၂၀၁၃ ခုနှစ်အတွင်း အမြဲနေထိုင်ခွင့် စနစ်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက် သွားပါမည်။
- အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်ချိန်တိုင်းတွင် မိမိဌာနမှ ဝန်ထမ်း များအား ပူးတွဲတာဝန်ချထား ပေးသွားမည်ဖြစ်ပြီး၊ အထူး စီးပွားရေးဇုန်များတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံခြား သားများ၏ ပြည်ဝင်ခွင့်၊ နေခွင့် တိုးမြှင့်ရေး၊ နိုင်ငံခြားသား မှတ်ပုံတင် ကိစ္စရပ်များအား တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်နေရာတည်းဖြင့် ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်သွား ပါမည်။

**(ဂဂ) အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်း**

- တိုင်းဒေသကြီး/ ပြည်နယ်အနှံ့ မွေးရာပါ နိုင်ငံသားများ (တိုင်းရင်းသားများ)အား မိုးပွင့်စီမံချက်များဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက် သွားပါမည်။
- မိုးပွင့်စီမံချက်များတွင် မွေးဖွားသူများ အိမ်ထောင်စုစာရင်းအမည် တိုးခြင်း၊ သေဆုံးသူများ အမည်စာရင်းပယ်ဖျက်ခြင်း၊ ပြောင်းဝင် လာသူများစိစစ်စာရင်းတိုးခြင်း၊ ပြောင်းထွက်သွားသူများ စာရင်း ပယ်ဖျက်ခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပျောက်ဆုံး/ပျက်စီး မိတ္တူထုတ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ခွဲထွက်ခြင်း၊ အသက်(၁၀)နှစ် ပြည့်/အသက် (၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေး

ကတ်ပြား ထုတ်ပေးခြင်း၊ အသက်(၁၀)နှစ်ပြည့်မှ အသက်(၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီးမိတ္တူ ထုတ်ပေးခြင်း၊ လူမျိုး၊ ဘာသာစသည်ဖြင့် ပြင်ဆင်ပြောင်းလဲခြင်းလုပ်ငန်းများကို ဆောင်ရွက် သွားပါမည်။

- ပွင့်လင်းထင်သာ မြင်သာရှိမှုနှင့် လာဘ်ပေးလာဘ်ယူ ပပျောက်စေရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ စီမံချက် ချမှတ်ဆောင်ရွက်သွားပါမည်။
- ပြည်သူလူထုများအနေဖြင့်လည်း၊ မိမိဌာန လုပ်ငန်းအပေါ် ပွင့်လင်းထင်သာ မြင်သာရှိစေရန်နှင့် အမြင်ကြည်လင်စွာဖြင့် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်အပါအဝင် မီဒီယာ နည်းလမ်းမျိုးစုံတို့မှတစ်ဆင့် သန့်ရှင်းသော အစိုးရအဖြစ် သက်သေပြနိုင်ရန် အသိပညာပေးရေးလုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်သွားပါမည်။
- တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နော်ဝေဒုက္ခသည်ဆိုင်ရာ ကောင်စီနှင့် ယူအန်အိတ်ချ်စီအာရ် အစရှိသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူအများ ကုန်ကျစရိတ် သက်သာစွာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ရရှိစေရေး ပေါင်းစပ်ဆောင်ရွက်သွားပါမည်။
- ရုံးရှိမှတ်တမ်းမှတ်ရာများဖြင့် တိုင်ဆိုင်စစ်ဆေးရန် လိုအပ်ပြီး၊ ကွင်းဆင်းဆောင်ရွက်ခြင်း မပြုနိုင်သော သွေးနှောပြည်သူများ၏ နိုင်ငံသားဖြစ်မှု အခြေအနေများအား စနစ်တကျ အချိန်ယူ၍ ဆောင်ရွက်နေမှုကို စနစ်တစ်ရပ် ချမှတ်ကြီးကြပ်၍ ပွင့်လင်းမြင်သာထင်းရှားစွာ အသိပေးခြင်းတို့ဖြင့် လူထုအခြေပြုစနစ်ကို ဆောင်ရွက်ပေးပါမည်။

- ထာဝစဉ် ထိန်းသိမ်းထားရန်လိုအပ်သော မှတ်တမ်းမှတ်ရာများအား သဘာဝဘေးအန္တရာယ်နှင့်၊ အမှောင့်ပယောဂကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် နည်းပညာအသုံးပြုစနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲ ဆောင်ရွက်သွားပါမည်။

**(ဃဃ) ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်း**

- ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် မြေပုံရေးဆွဲခြင်းလုပ်ငန်း၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စာရင်းဇယား ပြုစုခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်း ကိရိယာများ ဝယ်ယူတပ်ဆင်ခြင်း၊ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ မေးခွန်းပုံစံပါ အချက်အလက်များကို အသုံးပြုသူများနှင့် ညှိနှိုင်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ မေးခွန်းပုံစံများအတည်ပြုခြင်း၊ လက်စွဲစာစောင်များပြုစုခြင်းများကို ဆောင်ရွက်သွားပါမည်။
- ၂၀၁၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန်အတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၊ ဗဟိုသန်းခေါင်စာရင်း ကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ဆောင်ရွက်သွားပါမည်။
- ၂၀၁၃ ခုနှစ်၊ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူနှင့် တစ်အိမ်တက်ဆင်း ကောက်ယူသည့် နည်းလမ်းကိုအသုံးပြု၍ တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခုရှိ မြို့နယ်(၂၀)တွင် မြို့၊ ရပ်ကွက် (၅)ခုနှင့် ကျေးရွာ (၁၅) ခုတွင် ကောက်ယူသွားပါမည်။

- စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် မြို့နယ်ရွေးချယ်ခြင်း၊ ရွေးချယ်ထားသောမြို့နယ်များ၏ မြို့နယ်အညွှန်းနှင့် မြို့မမြေပုံများကို ပထဝီသွင်ပြင်လက္ခဏာ အနေအထားနှင့်ဆိုင်သောသတင်းအချက်အလက် နည်းပညာသုံး၍ ထုတ်လုပ်ပြီးသက်ဆိုင်ရာမြို့နယ်များသို့ ပေးပို့၍ ရပ်ကွက်၊ ကျေးရွာအုပ်စုနယ်နိမိတ်ပါဝင်သော မြေပုံများရေးဆွဲခြင်း ကောက်ကွက်ခွဲနည်းနှင့် ကောက်ကွက်မြေပုံရေးဆွဲရန် သင်တန်းပေးခြင်း၊ စာရင်းကောက်ကွက်ခွဲခြင်း၊ စာရင်းစစ်စာရင်းကောက်များ ရွေးချယ်ခန့်ထား၍ သင်တန်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားပါမည်။
- စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရွေးချယ်ထားသော ရပ်ကွက်နှင့်ကျေးရွာအုပ်စု (၁)ခုစီတွင် ကောက်ကွက် (၅)ခုစီခွဲ၍ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၀)ရက်နေ့မှ ဧပြီလ (၁၀)ရက်နေ့အထိ (၁၂)ရက်ကြာ ကောက်ယူသွားပါမည်။
- ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၁) ရက်နေ့လူဦးရေကို ခန့်မှန်းတွက်ချက်ရန်အတွက် ၂၀၁၂ ခုနှစ်တွင် ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ခဲ့သော လူဦးရေ စာရင်းနှင့်တိုးနှုန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ (၆)လတစ်ကြိမ်ပေးပို့လာသော အခြေခံဒေသစာရင်းနှင့် ဇယား(၈)မျိုး အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်နှင့် လူဦးရေ အညွှန်းကိန်းများဆိုင်ရာ ဗျူရိုမှထုတ်ပြန်သော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေနှင့် တိုးနှုန်းတို့ကို အခြေခံ၍ ခန့်မှန်း တွက်ချက်သွားပါမည်။
- ၂၀၁၄ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မှုနှင့် တစ်အိမ်တက်ဆင်း ကောက်ယူသည့် နည်းလမ်းကို အသုံးပြု၍ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၄ ခုနှစ်၊

မတ်လ(၃၁) ရက်နေ့မှ ဧပြီလ(၁၀)ရက်နေ့အထိ ကောက်ယူသွားပါမည်။ စာရင်းကောက်ကွက် (၁၀၀,၀၀၀)ခန့် အတွက် စာရင်းစစ်လုပ်ငန်း ဆောင်ရွက်မည့် အထက်တန်းနှင့် အလယ်တန်းပြ ဆရာ/ဆရာမ (၂၀,၀၀၀) ဦး၊ စာရင်းကောက် လုပ်ငန်းဆောင်ရွက်မည့် မူလတန်းပြဆရာ/ဆရာမ (၁၀၀,၀၀၀) ဦး ဖြင့် ဆောင်ရွက် သွားပါမည်။

- လူဦးရေဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် လူဦးရေ သတင်းအချက် အလက်ဗဟိုဌာနတစ်ခု ထူထောင်ရန် ပထမအဆင့်အနေဖြင့် လူဦးရေ သတင်းအချက်အလက်များဆိုင်ရာ ဝက်(ဘ်)ဆိုက်(ဒ်) တစ်ခု ထူထောင်သွားပါမည်။
- ၂၀၁၂ -၂၀၁၃ ခုနှစ်တွင် အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုး တိုးတက်ရေး ကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်သူ့အင်အားဦးစီးဌာနတွင် လူဦးရေ သတင်းအချက်အလက် နှင့် ဖွံ့ဖြိုးရေးဌာနခွဲကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် များတွင် ပြည်သူ့အင်အား လုပ်ငန်းအဖွဲ့ (၁၄)ဖွဲ့ တိုးချဲ့ဖွဲ့စည်း သွားပါမည်။
- ဦးစီးဌာနစာကြည့်တိုက်အား စာကြည့်တိုက်အချင်းချင်း လုပ်ငန်း ကိစ္စရပ်များကို အွန်လိုင်းမှ ဆက်သွယ်ဆောင်ရွက် သွားပါမည်။

**(ငင) ဝန်ထမ်းစွမ်းအင် မြှင့်တင်ရေးလုပ်ငန်း**

- လူပုဂ္ဂိုလ်တစ်ဦးချင်း အသွင်သဏ္ဍာန် ပြောင်းလဲရေးအတွက် သတ်မှတ်တူညီဝတ်စုံနှင့် အဆင့်တံဆိပ်များအား သတ်မှတ် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဝတ်ဆင်စေပြီး၊ ဝတ်စား ဆင်ယင်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ ကြည်လင်ရွှင်ပျမှု၊ လန်းဆန်း တက်ကြွမှု၊ နှစ်လိုဖွယ် အသွင်သစ် ဆက်ဆံမှုများ ရှိအောင် ကြပ်မတ် ဆောင်ရွက်သွားပါမည်။

- ရုံးပိုင်းဆိုင်ရာ အမြင်တင့်တယ်စေရေးအတွက် အသွင်သဏ္ဍာန်ပြောင်းလဲရေးကို ရုံးဥပဓိရုပ်ကောင်းမွန်ရေး၊ ရုံးမျက်နှာစာ သာယာလှပရေးနှင့် ရွှေ့လျားပန်းခြံများ ဆောင်ရွက်ရေး၊ သန့်ရှင်းသော သောက်ရေအိုးစင်ထားရှိရေး၊ သပ်ရပ်လှပသော ထိုင်ခုံများ စီစဉ်ထားရှိရေး၊ မြို့နယ်များအားလုံး တူညီသော ဆိုင်းဘုတ်ထားရှိရေး၊ ရုံးဆိုင်ကယ်/ယာဉ်များအား အမှတ်တံဆိပ်သင်္ကေတဖြင့် သပ်ရပ်ခန့်ထည်မှုရှိရေးနှင့် ထုံး သို့မဟုတ် ရေဆေး လှပစွာသုတ်ထားရေး ကြပ်မတ်ဆောင်ရွက် သွားပါမည်။
- ရုံးတွင်းရှိ စာရွက်စာတမ်းနှင့် မှတ်တမ်းအထောက်အထားများအား သန့်ရှင်းသပ်ရပ်စွာဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိရေး အတွက် ထိရောက်သော အစီအမံများဖြင့် ဆောင်ရွက်သွားပါမည်။
- ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းအတွက် မေးခွန်းပုံစံများ ထားရှိရန်နှင့် ထပ်မံခန့်ထားမည့် ဝန်ထမ်းများအတွက် ပြည်သူ့အင်အားဦးစီးဌာနတွင် (၂)ထပ် အဆောက်အဦတစ်လုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် မြို့နယ်ရုံး (၂)ရုံး၊ မြို့နယ်ခွဲရုံး(၂)ရုံးနှင့် ကင်းစခန်း (၁၀)ခု ဆောက်လုပ်သွားပါမည်။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်(၂)မြို့နယ်ကို ဟားခါးခရိုင်အဖြစ် ဝန်ထမ်း အင်အား (၁၇)ဦးဖြင့် တိုးချဲ့ဖွဲ့စည်းသွားပါမည်။
- ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်၊ ဆမီးကျေးရွာအား ဆမီး မြို့နယ်ခွဲအဖြစ် ဝန်ထမ်းအင်အား(၁၀)ဦးဖြင့် တိုးချဲ့ဖွဲ့စည်း သွားပါမည်။
- စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ လေရှီးမြို့နယ်၊ ဆွမ္မရာကျေးရွာအား ဆွမ္မရာမြို့နယ်ခွဲအဖြစ် ဝန်ထမ်းအင်အား(၁၀)ဦးဖြင့် တိုးချဲ့ဖွဲ့စည်း သွားပါမည်။

- ဝန်ကြီးဌာန၏လုပ်ငန်းများ အနှစ်သာရ ပြောင်းလဲတိုးတက်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဒေသဝင်/ထွက် စခန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား အင်္ဂလိပ်စာ၊ ကွန်ပျူတာ ပိုမိုကျွမ်းကျင်ရေးအတွက် အသုတ်လိုက်ခွဲ၍ လေ့ကျင့်သင်ကြားပြီး ပြည်သူများနှင့် နိုင်ငံခြားသားများအား အသွင်သစ်ဖြင့် ဆက်ဆံနိုင်ရေး ဆောင်ရွက်သွားပါမည်။
- ဝန်ထမ်းများလုပ်ငန်းခွင် ကျွမ်းကျင်မှု ရှိစေရေးအတွက် ကွန်ပျူတာသင်တန်းနှင့် အခြားသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ ဌာနဆိုင်ရာ ဘာသာရပ် သင်တန်းများ၊ အရာရှိများ မွမ်းမံသင်တန်းများ၊ ဖွင့်လှစ် ပို့ချခြင်းတို့ ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေရေးနှင့် ကွန်ပျူတာဆိုင်ရာ ကျွမ်းကျင်မှု ရှိစေရေးအတွက် လုပ်ငန်းအတွေ့အကြုံများမှ တတ်မြောက်စေခြင်းအပြင် လစဉ်ကွန်ပျူတာ၊ အင်္ဂလိပ်စာ ဆန်းစစ် စာမေးပွဲများ ပြုလုပ်ခြင်းနှင့် နှစ်စဉ် နှစ်တစ်နှစ်အတွက် အကောင်းဆုံး စံပြဝန်ထမ်းဆု(ဥပဒေ)၊ နှစ်တစ်နှစ်အတွက် အကောင်းဆုံးစံပြ ဝန်ထမ်းဆု(ကွန်ပျူတာ)နှင့် နှစ်တစ်နှစ်အတွက် အကောင်းဆုံး စံပြဝန်ထမ်းဆု (အင်္ဂလိပ်စာ)များ ရွေးချယ်၍ ရာထူးအဆင့်တိုးပေးခြင်း အပါအဝင် ချီးမြှင့်ခြင်းများကို နှစ်စဉ် ကျင့်သုံး သွားပါမည်။
- ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ခေါ်ယူသော ဝန်ထမ်းအခြေခံ၊ စွမ်းရည်မြှင့် သင်တန်းများအား စဉ်ဆက်မပြတ် စေလွှတ်တက်ရောက်စေပါမည်။
- အခြားဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အသီးသီးမှ ဖွင့်လှစ်သော သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာသင်တန်းများ၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ မိမိတို့ဝန်ကြီးဌာနမှ ဘာသာရပ်ပို့ချမှု ကျွမ်းကျင်သောဝန်ထမ်းများကို စေလွှတ်ခြင်းနှင့် ဝန်ထမ်း

များအား သင်တန်းသားအဖြစ် တက်ရောက်စေခြင်းတို့ကို ဆောင်ရွက်နေသည့်အပြင် ဝန်ထမ်းများ စိတ်ဓါတ်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ စွမ်းရည်များ မြင့်မားစေရေးအတွက် ရာထူးအဆင့်အလိုက် စွမ်းရည်မြှင့်တင်ရေး မွမ်းမံသင်တန်းများအား ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချ၍ အရည်အသွေးမြင့်မားတိုးတက်စေရန် ဆောင်ရွက်သွားပါမည်။

၁၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

**(က) ဟိုတယ်နှင့်ခရီးသွားလာရေး**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ဟိုတယ်လုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနိုင်သည့် စီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေး၊

(ခခ) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေမည့် ခရီးသွားလုပ်ငန်းအဖြစ် စနစ်တကျ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ဂဂ) ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် ကူညီမှုများပေးရေး၊

(ဃဃ) ခရီးသည် ဝင်/ထွက်မှု စနစ်တကျ လွယ်ကူအဆင်ပြေစေရေး၊

(ငင) ခရီးသည်များ သွားလာရာတွင် လွယ်ကူ အဆင်ပြေစေရေးအတွက် ခရီးသွားဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များ စနစ်တကျ ဖြစ်စေရေး၊

(စစ) ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ပို့ဆောင်ရေး၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်း အရောင်းလုပ်ငန်းစသည်တို့ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လည်ပတ်ရာတွင် အခက်အခဲမရှိ သွားလာနိုင်စေရန် အင်္ဂလိပ်-မြန်မာ (၂) ဘာသာ လမ်းညွှန်ဆိုင်းဘုတ်

များစိုက်ထူရေး၊ ရပ်နားစခန်းများတွင် အစားအသောက်နှင့် သန့်စင်ခန်းများ ကောင်းမွန်အောင် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေး၊

(ဆဆ) ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေး၊

(ဇဇ) နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ဒေသတွင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများနှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(ဈဈ) ကမ္ဘာလှည့် ခရီးသွားများ လုံခြုံရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် လုံခြုံရေးကောင်းမွန်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ တစ်ဦးချင်းလွတ်လပ်စွာ လှည့်လည်သွားလာသူနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ အစီအစဉ်ဖြင့်လှည့်လည် သွားလာသည့်အဖွဲ့များ လွတ်လပ်စွာသွားလာနိုင်ရန် တင်ပြဆောင်ရွက်ရေး၊

(ညည) ခရီးသွားလုပ်ငန်းဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရည်မှန်းချက်များဖြစ်သော ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျား/မ တန်းတူအခွင့်အရေးရရှိရေး၊ အမျိုးသမီးများအား ထောက်ပံ့ကူညီရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးများကို ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အပံ့ပြုစေရေး၊

(ဋဋ) အာဆီယံစီးပွားရေး အသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ အပြန်အလှန် ကူးလူးဆက်နွယ်မှုများ တိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက်အကူပြုစေရေး၊

(ဌဌ) အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ခရီးသွား လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် စာချုပ်များချုပ်ဆို၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းကာလ ကုန်ဆုံးလျှင်မြန်မာ နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း (၁.၅၄) သန်းရောက်ရှိရန် မျှော်မှန်း ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ဝန်ကြီးဌာနအောက်ရှိ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီး ဌာနနှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတို့၏လုပ်ငန်း ဆောင်ရွက်မှု များကို ကြီးကြပ် ကွပ်ကဲမည်။

(ခခ) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဂဂ) ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ပြည်ပ နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ဆက်သွယ် ဆောင်ရွက်မည်။

(ဃဃ)ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ကဏ္ဍဆိုင်ရာများ တိုးတက် မြင့်မားလာစေရေးနှင့် အတတ်ပညာရပ်များ စနစ်တကျ တိုးတက် ပြန့်ပွားစေရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲ များ၊ ပြပွဲများ၊ ကွန်ဖရင့်များ ကျင်းပမည်။

(ငင) ဟိုတယ်လုပ်ငန်း(သို့မဟုတ်) တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသူ တို့က ပိုင်ဆိုင်မှု အငြင်းမပွားရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့ အစည်းများ၏ ထောက်ခံချက်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့် ကြိုတင် လျှောက်ထားရမည်ဖြစ်ပါသည်။ ထိုသို့ လျှောက်ထားလာလျှင်

အမြန်ဆုံး စိစစ်ခွင့်ပြုခြင်း၊ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ (သို့မဟုတ်) အခြားကန့်သတ် ဇရိယာများနှင့် မလွတ်ကင်းပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားရယူခြင်း၊ လိုအပ်ပါက အထက်အဖွဲ့အစည်းများသို့ တင်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်သတ်တားမြစ်ခြင်း၊

(စစ) ဟိုတယ်လုပ်ငန်း (သို့မဟုတ်) တည်းခိုရိပ်သာလုပ်ငန်း တစ်ခုချင်း၏ အမျိုးအစား အဆင့်အတန်းနှင့် လုပ်ငန်းလိုအပ်ချက်များ သတ်မှတ်မည်။

(ဆဆ)ခရီးသွားလာရေးလုပ်ငန်း၏ အမျိုးအစားနှင့် လုပ်ငန်းလိုအပ်ချက်များ သတ်မှတ်မည်။

(ဇဇ) နိုင်ငံခြားသားခရီးသည်များက မြန်မာနိုင်ငံ၏အကြောင်းကို ပိုမိုစိတ်ဝင်စားပြီး လာရောက်လေ့လာလိုစိတ် ပွားများလာစေရန် လိုအပ်သည့် မြှင့်တင်မှု အစီအစဉ်များ၊ အစီအမံများ ချမှတ်ပေးမည်။

(ဈဈ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဒေသ သတ်မှတ်မည်။

(ညည)နိုင်ငံခြားသား ခရီးသည်များအား ပြည်ဝင်ခွင့် ဗီဇာရရှိရေးနှင့် သက်တမ်း တိုးမြှင့်ပေးရေးအတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်။

(ဋဋ) လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ခ၊ လိုင်စင်ဒဏ်ကြေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အခွန်အခများ သတ်မှတ်မည်။

(ဌဌ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်ချက် တိုးတက်မှု အခြေအနေကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြမည်။

(ဍဍ) ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်မည်။

(ဎဎ) နိုင်ငံတော် ဘဏ္ဍာငွေအရ၊ အရအသုံးဆိုင်ရာ လုပ်ငန်းများ၊ ဝန်ကြီးဌာနရံပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများ (နိုင်ငံခြား/ ပြည်တွင်း) ဝယ်ယူခြင်း ကိစ္စရပ်များအား ဈေးနှုန်း စိစစ်ခြင်းလုပ်ငန်းများ၊

ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံခြင်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်။

(ဏဏ)အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေး အန္တရာယ်များ ကျရောက်ပါက မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ် ဆောင်ရွက်မည်။

(တတ)ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးနှင့် နိုင်ငံခြားရေးရာ မူဝါဒကော်မတီ အစည်းအဝေးများမှ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မည်။

**(ခ) သမဝါယမ**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ (၅) နှစ် စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းတတိယနှစ် ၂၀၁၃-၂၀၁၄ လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေး၊

(ခခ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အဓိကအထောက်အကူ ပြုနိုင်သည့် ကဏ္ဍတစ်ရပ် ဖြစ်လာစေရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)စီမံကိန်းကာလ နှစ်အတွင်း သမဝါယမအသင်းများ၏ စီမံကိန်းအကောင်အထည်ဖော်မှုကို ၄.၁ ရာခိုင်နှုန်း ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်။

(ခခ) စီမံကိန်းကာလနှစ်အတွင်း သမဝါယမအသင်းများ၏ ထုတ်လုပ်မှုကဏ္ဍကို ၃.၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကို ၂.၃ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍကို ၆.၁ ရာခိုင်နှုန်း ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ကျေးရွာတိုင်းတွင် အနည်းဆုံးအခြေခံ သမဝါယမအသင်း (၁)သင်း ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးပြီး လိုအပ်သောလုပ်ငန်း အရင်းအနှီးချေးငွေများကို စဉ်ဆက်မပြတ် ထုတ်ချေးပေးခြင်းဖြင့် နောင် (၄) (၅) နှစ်အတွင်း မိမိဘာသာ ရပ်တည်လာနိုင်အောင် ဆောင်ရွက်ပါမည်။

(ခခ) လုပ်ငန်းစဉ်(ကက)တွင် ထုတ်ချေးပေးရမည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်အတွက် အများပိုင် ငွေကြေးအဖွဲ့အစည်းတစ်ခု/အသေးစား ငွေချေးဘဏ်တစ်ခု ပေါ်ပေါက်လာအောင် ဆောင်ရွက်ပြီး ချေးငွေများ ထောက်ပံ့ပေးပါမည်။

(ဂဂ) ဖွဲ့စည်းပြီးသည့် အဆင့်ဆင့်သော သမဝါယမအသင်းများ ပြန်လည် ရှင်သန်အောင်နှင့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု စသည့်လုပ်ငန်းများကို ငွေကြေး၊ နည်းပညာ၊ ဈေးကွက်ကျယ်ပြန့်စွာ ဖြင့် ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးမည်။

(ဃဃ)သမဝါယမတက္ကသိုလ်/ကောလိပ်များမှ အမျိုးသားရေးစိတ်ဓါတ်နှင့် လူမှုရေးစိတ်ဓါတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာကို ကျွမ်းကျင် တတ်မြောက်သည့် ပညာတတ်များ မွေးထုတ်ပေးမည်။

(ငင) သမဝါ ယမ သင်တန်းကျောင်းများမှ အမျိုးသားရေးစိတ်ဓါတ်နှင့် လူမှုရေးစိတ်ဓါတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်သူများ မွေးထုတ်ပေးမည်။

၁၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

**(က) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

(၁) ကုန်သွယ်ရေးမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ရေး၊

(ခခ) ပို့ကုန်တိုးချဲ့မြှင့်တင်ရေး၊

(ဂဂ) ဒေသတွင်း နိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှု တိုးချဲ့ရေး၊

(ဃဃ) ကုန်သွယ်မှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊

(ငင) ပြည်တွင်းစားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော အရေးကြီးကုန်စည်များ ဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး၊

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ကုန်သွယ်မှုကဏ္ဍ၏ ပြည်ပကုန်သွယ်မှုပမာဏကို ကာလတို (၅)နှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာသန်းပေါင်း ၂၅၅၅၉.၈၄ ရရှိရေး ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက)ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ခိုင်မာသည့် ကုန်သွယ်ရေးမူဝါဒ များ စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အောက်ပါ မူဝါဒများရေးဆွဲချမှတ် ဆောင်ရွက်မည်။

- မြန်မာနိုင်ငံ၏ အဓိကပို့ကုန် များဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများနှင့် အလားအလာ ကောင်းသော ပို့ကုန်များ ပိုမိုထုတ်လုပ် တင်ပို့နိုင်ရေးအတွက် ပို့ကုန်မြှင့်တင်ရေး မူဝါဒများ ချမှတ်ဆောင်ရွက်ရန်။
- နိုင်ငံတကာဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် မူဝါဒများချမှတ် ဆောင်ရွက်ရန်။
- ကုန်သွယ်မှုလုပ်ငန်းများတွင် တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေးမူဝါဒ ချမှတ် ဆောင်ရွက်ရန်။
- တရားမဝင် ကုန်သွယ်မှု လုပ်ငန်းများအား တရားဝင် ကုန်သွယ်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရေး ဌာနဆိုင်ရာများ အသင်း အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေး မူဝါဒချမှတ် ဆောင်ရွက်ရန်။
- စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရေး မူဝါ ဒ ချမှတ် ဆောင်ရွက်ရန်။

(ခခ) ကုန်သွယ်မှုတိုးချဲ့ မြှင့်တင်နိုင်ရေးအတွက် လိုအပ်မည့် အောက်ဖော်ပြပါ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ လိုအပ်သလိုပြန်လည် ပြင်ဆင်ရေးဆွဲခြင်းများ ဆောင်ရွက်မည်။

- ပို့ကုန်သွင်းကုန်ဥပဒေနှင့်နည်းဥပဒေများ။
- စားသုံးသူအကာအကွယ်ပေးရေးဥပဒေ။
- ယှဉ်ပြိုင်မှုဥပဒေ။
- အခြားလိုအပ်သောဥပဒေများ။

(ဂဂ) ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမကနယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးလုပ်ဆောင်နိုင်မည့် နယ်စပ်ဒေသများတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများကို တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်မည်။

(ဃဃ)နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို တိုင်းရင်းသား လုပ်ငန်းရှင်များကျယ်ပြန့်စွာနှင့် လွယ်ကူစွာပါဝင်လုပ်ကိုင်နိုင်ခွင့်ရရှိရေး၊ တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေးအတွက် နယ်စပ်ဒေသများတွင် ပုဂ္ဂိုလ်တစ်ဦးချင်းအား တစ်ဦးတည်းပိုင် လုပ်ငန်းများအဖြစ်မှတ်ပုံတင်စေ၍ နယ်စပ်ကုန်သွယ်မှုတွင် ပါဝင်လုပ်ကိုင်ခွင့် ရရှိအောင်ဆောင်ရွက် ပေးမည်။

(ငင) ပို့ကုန်၊သွင်းကုန်များကို လိုင်စင်ဖြင့်ခွင့်ပြုသည့်စနစ်အား ဖြေလျော့နိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်မည်။

(စစ) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရန်အတွက် ပို့ကုန်သွင်းကုန်ဘဏ်ဖွင့်လှစ်ထူထောင်နိုင်ရေးအပါအဝင် ပို့ကုန်များအတွက်ငွေကြေးထောက်ပံ့မှု အစီအစဉ်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်မည်။

(ဆဆ)ကုန်သွယ်ဖက်နိုင်ငံကြီးများတွင် ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးများဖွင့်လှစ်၍ ကုန်သွယ်မှု မြှင့်တင်နိုင်ရေး ဆောင်ရွက်မည်။

(ဇဇ) ကုန်ပစ္စည်း တင်ပို့ရောင်းချခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေ တိုးတက်ရရှိရေးအား ပေးဆောင်ရွက်မည်။

(ဈဈ) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေးနှင့် ပို့ကုန် အရည်အသွေးမြှင့်တင် နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍတွင် စိုက်ပျိုးရေးအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ခေတ်မီဆန်စက်များ၊ ပဲခွဲစက်များ၊ ဆီစက်များတည်ထောင်နိုင်ရေး၊ နည်းပညာနှင့် အရင်းအနှီးများ ရရှိရေးအတွက် ကူညီချိတ်ဆက်ပညာပေး ဆောင်ရွက်မည်။

(ညည)ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံမှုတို့အပေါ်မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိပေးနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ စျေးကွက် သတင်းအချက်အလက်များ၊ တိကျမှန်ကန်စွာရရှိနိုင်ရေး ခေတ်မီသတင်းအချက်အလက်နည်းပညာများ သုံးစွဲ၍ သတင်းကွန်ယက်စနစ် တစ်ရပ်ချိတ်ဆက်တည်ဆောက်မည်။

(ဋဋ) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ရန် ကုန်စည်ဒိုင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာအဆင့်မီ ကုန်စည်ဒိုင်များ ပေါ်ပေါက်လာရေး ဆောင်ရွက်မည်။

(ဌဌ) ပြည်တွင်း၌ကုန်စည်ပြပွဲများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက်အဓိကမြို့များတွင် ကုန်စည်ပြပွဲနှင့် ကွန်ဗင်းရှင်းစင်တာများ ထူထောင်နိုင်ရေး ဆောင်ရွက်မည်။

(ဍဍ) လွတ်လပ်မျှတစွာ ယှဉ်ပြိုင်နိုင်မည့် ကုန်သွယ်မှုပတ်ဝန်းကျင်ကောင်းဖန်တီးတည်ဆောက်ပေးရန် ယှဉ်ပြိုင်မှု ဥပဒေရေးဆွဲနိုင်ရေး၊ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများအား တရားဝင် ကုန်သွယ်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရေး ဌာနဆိုင်ရာများ အသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မည်။

(ဎဎ) နိုင်ငံတကာစျေးကွက်တွင် မြန်မာ့ထွက်ကုန်များ စျေးကွက်ဝေစုပိုမိုရရှိရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုးမြှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့

အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အပါ အဝင် နိုင်ငံတကာ ကုန်သွယ်မှုအဖွဲ့အစည်းများနှင့် တက်ကြွစွာ တိုးမြှင့် ပူးပေါင်း ဆောင်ရွက်မည်။

(ဏဏ)မြန်မာနိုင်ငံသည် ဗီယက်နမ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ (၄) နိုင်ငံ တို့နှင့် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ အခြားနိုင်ငံများနှင့်လည်းနှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးအစီအစဉ်များ တိုးချဲ့ ဆောင်ရွက်မည်။

(တတ)စားသုံးသူများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီသော ကုန်စည်များ ကို ဈေးနှုန်းမှန်ကန်စွာဖြင့် စားသုံးနိုင်စေရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဈေးနှုန်းအရ နစ်နာဆုံးရှုံးမှု မရှိစေရေး အတွက် အကာအကွယ်ပေးရန်အတွက် စားသုံးသူ အကာအကွယ် ပေးရေးဥပဒေ ပေါ်ပေါက်လာရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် စားသုံးသူ ကာကွယ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်း ဆောင်ရွက်ရေးနှင့် ပညာပေး လုပ်ငန်းများ ဆောင်ရွက်မည်။

(ထထ)ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကုန်သွယ်မှုကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အတွက် ကျေးလက်ဒေသ၊ စက်မှုလက်မှု လုပ်ငန်းငယ်များမှ ထုတ်ကုန် နှင့် ထွက်ကုန်များ ဖွံ့ဖြိုးလာရေး ကူညီဆောင်ရွက်မည်။ ရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရေးကို ဈေးကွက်ရရှိရေး နိုင်ငံတကာ နှင့် ချိတ်ဆက် ဆောင်ရွက်ပေးမည်။

(ဒဒ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာပေးအစီအစဉ်များ၊ ဈေးကွက်ချိတ်ဆက်ပေးမှု အစီအစဉ်များ၊ နည်းပညာနှင့် ငွေအရင်းအနှီးရရှိရေး အစီအစဉ်များ လေ့လာ ဆောင်ရွက်မည်။

(ဓဓ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကုန်သည်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ အများပိုင်ကုမ္ပဏီများ၊ အထူးပြုကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်းနိုင်ရေး ကူညီဆောင်ရွက်မည်။

(နန) ပို့ကုန်တိုးမြှင့်ရေးအတွက် စိုက်ပျိုးရေးဇုန်များ၊သီးနှံဇုန်များ၊ ကုန်စည်ဒိုင်များ၊ အထူးပြုကုမ္ပဏီများပါဝင်သည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တည်ဆောက်၍ ရောင်းသူဝယ်သူ ချိတ်ဆက်နိုင်ရေးဆောင်ရွက်မည်။

(ပပ) အစိုးရ၊ ပုဂ္ဂလိကမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင် ဆောင်ရွက်မည်။

(ဖဖ) ကုန်သွယ်မှုကဏ္ဍအတွက် လူသားစွမ်းရည် မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ကုန်သွယ်မှုဆိုင်ရာ အသိပညာရပ်များ တိုးပွားစေရေး၊ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ ဖြစ်ပေါ်လာစေရေး အတွက် ကုန်သွယ်ရေး၊ ကူးသန်းရောင်း ဝယ်ရေးဆိုင်ရာ ဘာသာရပ်များကို သီးခြားသင်ကြားပို့ချပေးမည့် ကုန်သွယ်ရေးသင်တန်းကျောင်းကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဖြင့် ပူးပေါင်းတည်ထောင် ဆောင်ရွက်မည်။

(ဗဗ) ပြည်တွင်း လယ်ယာထွက်ကုန် သီးနှံများအတွက် အကျိုးအမြတ်အများဆုံး ရရှိနိုင်သည့် အနိမ့်ဆုံးသီးနှံဈေးနှုန်း ထိန်းညှိပေးနိုင်ရေးနှင့် ရေရှည်ခိုင်မာသည့် ဈေးကွက် ဖော်ထုတ်ရေး ဆောင်ရွက်မည်။